လယ်ယာ စီးပွား သတင်း
The Agri-Business News

**မျှော်မှန်းချက် (Vision)**

အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

နှစ်ပတ်တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည် ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့ (27-2-2019) အမှတ် (၇၄၉)
www.moai.gov.mm

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မြို့သာစက်မှုဇုန်မြို့တော်စီမံကိန်း ကြည့်ရှုစစ်ဆေး




မန္တလေး ဖေဖော်ဝါရီ ၉

**မြန်မာ** နိုင်ငံ ဆန်စပါးအသင်းချုပ်က ဦးဆောင်ကျင်းပသည့် မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အထွေထွေညီလာခံနှင့် နှစ်ပတ်လည် အထွေထွေအစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဒေါက်တာသန်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းကုန်သည်စက်မှုအသင်း ကိုယ်စားလှယ်များ၊ International Finance Corporation IFC ကိုယ်စားလှယ်များ၊ NGO နှင့် INGO များ၊ တောင်သူလယ်သမားများ၊ ဆန်စက်ပိုင်များ၊ ဆန် ကုန်သည်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ဆန်စပါးသမိုင်း Video Clip ကို ဖွင့်လှစ်ပြသသည်။

**ဈေးနှိမ်ခံရမှုများမှကင်းဝေးခဲ့**

အခမ်းအနားတွင် ဒုတိယသမ္မတက ယမန်နှစ်က နေပြည်တော်တွင် ကျင်းပခဲ့သည့်ဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ခဲ့ပြီး ဆန်စပါးသီးနှံအခြေခံဈေးနှုန်း Floor Price ကို တောင်သူများ၏ အကျိုးစီးပွားအလို့ငှာ ထုတ်ပြန်ကြေညာပေးနိုင်ခဲ့ပါကြောင်း၊ ထိုသို့ကြေညာပေးနိုင်ခဲ့သည့်အတွက် တောင်သူလယ်သမားများသည် ဈေးနှိမ်ခံရမှုများမှ ကင်းဝေးခဲ့ပါကြောင်း၊ အခြေခံဈေးနှုန်းကိစ္စတွင် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့်အသင်းဝင်များကို ကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်အောင်မြင်မှုကို အခြေတည်၍ ပိုမိုကောင်းမွန်သည့် စနစ်တစ်ခု တည်ဆောက်သွားနိုင်ရန် “ဆန်စပါးဈေးကွက်နှင့်ဈေးနှုန်းလေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့”ဦးဆောင်အဖွဲ့ကို တာဝန်ခံဖွဲ့စည်းပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရန် ရှိပါကြောင်း၊ အခြေခံဈေးနှုန်းဆိုသည်မှာ တောင်သူများ သီးနှံပေါ်ချိန်တွင် ထိုက်သင့်သည့်ဈေးနှုန်းရရှိရန်နှင့် ဈေးနှိမ်မခံရစေရန် ကြိုတင်ကြေညာထုတ်ပြန်ထားသည့်ဈေးနှုန်းဖြစ်၍ တောင်သူများအတွက် စိုက်ပျိုးထုတ်လုပ်မှုကို ယုံကြည်မှုရှိရှိဖြင့် အာရုံစိုက်လုပ်နိုင်စေမည်ဖြစ်ပါကြောင်း၊ နှစ်စဉ်စနစ်တကျတွက်ချက်၍ စိုက်ပျိုးရာသီချိန် မတိုင်မီ ထုတ်ပြန်ကြေညာပေးနိုင်မည်ဆိုလျှင် အခြေခံကျသည့် တောင်သူလယ်သမားများအတွက် ကြီးမားသည့် အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါကြောင်း။

**ယုံကြည်မှုရှိရှိ ပူးပေါင်းလုပ်ဆောင်**

တောင်သူလယ်သမားများ၏ အဓိကကျသည့် အခြေခံလိုအပ်ချက်များနှင့် လုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရအနေဖြင့် ပံ့ပိုးထောက်ပံ့ကူညီဆောင်ရွက်ပေးနေသကဲ့သို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကဲ့သို့သော ပုဂ္ဂလိကအသင်းအဖွဲ့များ၊ NGO၊ INGO များကလည်း နိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ အကျိုးပြုလုပ်ဆောင်ပေးနေကြသည်ကို တွေ့မြင်ရပါကြောင်း၊ တောင်သူလယ်သမားများအတွက် အကျိုးရှိနိုင်စေမည့် အကျိုးတူကန်ထရိုက်လယ်ယာစနစ် Contract Farming ကို တောင်သူများ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များ စနစ်တကျ ယုံကြည်မှုရှိရှိ ပူးပေါင်းလုပ်ဆောင်ကြရန် အရေးကြီးပါကြောင်း။

**ထည့်သွင်းရေးဆွဲထားပြီး ဖြစ်**

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၏ တတိယမဏ္ဍိုင်ဖြစ်သည့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၏ ထပ်ဆင့်ရလဒ်သည် တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းပါဝင်သော PPP ဖြစ်ထွန်းရေးအားပေးကူညီရန် ပါဝင်ပြီးဖြစ်ပါကြောင်း၊ ကန်ထရိုက်လယ်ယာအကောင်အထည်ဖော်ရေး၊ ကန်ထရိုက်လယ်ယာနှင့်ပတ်သက်သောပုံစံများ၊ သင်ခန်းစာများ၊

စာ - ၂ သို့

# လယ်ယာမြေကို ခွင့်ပြုချက်မရရှိမီ အခြားနည်းသုံးစွဲခြင်းကိစ္စရပ်များ လျော့နည်းပပျောက်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိ၊ စည်းကမ်းဖောက်ဖျက်ပါက ဥပဒေနှင့်အညီ အရေးယူမည်

နေပြည်တော် ဖေဖော်ဝါရီ ၈

**လယ်** ယာမြေများကို ဥပဒေနှင့်အညီ အခြားနည်းသုံးစွဲခွင့်တင်ပြလျှောက်ထားခြင်းမရှိဘဲ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို ချိုးဖောက်ပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကြပ်မတ်ဆောင်ရွက်ခြင်းဖြင့် လယ်ယာမြေကို ခွင့်ပြုချက်မရရှိမီ အခြားနည်းသုံးစွဲခြင်းကိစ္စရပ်များ လျော့နည်းပပျောက်စေရေးဆောင်ရွက်ရန် လိုအပ်ကြောင်း ယနေ့နံနက် ၉ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ၁၈ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ထည့်သွင်းပြောကြားသည်။ (ပုံ)



စာ - ၂ သို့

## ရှေ့ဖုံး – ဒုတိယသမ္မတ မှ

လမ်းညွှန်ချက်များ ဖော်ထုတ်ရေးနှင့် စံသတ်မှတ်ထားသောလုပ်ငန်း လည်ပတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အကောင်အထည်ဖော်ရန် ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍဆိုင်ရာ အသင်းအဖွဲ့များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တွေ့ဆုံ၍ Contract Farming ကို သုံးသပ်ဆွေးနွေးခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရေးအတွက် လမ်းညွှန်ချက် Guideline များ ထုတ်ပြန်ခြင်း၊ လွယ်ကူရိုးရှင်းပြီး စနစ်ကျသည့် Standard Operation Procedures များ ထုတ်ပြန်ခြင်းတို့ကို အမြန်ဆုံး ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။

### ဘီလီယံ ၁၀၀၀ ကျော် ဝင်ငွေရှာဖွေပေးနိုင်ခဲ့

နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ဆန်စပါးလုပ်ငန်းသည် အထူးအရေးပါသည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး ပြည်ပတင်ပို့မှုအနေဖြင့် နှစ်စဉ်ဘီလီယံ ၁၀၀၀ ကျော် ဝင်ငွေရှာဖွေပေးနိုင်ခဲ့သည်ကို တွေ့ရမည် ဖြစ်ပါကြောင်း။

### စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်

၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၃ ဒသမ ၅ သန်း ပြည်ပတင်ပို့ရောင်းချနိုင်ခဲ့သည်ဖြစ်၍ နှစ်ပေါင်း ၇၃ နှစ်အတွင်း အများဆုံးစံချိန်တင် တင်ပို့ရောင်းချနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ G to G ညှိနှိုင်းပေးမှုများနှင့် ကိုတာ (Quota) ရရှိရေးကိစ္စရပ်များကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာဈေးကွက်တွင် အရည်အသွေးအရရော ဈေးနှုန်းအရပါ ယှဉ်ပြိုင်နိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ကြစေလိုပါကြောင်း၊ နိုင်ငံတကာဈေးကွက်တွင် ရေရှည်ရပ်တည်နိုင်ရန် အရည်အသွေးထိန်းသိမ်းထားနိုင်မှု၊ Food Safety ပိုင်းဆိုင်ရာ ဂရုစိုက်ဆောင်ရွက်မှု၊ ထုတ်လုပ်သန့်စင်မှုနှင့် ထုပ်ပိုးမှုအပိုင်းတွင် ခေတ်မီဆန်းသစ်မှုများ လိုအပ်မည်ဖြစ်၍ လေ့လာကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းလိုပါကြောင်း။

### မူဝါဒပိုင်းဆိုင်ရာ ဖြေလျှော့

တောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တစ်ဧကစိုက်ပျိုးစရိတ်ချေးငွေကျပ် တစ်သိန်းမှ တစ်သိန်းခွဲအထိ ၂၀၁၆ ခုနှစ်ကတည်းကပင် တိုးမြှင့်ပေးနိုင်ခဲ့ခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ဖွဲ့စည်းဆောင်ရွက်ခြင်း၊ နိုင်ငံပိုင်ဘဏ်များဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များမှ တောင်သူများအပါအဝင် အသေးစားနှင့်အလတ်စား လယ်ယာစီးပွားရေးလုပ်ငန်းများအတွက် JICAနှင့် ပူးပေါင်းဆောင်ရွက်သည့် Two Step Loan အပြင် နိုင်ငံပိုင်ဘဏ်များ အစီအစဉ်ဖြင့် ချေးငွေများကို ယခင်ကာလများထက် ပိုမိုထုတ်ချေးခြင်းများ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ အာမခံလုပ်ငန်းများတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်စေရန် မူဝါဒပိုင်းဆိုင်ရာ ဖြေလျှော့မှုများ လုပ်ဆောင်ပေးခဲ့ပြီး လယ်ယာကဏ္ဍအတွက် သီးနှံအာမခံစနစ်များကို ရှေ့ပြေးအဖြစ် ကျင့်သုံးနိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းနှင့်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ပူးပေါင်း၍ ရာသီဥတုအခြေခံအာမခံစနစ်ကို စတင်ဝန်ဆောင်မှုပေးနိုင်ရန် လုပ်ဆောင်နေပြီ ဖြစ်ပါကြောင်း။

### ဥပဒေနှင့်အညီ ခွင့်ပြုပေး

နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာမြေအသုံးချမှုကိစ္စများကို စနစ်တကျစီမံဆောင်ရွက်လျက်ရှိပြီး မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်လိုသူများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ လယ်ယာမြေဥပဒေများ၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေများကိုလည်း ခေတ်ကာလအခြေအနေနှင့် ဆီလျော်အောင် ပြုပြင်ထားပြီး လုပ်ထုံးလုပ်နည်းအပိုင်းတွင်လည်း ပိုမိုကောင်းမွန်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့်လည်း ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပုဂ္ဂလိကနှင့်အစိုးရ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းတိုင်ပင်၍ မြန်မာ့ဆန်စပါးဥပဒေ ရေးဆွဲဆောင်ရွက်လျက်ရှိနေသည်ကို သိရှိရပါကြောင်း။

### အားပေးကူညီ ဆောင်ရွက်သွားမည်

ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေသည့် SME ချေးငွေများရရှိရေး၊ သိုလှောင်ရုံများနှင့် အခြောက်ခံစက်များ၊ ခေတ်မီဆန်စက်များ၊ တည်ထောင်ရင်းနှီးမြှုပ်နှံမည့်ကိစ္စရပ်၊ ဒေသအသီးသီးမှ တောင်သူများကို ဝန်ဆောင်မှုပေးမည့် လယ်ယာစီးပွားရေးဝန်ဆောင်မှုစင်တာ (Agro Service Center) များ လုပ်ဆောင်ရေးစသည့် လုပ်ငန်းများကို စနစ်တကျ လျင်လျင်မြန်မြန်သုံးသပ်၍ ပုဂ္ဂလိကနှင့်အစိုးရ ပူးပေါင်းညှိနှိုင်း အမြန်ဆုံးဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အားပေးကူညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တန်ဖိုးမြှင့်တင်သည့် value - added လုပ်ငန်းများတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လာရန် ဖြစ်ပါကြောင်း။

### အကျိုးကျေးဇူးများရရှိနိုင်

ဆန်စပါးလုပ်ငန်း၏ ဘေးထွက်ပစ္စည်းဖြစ်သော စပါးခွံများကို အလေအလွင့်မရှိစေဘဲ စပါးခွံလောင်စာတောင့် ပြုလုပ်ခြင်း၊ စပါးခွံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် (Waste Energy) အဖြစ် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်၏ လျှပ်စစ်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးခြင်း၊ စွန့်ပစ်ရခက်သည့် စပါးခွံပြဿနာကို ဖြေရှင်းပေးခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ အလားတူကိစ္စရပ်များဖြစ်သည့် လယ်ယာကဏ္ဍ ဘေးထွက်ပစ္စည်း၊ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးချနိုင်ရေးအတွက် တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန် Action Plan တစ်ခုရေးဆွဲတင်ပြနိုင်ရေးအတွက် အစိုးရဌာနများနှင့် ပညာရှင်များ ပူးပေါင်းဆောင်ရွက်သွားရေးနှင့် အဆိုပါလုပ်ငန်းများတွင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးတို့ကို ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးမှုစီမံကိန်း (MSDP) ကို ရေးဆွဲပြဋ္ဌာန်းပြီး ဘက်စုံကဏ္ဍစုံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါကြောင်း၊ MSDP မဏ္ဍိုင်ကြီးသုံးရပ်အနက် လူသားများနှင့် ကမ္ဘာ့မြေဖွံ့ဖြိုးတိုးတက်စေရေးမဏ္ဍိုင်သည် စားနပ်ရိက္ခာထုတ်လုပ်နေသည့် ဆန်စပါးအပါအဝင် လယ်ယာလုပ်ငန်းများနှင့် သက်ဆိုင်ပါကြောင်း၊ အနာဂတ်ကာလကို ရှေးရှု ဆောင်ရွက်ရမည်ဖြစ်၍ လူငယ်လူရွယ် မျိုးဆက်သစ်များ၏ ပါဝင်ဆောင်ရွက်မှုကို မဖြစ်မနေဖော်ဆောင်ပေးကြရမည် ဖြစ်ပါကြောင်း၊ အတွေ့အကြုံများသင်ခန်းစာများကို လူငယ်များ၏ စွမ်းရည်၊ ခေတ်အမြင်၊ အယူအဆနှင့်ဆန်းသစ်တီထွင်မှုတို့ဖြင့် ပေါင်းစပ်လုပ်ကိုင်နိုင်ရန် လမ်းဖွင့်ပေးကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ဖွံ့ဖြိုးမှုသည် ရေရှည်တည်တံ့ခိုင်မြဲမည် ဖြစ်ပါကြောင်း။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးလာစေရေး ကြိုးပမ်းဆောင်ရွက်ကြသည့်အခါ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်၍ မရနိုင်ပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့်လည်း အထွက်နှုန်းများ တိုးတက်ရေးနှင့်ဝင်ငွေတိုးတက်ရေးနည်းလမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ အစိုးရအဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း ပြည်သူ့ဝန်ထမ်း (Quality Service) စိတ်ဓာတ်ဖြင့် တာဝန်သိသိ ကူညီဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံ့အနာဂတ်အတွက်၊ မျိုးဆက်သစ်ပြည်သူများအားလုံးအတွက် ခိုင်မာတည်တံ့သော ဆန်စပါးလုပ်ငန်းကြီး ထူထောင် တည်ဆောက်နိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က ကျေးဇူးတင်စကားပြောကြားသည်။

**သတင်းစဉ်**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ရှေ့ဖုံး – လယ်ယာမြေ မှ

အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းကဏ္ဍများအား အတွင်းရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက ရှင်းလင်းတင်ပြရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ကော်မတီဝင်များက လုပ်ငန်းကဏ္ဍတစ်ခုချင်းအလိုက် အသေးစိတ် ဆွေးနွေးဆုံးဖြတ်ကြသည်။

ယနေ့ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် နစ်နာကြေး၊ လျော်ကြေးပေးချေရန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ရရှိပြီးနောက် ခြောက်လအတွင်း သတ်မှတ်သည့်နည်းလမ်းအတိုင်း စတင်အသုံးမပြုသဖြင့် ခွင့်ပြုမိန့်များ ပယ်ဖျက်ပေးရန် လျှောက်ထားလာသော ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တင်ပြထားသည့် အမှုတွဲ ၅၇ တွဲနှင့်ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ စိစစ်တင်ပြလာသည့် တည်ဆဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်များအရ ကိုက်ညီမှန်ကန်မှုရှိပြီး ပြည့်စုံစွာ တင်ပြလာသည့် လယ်ယာမြေဥပဒေပုဒ်မ ၃၀(က)အရ လယ်ယာမြေအခြားနည်းသုံးစွဲခွင့်လုပ်ငန်းစာတွဲများနှင့်ပတ်သက်၍လည်းကောင်း၊ လယ်ယာမြေကိုခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းအသုံးပြုထားသည့်ကိစ္စရပ်များအပေါ် အသုံးပြုသည့်နည်းလမ်းများအလိုက် သတ်မှတ်သင့်သော ဒဏ်ကြေးချမှတ်ရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

လယ်ယာမြေများကို ဥပဒေများနှင့်အညီ အခြားနည်းသုံးစွဲခွင့် တင်ပြလျှောက်ထားခြင်းမရှိဘဲ မိမိသဘောအလျောက် ကြိုတင်ဆောင်ရွက်ခြင်းသည် တည်ဆဲလယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ ထိုသို့ချိုးဖောက်ပါက ပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်များအတိုင်း အရေးယူခြင်း၊ ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်အတိုင်း ပြစ်ဒဏ်ချမှတ်ခြင်းများကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်နိုင်ကြောင်း၊ လယ်ယာမြေကို ခွင့်ပြုချက်မရရှိမီ အခြားနည်းသုံးစွဲခြင်းကိစ္စရပ်များ လျော့နည်းပပျောက်သွားရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**

လယ်ယာစီးပွား သတင်း
The Agri-Business News

**အယ်ဒီတာချုပ်**
မြတ်စိုး(လှိုင်)

**အမှုဆောင်အယ်ဒီတာ**
တင်ကြည်လှိုင်

**သတင်းအင်အားစု**
ဆန်းညွန့် (ရေနံချောင်း)၊
သိန်းဖေ၊ အင်ပင်သန်းငွေအောင်၊
မော်ကျွန်းမြင့်အောင်
မာမာတင့်(မြင်းခြံ)၊
ရွှေ (လှိုင်သာယာ)၊
ခင်မေကြည် (မန္တလေး)၊
ဇော်နိုင်ဝင်း (မုံရွာ)၊
တင်မလတ် (မော်လမြိုင်)၊
ညောင်ဦးဖိုး၊ အောင်နိုင် (ပခုက္ကူ)၊
ကြေးမုံငယ်၊ ဖြူမာချို (ရန်ကုန်)၊
မြတ်သဥ္စာလှိုင် (ဘားအံ)၊

**ထုတ်ဝေသူ**
ဦးမျိုးတင့်ထွန်း
မြဲ - ၀၀၄၁၀

**ပုံနှိပ်သူ**
ဦးမောင်နီ
မြဲ - ၀၀၂၆၉
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့

**ဒေါင်းစီးစာလုံး**
သက်မော်

**ဒီဇိုင်း**
စိုးဟန်၊ နွယ်နီ

**ဖလင်၊ ကာလာခွဲ**
မြကျွန်းသာ

**ကြော်ငြာ**
လယ်ယာစီးပွားသတင်းအဖွဲ့

**ဖြန့်ချိရေး**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ
ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်
– ဝါမိုးအောင်စာပေ၊
စာပေဗိမာန်အနီး
မန္တလေး – မန္တလေးရုံးခွဲ
စီမံကိန်းဦးစီးဌာန

**ဆက်သွယ်ရန်**
လယ်ယာစီးပွားသတင်း
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့
ဖုန်း–၆၆၃၅၀၅
Email:agribusinessnews2000@gmail.com

အယ်ဒီတာ့အာဘော်

# မျိုးစေ့ထုတ်လုပ်ငန်းများ အလေးထား ဆောင်ရွက်

စိုက်ပျိုးရေးလုပ်ငန်းတွင် **"မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင်စိုက်"** ဟူသည့်ဆိုစကားရှိသည်။

ထိုအချက်လေးချက်မှာ စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းမှုအတွက် အဓိကသော့ချက်လေးရပ်ဖြစ်သည်။

ထိုအချက်လေးချက်တွင် မည်မျှမြေမှန်သည်ဖြစ်စေ၊ စိုက်နည်းမှန်သည်ဖြစ်စေ၊ ရာသီမှန်သည်ဖြစ်စေ "မျိုး"မမှန်ပါကလည်း အကျိုးအမြတ်မရရှိနိုင်ပေ။

ထို့ကြောင့်လည်း **"မျိုးစေ့မမှန်၊ ပင်မသန်၊ ဖူးတံငုံကင်း၊ အသီးဖျင်း၏"**ဆိုစကားပေါ်လာရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိစပါးမျိုးပေါင်း ထောင်ကျော်ရှိနေသည်ဆို၏။ ထိုသို့အရေအတွက်များပြားနေခြင်းမှာ တောင်သူလယ်သမားများ ရှေးအစဉ်အဆက်ကတည်းက မိရိုးဖလာ စိုက်ပျိုးလာကြသည့် မျိုးပေါင်းများစွာပါဝင်နေသောကြောင့်လည်း ဖြစ်သည်။

သို့သော် အဆိုးထဲကအကောင်းဆိုသလို ယင်းကဲ့သို့ မိရိုးဖလာနည်းဖြင့် မျိုးစေ့ထုတ်လုပ်သုံးစွဲနေကြခြင်းကြောင့်လည်း ယနေ့နိုင်ငံတစ်ဝန်း မျိုးစေ့လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနေသကဲ့သို့ ဖြစ်နေခြင်းပင်။

မြန်မာနိုင်ငံတွင် လက်ရှိအခြေအနေအရ စပါးမျိုးစေ့ထုတ်ပေးနိုင်သည့် နိုင်ငံပိုင်ခြံ ၂၉ ခြံမျှသာ ရှိသေးသည်။ ထို့ကြောင့် တောင်သူများ၏ မျိုးစေ့လက်တွေ့လိုအပ်ချက်ကို ပြည့်ဝအောင် ဖြည့်ဆည်းပေးနိုင်မှု လိုအပ်နေသေးသည်။

နိုင်ငံတစ်ဝန်းတွင် ပျမ်းမျှအားဖြင့် နှစ်စဉ်မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းခန့်ရှိသည့်အနက် ဧက ၁၀ သန်းခန့်မှာ အထွက်ကောင်းမျိုးများ စိုက်ပျိုးပြီး ငါးသန်းခန့်မှာ ဒေသမျိုးများကို စိုက်ပျိုးနေကြသည်ဆို၏။ သို့သော် ပုံမှန်အားဖြင့်ဆိုလျှင် အထွက်ကောင်းမျိုးစိုက်ပျိုးထားသည့်အနက်မှ ၁၈ ရာခိုင်နှုန်းခန့်သာ မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးနိုင်ကြသေးသည်။

ယင်း ၁၈ ရာခိုင်နှုန်းမှာ သုတေသနဌာနက ထုတ်ပေးနိုင်သည့်ပမာဏဖြစ်၍ မျိုးကောင်းမျိုးသန့်ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ဆိုလျှင် နိုင်ငံတော်ပိုင်သုတေသနခြံများချည်း လုံလောက်မှုမရှိနိုင်ကြောင်း မှန်းဆသိရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်မှုကို ပုဂ္ဂလိကလုပ်ငန်းရှင်များအပိုင်းကရော တောင်သူလယ်သမားကြီးကိုယ်တိုင်ကပါ ပါဝင်လာရန် လိုအပ်လျက်ရှိသည်။

သို့သော် မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းသည် သိပ္ပံနည်းကျ နည်းစနစ်မှန်ကန်ရန် လိုအပ်ပြီး ကုန်ကျစရိတ်လည်း များပြားသဖြင့် မျိုးစေ့ထုတ်လုပ်ငန်းကို အမှန်တကယ် စိတ်ပါဝင်စား၍ ဆောင်ရွက်လိုသူများကို နိုင်ငံတော်က လိုအပ်သည့်ငွေကြေးများ ပံ့ပိုးထောက်ပံ့ပေးရန် လိုအပ်မည်ဖြစ်သည်။

ထိုသို့လိုအပ်သည့်ရင်းနှီးမြှုပ်နှံရန် ငွေကြေးပမာဏကို အသေးစားနှင့်အလတ်စားချေးငွေများဖြင့် ပံ့ပိုးပေးရန် လိုအပ်ကြောင်း ကျွမ်းကျင်သူများနှင့် စိုက်ပျိုးရေးပညာရှင်များက သုံးသပ်ထားကြသည်။

ထိုသို့ဆောင်ရွက်လာနိုင်သည်နှင့်အမျှ လက်ရှိတွင် ပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာများအပါအဝင် သွင်းအားစုများကို နေရာဒေသမရွေး ဝယ်ယူရရှိနိုင်သကဲ့သို့ နောင်တွင်လည်း မျိုးကောင်းမျိုးသန့်မျိုးစေ့ဆိုင်များ နေရာဒေသအသီးသီးတွင် ပေါ်ထွန်းလာရန် ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။

လက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပြည်တွင်းစိုက်ပျိုးရေးကဏ္ဍအတွက် မျိုးစေ့များလုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရန် ဌာနပိုင်ခြံများမှ ထုတ်လုပ်ပေးခြင်း၊ စိုက်ကွင်းများအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များပူးပေါင်း၍ မျိုးစေ့ထုတ်လုပ်ခြင်း၊ တောင်သူများအစုအဖွဲ့အလိုက် မျိုးစေ့ထုတ်အသင်းများ ထူထောင်ကာ ဆောင်ရွက်ခြင်းနည်းလမ်းများဖြင့် ဆောင်ရွက်သွားကြရန် အားပေးကူညီလျက်ရှိသည်။

ထို့ကြောင့် မျိုးစေ့ထုတ်လုပ်ငန်းများ ကျယ်ပြန့်စွာ အောင်မြင်လာရေးအတွက် အရည်အသွေးကောင်းမျိုးစေ့များ တိုးတက်ထုတ်လုပ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်း၊ မျိုးစေ့ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ ခေတ်မီစွာ ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် မျိုးစေ့ပညာရှင်များ ပူးပေါင်း၍ လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း တင်ပြလိုက်ရပေသည်။ ။



# အထွက်နှုန်းနှင့် သစ်ရွက်၊ သစ်ခက်နှင့် ပင်ပိုင်းဆိုင်ရာ အလေးချိန်ကောင်း ပဲလွမ်းမျိုးများ သုတေသနပြု ဖော်ထုတ်

ရေဆင်း ဖေဖော်ဝါရီ ၈

**ပဲလွမ်းသီးနှံသည် လူနှင့်တိရစ္ဆာန်စာအတွက် အရေးပါပြီး လေထဲမှ နိုက်ထရိုဂျင်ဓာတ်ကို ဖမ်းယူနိုင်စွမ်းရှိသောကြောင့် ပင်ပိုင်းဆိုင်ရာ အစိတ်အပိုင်းအားလုံးကို သစ်စိမ်းမြေဩဇာ (Green Manure)အဖြစ်လည်း ပြန်လည်အသုံးချနိုင်သော သီးနှံဖြစ်သည်။**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR - ရေဆင်း)၊ ဇီဝနည်းပညာသုတေသနဌာနစု တာဝန်ခံ ဒေါ်သက်သက်ဦးနှင့် သုတေသနပညာရှင်အဖွဲ့သည် အထွက်နှုန်းနှင့် (Biomass) ပင်ပိုင်းဆိုင်ရာ အလေးချိန် ကောင်းသော ပဲလွမ်းမျိုးများ ရှာဖွေခြင်း သုတေသနကို ၂၀၁၆–၂၀၁၇ ခုနှစ်နှင့် ၂၀၁၇–၂၀၁၈ ခုနှစ် မိုးနှောင်းရာသီများတွင် မျိုးစေ့ဘဏ်၌ စုဆောင်းထားရှိသော ပဲလွမ်းမျိုး ၁၈ မျိုးကို အသုံးပြု၍ သုတေသနပြု စမ်းသပ်စိုက်ပျိုးခဲ့ရာ အထွက်နှုန်းကောင်းပြီး ပင်ပိုင်းဆိုင်ရာ အလေးချိန်ကောင်းသော ပဲလွမ်းမျိုး ခုနစ်မျိုးကို တွေ့ရှိခဲ့သည်။

အဆိုပါမျိုးခုနစ်မျိုးမှာ acc.no.4203 (Yezin-1)၊ 4242 (IT-82D-600-5) 4246 (IT-82D-752)၊ 4251 (it-82D-699)၊ 4268 (cowpea)၊ 7689 (pelunpyar) နှင့် 7692 (Gangaw BoCake) တို့ဖြစ်ပြီး ယခု ၂၀၁၈–၂၀၁၉ ခုနှစ် မိုးနှောင်းရာသီတွင် အဆိုပါခုနစ်မျိုးနှင့် စံထားမျိုးဘိုကိတ်ကို အသုံးပြုကာ အကွက်ကျယ်သုတေသနအဖြစ် စမ်းသပ်စိုက်ပျိုးလျက်ရှိရာ စမ်းသပ်ကွက်၏ မျက်မြင်လေ့လာတွေ့ရှိချက်အရ 4246 (IT-82D-752) နှင့် 4268 (cowpea) နှစ်မျိုးမှာ သီးတောင့်အရေအတွက် များကာ ပင်ပိုင်းဆိုင်ရာကြီးထွားမှုမှာလည်း သာလွန်ကောင်းမွန်နေပြီ ဖြစ်ကြောင်း တွေ့ရှိရသည်။ **စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

# စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေး ရေဖြူတွင် ဆွေးနွေး

**သိန်းဖေ** ----------------------------------------

စိုက်ပျိုးထုတ်လုပ်သောသီးနှံနှင့်ထွက်ကုန်ပစ္စည်းများကို စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေးဆွေးနွေးပွဲ ဇန်နဝါရီ ၂၉ ရက်နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် နတ်တွင်းကျေးရွာတွင် ကျင်းပရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ကြွယ်စန္ဒာနှင့် ပညာရှင်များက ပိုးသတ်ဆေးသုံးစွဲနည်း၊ ပိုးမွှားရောဂါများ စနစ်တကျကာကွယ်နှိမ်နင်းနည်း၊ ဓာတ်ကြွင်းအာနိသင် နည်းပါးကင်းစင်အောင် ဆောင်ရွက်ခြင်းနှင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ပညာပေး ဆွေးနွေးကြသည်။ ■





# ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ် ရှောင်ရှားကြိုတင်ကာကွယ်

**အောင်သန်း (စိုက်ပျိုးရေး)**

**ကမ္ဘာကြီး၏ဝန်းကျင်တွင် မြေထု၊ လေထု၊ ရေထုတို့က ဝန်းရံနေသည်။ လူသတ္တဝါများနှင့်အပင်များသည် ကမ္ဘာကြီးတွင် မှီတွယ်ကာ ကျင်လည်ကျက်စား အသက်ရှင်သန် နေထိုင်ကြရသည်။**

ထို့ကြောင့် ကမ္ဘာကြီး၏သဘာဝပတ်ဝန်းကျင်တစ်ခုလုံး ညစ်ညမ်းနေမည်ဆိုပါက လူသတ္တဝါများနှင့်အပင်များအတွက် အန္တရာယ်ရှိနိုင်သည်။

တရုတ်နိုင်ငံ၌ အရွယ်မတိုင်မီ သေဆုံးသူခြောက်ဦးတွင် တစ်ဦးသည် လေထုညစ်ညမ်းမှုကြောင့်ဖြစ်ရသည်ဟု ဆိုသည်။ လေထုညစ်ညမ်းမှု၏အကျိုးဆက်အဖြစ် တရုတ်နိုင်ငံတွင် နှလုံး၊ အဆုတ်နှင့်လေဖြတ်သည့်ရောဂါများကြောင့် တစ်နှစ်လျှင် လူဦးရေ ၁ ဒသမ ၆ သန်းခန့် သေဆုံးနေရသည်ဟု ကင်ဘာလေ၊ ကယ်လီဖိုးနီးယားတက္ကသိုလ် ရူပဗေဒပညာရှင်များက ထောက်ပြထားသည်။

ထို့ကြောင့် ကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်ထိန်းကျောင်းလျှော့ချရန် အထူးလိုအပ်လာသည်။ ထိုသို့ကာကွယ်ထိန်းသိမ်းလျှော့ချရန် သဘာဝပတ်ဝန်းကျင်မြေထု၊ လေထု၊ ရေထုညစ်ညမ်းမှု အဘယ်ကြောင့်ဖြစ်သည်ကို သေချာစွာ သိရှိရန်လိုအပ်သည်။

စင်စစ်မှု မြေထုညစ်ညမ်းမှုကို ဖြစ်စေသည့် အကြောင်းရင်းများထဲတွင် လူတို့၏သုံးစွဲသောဆေးများ၊ လူသုံးကုန်ပစ္စည်းများ၊ စက်မှုသုံးဓာတုဆေးဝါးများ၊ ဆောက်လုပ်ရေးဓာတုဆေးများ၊ အပင်ရောဂါ၊ ပိုးမွှားပေါင်းများကို ကာကွယ်နှိမ်နင်းသည့်ဓာတုဆေးများ၊ အပင်ဟိုမုန်းဆေးများ၊ မွေးမြူရေးလုပ်ငန်းသုံးဆေးဝါးများ၊ မြို့ပြစည်ပင်သာယာသန့်ရှင်းရေးအတွက် အသုံးပြုသောဆေးဝါးများ၊ ကျန်းမာရေးလုပ်ငန်းများအတွက် အသုံးပြုသောဆေးဝါးများကို မဆင်မခြင်အသုံးပြုခြင်းနှင့်စနစ်တကျမစွန့်ပစ်ခြင်း၊ ဓာတ်မြေသြဇာများကို အလွန်အကျွံသုံးစွဲခြင်းများက အဓိကအခန်းမှ ပါဝင်နေသည်။

ဓာတုဆေးဝါးများကို စနစ်တကျအသုံးမပြုခြင်းနှင့်စနစ်တကျမစွန့်ပစ်ခြင်းကြောင့် မြေကြီးထုအတွင်းသို့ တစ်နေရာမှတစ်နေရာ ပျံ့နှံ့ရောက်ရှိသွားပြီး မြေထုညစ်ညမ်းမှုကိုသန္ဓေတည်စေသည်။

ထိုမှတစ်ဖန် တဖြည်းဖြည်းမြေထုသည် ဓာတုဆေးဝါးများဖြင့်ပြည့်ဝလာပြီး အဆိပ်သင့်မှုကို ဖြစ်စေသည်။ ဓာတုဆေးဝါးများဖြင့်ပြည့်ဝနေသော အဆိပ်သင့်မြေထုပေါ်တွင် နေထိုင်ကြသည့်လူသတ္တဝါ၊ သီးနှံသစ်ပင်အားလုံးတို့သည်လည်း နေ့စဉ်နှင့်အမျှ မြေထုညစ်ညမ်းမှု၏ဒဏ်ကို ခံစားနေကြရသည်။

လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမှုအကျိုးဆက်ကြောင့် ဓာတုဆေးများထုတ်လုပ်မှုသည်လည်း တဖြည်းဖြည်းနှင့်များပြားလာနေသည်။ စာရင်းဇယားများအရ ယခုအခါ ဓာတုဆေးအမျိုးပေါင်း ၂၀၀၀ ကျော်ကို ထုတ်လုပ်သုံးစွဲနေကြသည်ကို တွေ့ရှိရသည်ဟုဆိုသည်။ ယခုအခါတွင် ဓာတုပစ္စည်းအရေအတွက်ပေါင်း ၁၃ သန်းပင် ကျော်လာပြီဟု ဆိုပါသည်။

ဓာတုဆေးဝါးများသည် အသုံးပြုပြီးသော်လည်း မြေထုထဲတွင် ပြိုကွဲမသွားဘဲ ကြာရှည်တည်မြဲနေခြင်း၊ တစ်နေရာမှတစ်နေရာသို့ မိုင်ပေါင်းများစွာ ရွေ့လျားနိုင်ခြင်း၊ စုဝေးဖွဲ့စည်းနေနိုင်ခြင်းစသည့်သတ္တိများကြောင့် ရေရှည်တွင် မြေထုညစ်ညမ်းမှုကို ပိုမိုဖြစ်ပေါ်စေတော့သည်။

ထို့ပြင် ကမ္ဘာ့မြေကြီး၏ ရေထုကိုညစ်ညမ်းမှုဖြစ်စေသော အခြေခံအကြောင်းတရားများမှာလည်း ဓာတုဆေးဝါးများကို လက်လွတ်စပယ်စွန့်ပစ်ခြင်း၊ စနစ်တကျအသုံးမပြုခြင်း၊ မြို့ပြအမှိုက်သရိုက်၊ အညစ်အကြေးများကို မဆင်မခြင်စွန့်ပစ်ခြင်း၊ စက်ရုံစွန့်ပစ်ရေဆိုးများ၊ အညစ်အကြေး စွန့်ပစ်ပစ္စည်းများကို စည်းကမ်းတကျမစွန့်ပစ်ခြင်း၊ မြို့ပြသုံးရေဆိုးများ၊ မိလ္လာရေများစနစ်တကျမစွန့်ပစ်ခြင်းစသည့် အကြောင်းများက အစပျိုးလာခဲ့သည်ကို တွေ့ကြရသည်။

ကမ္ဘာ့ရေထု၏ ၂ ဒသမ ၅ ရာခိုင်နှုန်းသာ ရေသန့်ကျန်တော့သည်ဟု ပညာရှင်များက ဆို၏။ ကမ္ဘာ့လူဦးရေသန်းပေါင်းများစွာထဲမှ သန်း ၇၀၀ မှ သန်း ၁၀၀၀ ခန့်အထိ ရေချိုရေသန့်ရှားပါးမှုဒဏ်ကို ခံနေကြရသည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ဆိုထားသည်။

နောင်လာမည့် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏သုံးပုံနှစ်ပုံသည် ရေသန့်ရှားပါးမှုဒဏ်ကို တွေ့ကြုံခံစားကြရမည်ဟု ခန့်မှန်းထားသည်။

ကမ္ဘာတွင်ရှိနေသော ရေချိုရေသန့်ပမာဏ၏ ၃၅ ရာခိုင်နှုန်းသည် စက်ရုံအလုပ်ရုံများက အသုံးပြုသည့်ဆေးဝါးများ၊ စိုက်ပျိုးမွေးမြူရေးသုံးဓာတုဆေးဝါးများ၊ မြို့ပြစွန့်ပစ်အမှိုက်နှင့်အညစ်အကြေးများ၊ မြို့ပြသုံးရေဆိုးရေညစ်များကို မဆင်မခြင်စွန့်ပစ်မှု၊ စနစ်တကျအသုံးမပြုမှုတို့ကြောင့် ရေထုညစ်ညမ်းရသည်ဟု သဘာဝပတ်ဝန်းကျင်အဖွဲ့က စွပ်စွဲပြစ်တင်ထားသည်။

မက္ကဆီကိုနိုင်ငံရှိ စင်တီရေဂိုမြစ်အား **"အဆိပ်သင့်ခံနေရသောမြစ်"**ဟု ကင်ပွန်းတပ်ခံရခြင်းမှာ ရေဆိုးရေညစ်များ၊ မြို့ပြအမှိုက်များ၊ အညစ်အကြေးများကို စနစ်တကျမစွန့်ပစ်ခြင်း၊ စနစ်ကျသော မိလ္လာစနစ်မရှိခြင်းများကြောင့် ဖြစ်ရသည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ထောက်ပြထားသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် ရေချိုရေသန့်၏ ၉၈ ရာခိုင်နှုန်းသည် ညစ်ညမ်းသောရေဖြစ်နေရခြင်းမှာ ဓာတုပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ကျန်းမာရေး၊ မွေးမြူရေးလုပ်ငန်းသုံးဓာတုဆေးဝါးများကြောင့်ဖြစ်ရသည်ဟု ဆိုသည်။

စနစ်တကျစွန့်ပစ်ခြင်းမရှိသော အထက်ဖော်ပြပါညစ်ညမ်းပစ္စည်းများ၊ ဓာတုဆေးဝါးများသည် စွန့်ပစ်လိုက်သောနေရာမှ ရွေ့လျားကာချောင်းများမြောင်းများကို ဦးစွာညစ်ညမ်းမှုဖြစ်စေသည်။

အဆိုပါချောင်းမြောင်းများမှ ညစ်ညမ်းရေများသည် မြစ်များထဲသို့ဆက်လက်စီးဝင်ကာ မြစ်များ၏ရေကိုလည်း ညစ်ညမ်းမှုကူးစက်သည်။

မြစ်ငယ်များမှ ညစ်ညမ်းရေများသည် မြစ်ကြီးများ၏ရေများကိုဆက်လက်ညစ်ညမ်းအောင် ဖန်တီးသွားကြသည်။ ထိုမှတစ်ဆင့်ပင်လယ်သမုဒ္ဒရာရေပြင်ကြီးတစ်ခုလုံး ညစ်ညမ်းသွားပြီး အဆိပ်သင့်ခံရသောရေပြင်ကြီးဘဝသို့ပြောင်းသွားကာ ရေထုညစ်ညမ်းမှုခရီးမှာအဆုံးသို့ ရောက်သွားတော့သည်။

ဤသို့သော အကျိုးဆက်ကြောင့် ရေနေသတ္တဝါအားလုံး အဆိပ်ရှိရေထု၏ အဆိပ်သင့်ဒဏ်ကို ခံစားနေကြရသည်။ ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းအမျိုးမျိုးတို့ကို အဆိပ်သင့်ခံရပြီး၊ ၎င်းငါးပုစွန် ကဏန်းများကိုစားသုံးကြသည့် လူတို့ကိုပါ အဆိပ်သင့်မှုဒဏ်ကို ခံစားလာကြရသည်။

အထူးသဖြင့် စက်ရုံများမှစွန့်ပစ်သော ရေဆိုးရေညစ်များတွင် ပါဝင်လာသော ခဲ၊ ပြဒါး၊ ဆီလီနီယမ်၊ ကက်ဒ်မီယမ်၊ ကြေးနီ၊ သံ၊ သွပ်စသည်တို့ကြောင့် ရေထုကိုပိုမိုညစ်ညမ်းစေပြီး လူ၊ သတ္တဝါတို့ကိုကြီးစွာသောဒုက္ခပေးလာတော့သည်။

အမေရိကန်နိုင်ငံအနောက်ပိုင်းကမ်းခြေများနှင့် အခြားပင်လယ်သမုဒ္ဒရာများတွင် ရေနံတင်သင်္ဘောကြီးများ မကြာခဏတိမ်းမှောက်မှုများဖြစ်ပွားခဲ့ရာ ရေထုကိုညစ်ညမ်းသွားစေပြီး ရေနေသတ္တဝါများနှင့် ရှားပါးဇီဝမျိုးစိတ်များစွာ ဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်များ မကြာခဏ ကြားသိနေရသည်။

ကမ္ဘာကြီး၏သဘာဝပတ်ဝန်းကျင်လေထုသည် လူသတ္တဝါ၊ သစ်ပင်သီးနှံတို့နှင့် အစဉ်ထိတွေ့ဆက်စပ်နေရာ ကမ္ဘာ့လေထုညစ်ညမ်းမှုကို အကြောင်းပြု၍ လူသတ္တဝါ၊ သစ်ပင်သီးနှံတို့ကိုပါ ချက်ချင်းဆိုးကျိုးအန္တရာယ်ပေးခဲ့ရာမှ အသက်အန္တရာယ်ကိုပါ ထိပါးဆုံးရှုံးရသည်အထိ ခံစားနေကြရသည်။

လူတို့နေ့စဉ်သုံးစွဲနေကြသည့် ဓာတ်ငွေ့သုံးကိရိယာများ၊ အငွေ့ပျံစေသောအရည်များ၊ ဆေးများ၊ ဆေးလိပ်သောက်ခြင်းများ၊ ထင်း၊ ကျောက်မီးသွေးမီးဖိုများ၊ စက်ရုံအလုပ်ရုံများမှ ထုတ်လွှတ်သော အခိုးအငွေ့များ၊ ယာဉ်၊ ယန္တရား၊ စက်ကိရိယာများမှ ထုတ်လွှတ်သော ဓာတ်ကြွင်းလောင်စာများ၊ တောမီးအကြီးအကျယ်လောင်ကျွမ်းမှုကြောင့်ဖြစ်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်စုပ်ယူမှု လျော့ကျပြီးလေထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်စုဝေးများပြားလာမှုများ၊ စပါးစိုက်ခင်းများမှ ထုတ်လွှတ်သော မီသိန်းဓာတ်ငွေ့များ၊ ဓာတ်ငွေ့ထည့်သည့်စပရေးဘူးများ၊ အဲကွန်းများစသည့် ညစ်ညမ်းသော အခိုးအငွေ့အမှုန်အမွှားများကြောင့် နေ့စဉ်လေထုညစ်ညမ်းမှုကို တွေ့ရှိရသည်။

တောမီးအကြီးအကျယ်လောင်ကျွမ်းခြင်း၏ နောက်ဆက်တွဲဆိုးကျိုးမှာ မီးခိုးနှင့်အမှုန်အမွှားများ လေထုအတွင်းပျံ့နှံ့သွားခြင်း၊ သစ်တောများပြုန်းတီးလာသဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ် စုပ်ယူမှုလျော့ကျစေပြီး လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များတဖြည်းဖြည်း များပြားပြည့်နှက်လာစေသည်။

အင်ဒိုနီးရှားနိုင်ငံတွင် တစ်ခါက တောမီးအကြီးအကျယ်လောင်ကျွမ်းခဲ့ရာ ၎င်းမှပေါ်ထွက်လာသည့် မီးခိုးများနှင့် အမှုန်အမွှားများသည် မလေးရှား၊ စင်ကာပူနှင့်ဘရူနိုင်းလ်နိုင်ငံများသို့ပင် ရောက်ရှိ လွှမ်းမိုးခြင်းခံခဲ့ကြရသည်ဆို၏။ ထိုအချိန်က အဆိုပါနိုင်ငံများရှိ ပြည်သူလူထုများမှာ တစ်လခန့်ကြာမျှ အသက်ရှုကျပ်ခြင်းနှင့်သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ၏ အသက်အန္တရာယ်နှင့်ပါ ကြုံတွေ့ခံစားခဲ့ကြရသည်။

ကမ္ဘာ့မြေထုကို သစ်တောများဖုံးလွှမ်းနေပါက အပင်အတွင်း ဇီဝဒြပ်ထုတစ်ဂရမ်ဖြစ်တည်ရန် ကာဗွန်ဒိုင်အောက်ဆိုဒ် ၁ ဒသမ ၆၃ ဂရမ်စုပ်ယူအသုံးပြုရသည်။ ၎င်းနောက် ဇီဝကမ္မဖြစ်စဉ်အရ လေထုအတွင်းသို့ အောက်စီဂျင် ၁ ဒသမ ၈၅ ဂရမ်ပြန်လည်ထုတ်လွှတ်ပေးသည်။

သစ်တောဧရိယာတစ်ဟက်တာတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဒ်ဓာတ်ငွေ့ပမာဏ ၅၃ ဒသမ ၂ မက်ထရစ်တန်အထိ စုပ်ယူထားနိုင်သည်။

အမေရိကန်နိုင်ငံ Saeramento ဒေသတွင်းရှိ သစ်ပင်ပေါင်း ၆ သန်းက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ အသားတင်တန်ပေါင်း ၃၃၅၀၀၀ စုပ်ယူထားနိုင်သည်ဟုဆိုသည်။ အပင်များရှိ အရွက်များသည် လေထုအတွင်းမှ ဓာတ်ငွေ့များသာမက အမှုန်အမွှားများပါ စုပ်ယူထားနိုင်စွမ်းရှိကြသည်။

၁၉၉၄ ခုနှစ်က နယူးယောက်မြို့ရှိ မြို့ပြသစ်ပင်များသည် လေထုကိုညစ်ညမ်းစေသော ဓာတ်ငွေ့များ၊ အခိုးအငွေ့များနှင့်အမှုန်အမွှားများစုစုပေါင်း ၁၈၂၁ မက်ထရစ်တန်စုပ်ယူထားနိုင်ခဲ့သည်ဟု ဆိုသည်။ အမေရိကန်ဒေါ်လာ တစ်သန်းခွဲခန့်မျှ တန်ဖိုးရှိသည်ဟု ဆိုသည်။

ဧရိယာတစ်ခုအတွင်း သစ်တောသစ်ပင်များ ရာနှုန်းပြည့်ဖုံးလွှမ်းနေသောမြို့ပြ၌ လေထုညစ်ညမ်းမှုကိုဖြစ်စေသော အိုဇုန်းဓာတ် ၁၅ ရာခိုင်နှုန်း၊ ဆာလ်ဖာဒိုင်အောက်ဆိုဒ် ၁၄ ရာခိုင်နှုန်း၊ နိုက်ထရပ်အောက်ဆိုဒ်

စာ - ၅ သို့

ရေးပြချင်တဲ့ အတွေးတစ်မျှင်

# သ တိ ပေး ရ ပါ ဦး မည်



မြတ်စိုး(လှိုင်)

**ဖခင်က အမွေမပေး၍ သားနှင့် ချွေးမက ဖခင်အား မီးနှင့်ရှို့မှ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း၌ ဖြစ်ပွားခဲ့သည်။**

ထိုသတင်းကိုကြားလျှင်ကြားချင်း ကျွန်တော်နှင့်ကျောင်းနေဖက် ကျွန်တော့်ထက်အသက်အနည်းငယ်ကြီးသော အစ်ကိုကြီးတစ်ယောက်ကို ပြေး၍ သတိရလိုက်မိ၏။

ထိုအစ်ကိုကြီးသည် ဇနီးသည် ကျောင်းဆရာမနှင့်အိမ်ထောင်သက်ကြာသည်အထိ သားသမီးမထွန်းကားခဲ့။ ထို့ကြောင့် ဇနီးဘက်မှဆွေမျိုးနီးစပ်တော်သည့်မိန်းကလေးတစ်ဦးကို မိခင်နို့မပြတ်ခင်ကတည်းကယူ၍ နို့ဘူးတိုက်ကာ အမွေစား အမွေခံမွေးစားခဲ့သည်။

သူတို့မှာ ရင်သွေးရတနာမထွန်းကား၍ ထိုသမီးကလေးကို သမီးအရင်းကဲ့သို့ပင် အလွန်ချစ်ရှာကြသည်။

ထိုအစ်ကိုကြီးနှင့်ကျွန်တော်သည် ကျောင်းနေဖက်ဖြစ်သကဲ့သို့ သူ့ဇနီးနှင့်ကျွန်တော့်ဇနီးမှာလည်း တစ်ကျောင်းတည်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ကျောင်းဆရာမများဖြစ်ကြ၍ ကျွန်တော်တို့နှစ်အိမ်ထောင်မှာ အလွန်ရင်းနှီးချစ်ခင်ကြသည်။

သူတို့မှာတော့ သားသမီးအရင်းမရှိ၍ ထိုမိန်းကလေးကို အမွေစားအမွေခံအဖြစ် မွေးဖွားခဲ့ချိန်တွင် ကျွန်တော်တို့မိသားစုတွင်လည်း သမီးဦးကလေးထွန်းကားခဲ့ကာ ကလေးနှစ်ဦးမှာ အသက်တူဖြစ်ရုံသာမက ကျောင်းထားချိန်မှ တက္ကသိုလ်ဘွဲ့ရပြီးချိန်အထိ ကလေးချင်းလည်း ကျောင်းနေဖက်သူငယ်ချင်းများ ဖြစ်ကြသည်။

တက္ကသိုလ်မှာ သူတို့သမီးကလေးက ဥပဒေဘွဲ့ရရှိခဲ့ပြီး ကျွန်တော်တို့သမီးကြီးက အင်္ဂလိပ်စာအဓိကဖြင့် ဘွဲ့ရသည်။

ထို့နောက် ကျောင်းနေဖက် အစ်ကိုကြီး၏ဇနီးမှာ ကင်ဆာရောဂါဖြင့် မမျှော်လင့်ဘဲ ဆုံးပါးသွားရှာသဖြင့် သားအဖနှစ်ဦးမှာ ဝမ်းနည်းပူဆွေး ကျန်ရစ်ခဲ့ကာ မကြာမီမှာပင် သမီးကလေးကလည်း သူ့ဖခင်သဘောမတူသူနှင့် ခိုးရာလိုက်ပြေးသွားပြန်သဖြင့် တစ်ပူပေါ်နှစ်ပူဆင့်ကာ ဖခင်ကြီးမှာ ဇနီးစိတ်၊ သမီးစိတ်ဖြင့် စိတ်ထိခိုက်၍ နေရရှာသည်။

သမီးဖြစ်သူအတွက် စိတ်ထိခိုက်ရသည့် အဓိကအချက်မှာ သမီးဖြစ်သူသည် ဥပဒေဘွဲ့ရဖြစ်ပါလျက် အိမ်ထောင်ဖက်မှာ လက်လုပ်လက်စား အလုပ်ကြမ်းသမား လူငယ်ကလေးတစ်ယောက်ကို နှလုံးသား ဦးစားပေးကာ ရွေးချယ်သွားသောကြောင့် ဖြစ်သည်။

ကျွန်တော်၏ကျောင်းနေဖက် အစ်ကိုကြီးသည် အစိုးရဝန်ထမ်း အငြိမ်းစားတစ်ဦးဖြစ်ပြီး ဇနီးဘက်မှ အမွေရထားသည့် မြေကွက်ပေါ်တွင် ကန်ထရိုက်တိုက်ဆောက်လိုက်သဖြင့် မြေညီထပ်အပါအဝင် အခန်းငါးခန်း ပိုင်ဆိုင်ထားကာ တစ်ခန်းတွင် သူနေပြီး ကျန်အခန်းများကို ငှားရမ်းထားသဖြင့် မပူမပင် အေးအေးချမ်းချမ်းနေထိုင်နိုင်သူဖြစ်သည်။

သမီးကလေးကတော့ သားဦးကလေးထွန်းကားလာချိန် ယောကျ်ားဖြစ်သူကလည်း အလုပ်ကြမ်းသမားမို့ စီးပွားရေးမပြေလည်ဘဲ ဖြစ်သလိုရန်းကန်လှုပ်ရှားကာ ပင်ပန်းကြီးစွာ ဘဝကို ရပ်တည်နေရရှာသည်။

တစ်နေ့မှာ သူ့ထံသို့ ကျွန်တော်ရောက်သွားစဉ် "သူငယ်ချင်း မင်းမှာ ကားပါလာသလား"ဟု မေးရာ ကျွန်တော်က ကားပါလာကြောင်း ပြောလိုက်သဖြင့်

"ဒါဆိုရင် ငါ့သမီးလေးအိမ် ခဏလိုက်ပို့ပါကွာ၊ ငါ့မြေးကလေး ဒုက္ခရောက်မှာစိုးလို့ ငွေနည်းနည်းသွားပေးချင်လို့"

ထိုနေ့က ကျွန်တော်လည်း အချိန်နည်းနည်းရ၍ သူ့ကိုလိုက်ပို့ပေးခဲ့ပါသည်။

သို့သော် လမ်းမှာ သူ့ထံမှ တွေးစရာစကားတချို့ ရလိုက်ပါသည်။

"ဒီမှာ သူငယ်ချင်း သမီးကလေးက မွေးစားသမီးဆိုပေမယ့် ကိုယ်တိုင်နို့ဘူး တိုက်မွေးခဲ့ရလို့ သားသမီးအရင်းလိုပဲ ချစ်ခဲ့ရပါတယ်။ အခု သူက အိမ်ထောင်ဖက်အရွေးမှားလို့ ဒုက္ခရောက်နေတော့လည်း ကိုယ့်မှာပစ်မထားနိုင်ပြန်ဘူး။ ဒါတင်မက ငါကွယ်လွန်ခဲ့ရင် ငါကျန်ခဲ့တဲ့ပစ္စည်းတွေ သူအကုန်ရမှာပဲ။ အဲဒီလိုဆိုပြီး အခုကတည်းက ငါ့ပစ္စည်းတွေကိုတော့ သူ့ကို အကုန်လွှဲပေးလို့တော့ မဖြစ်သေးဘူး၊ ပစ္စည်းတွေရဲ့ပိုင်ဆိုင်မှု ငါ့လက်ထဲမှာ ရှိနေမှ သူတို့လင်မယားက ငါ့ကိုရိုသေလေးစားနေမှာ၊ သူတို့ကို အပ်လိုက်မိရင် သူတို့ မလိမ္မာသမျှ ငါဒုက္ခရောက်နိုင်တယ်၊ ဒါကြောင့် အခုလို သူတို့မှာ လိုသလောက်ပဲ သမက်မသိအောင် သွားသွားပေးတယ်၊ အဓိကကတော့ "အထုပ်ကိုပြထား-အထုပ်ကိုမအပ်နဲ့ပေါ့ကွာ"

ထိုနေ့က ကျောင်းနေဖက် အစ်ကိုကြီးပြောသွားသောစကားများကို ပြန်လည်ကြားယောင်မိခြင်း ဖြစ်ပါသည်။

သို့သော် ယခုစာအစတွင် ဖော်ပြခဲ့သည့် သတင်းအရ သူ့မှာလည်း သတိထားစရာတွေ ရှိလာပြီကို သတိပေးရပါဦးမည်။ ■

စာ ၄ -ကမ္ဘာ့သဘာဝပတ်ဝန်းကျင် မှ

၈ ရာခိုင်နှုန်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ဒ် ၀ ဒသမ ၀၅ ရာခိုင်နှုန်းနှင့် အမှုန်အမွှား ၁၃ ရာခိုင်နှုန်းတို့ကို စုပ်ယူဖယ်ရှားပစ်နိုင် သည်ဟု သုတေသီတို့က ဆိုထားသည်။

ဆီအုန်းစိုက်ပျိုးမှုကြောင့် သစ်တောများပြုန်းတီးလာသဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့စုပ်ယူမှုလျော့ကျစေပြီး ထုတ်လွှတ်မှုမြင့်မားလာကြောင်း ရေးလ်နှင့်စတင်းဖို့တက္ကသိုလ်မှ သုတေသနပညာရှင်များက ထောက်ပြထားသည်။ ၂၀၁၀ ပြည့်နှစ်တွင် ဆီအုန်းတိုးချဲ့စိုက်ပျိုးမှုကြောင့် ကမ္ဘာ့လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ၅၅၈ မီလီယန်မက်ထရစ်တန်ထုတ်လွှတ်သည်ဟု ဆိုပါသည်။ အင်ဒိုနီးရှားနိုင်ငံ ကာလီမင်တန်ကျွန်းတွင် ၂၀၁၀ ပြည့်နှစ်က ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်မှု ၁၄၀ မီလီယန်တန်ရှိခဲ့ရာ ကားအစီးရေ ၂၈ သန်းခန့်က နှစ်စဉ်ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏနှင့်ညီမျှသည်ဟု သုတေသီတို့က ဆိုထားသည်။

လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ရောက်ရှိမှုကို ယခုကဲ့သို့ အရေးတကြီးပြောနေခြင်းမှာ ကမ္ဘာ့ကောင်းကင်အပေါ်တွင်ရှိ အိုဇုန်းလွှာကို ပျက်စီးစေသော ကလိုရင်း၊ ဘရိုမင်း၊ ဖလူအိုရင်း၊ ဟိုက်ဒရိုဂျင်စသည်တို့အနက် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့သည် အဓိကဖြစ်ပြီး ယခုအခါ ရာသီဥတုအကြီးအကျယ် ဖောက်ပြန်ပြောင်းလဲဖြစ်ပေါ်နေခြင်းမှာ အဆိုပါကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကြောင့် အိုဇုန်းလွှာပျက်စီးလာပြီး ကမ္ဘာကြီးပူနွေးလာမှုဆိုးကျိုးကြီးတစ်ရပ်ကို ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်သည်။

ကမ္ဘာကြီး၏လေထုညစ်ညမ်းမှုသည် ၂၀၂၅ ခုနှစ်တွင် ၁၀ ဆ တိုးမြင့်လာနိုင်သည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ခန့်မှန်းထားရာ ဤသို့သာ ကမ္ဘာကြီး၏ မြေထု၊ လေထု၊ ရေထု ညစ်ညမ်းမှုများ အဆမတန်တိုးမြင့်လာမည်ဆိုပါက လူသားများအပါအဝင် သတ္တဝါများနှင့် သစ်ပင်သီးနှံများအားလုံး လေလုံသော လှောင်ချိုင့်တစ်ခုအတွင်း၌ ညစ်ညမ်းသည့်အဆိပ်ငွေ့များဖြင့် ဖိသတ်ခံရသကဲ့သို့ အလွန်ပင် ထိတ်လန့်ကြောက်ဖက်ဖွယ် ဘေးဆိုးကြီးများကြုံလာနိုင်ပါသည်။

သို့ပါ၍ လူသားများကြောင့် ကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ်ဖြစ်စေသည့် အထက်ပါအကြောင်းတရားများကို လူသားအားလုံးက အသိတရားရှိရှိ သတိရှိရှိဖြင့် ဝိုင်းဝန်းကြိုးပမ်းကာကွယ်ကြရန် တိုက်တွန်းလိုက်ရပါသည်။ ■

ကျေးလက်ဟာသ

# ပြုံး မိ ပါ ရဲ့ - ၂

အောင်ကြည်မိုး (စစ်တွေ)

**ကျွန်တော်သည် စစ်တွေမြို့ပေါ်မှာ တုတ်တုတ် ခေါ် သုံးဘီးတက္ကစီမောင်းပြီး မိသားစုဝမ်းရေး ဖြေရှင်းနေရသူ တစ်ယောက်ပါ။**

"ကလင်---ကလင်"

မနက်အိပ်ရာကထပြီး မျက်နှာသစ်ဖို့လုပ်နေတုန်း ဝင်လာသည့် ဖုန်းအသံ။ ဖုန်းနံပါတ်ကလည်း အသစ်။

"ဟုတ်ကဲ့ ပြောပါ" ဆိုတော့

"မနက်ဖန် သုံးဘီးယူလာခဲ့၊ ပတ်ဝန်းကျင်က လူတွေ မောင့်ကို မြင်ဖူးချင်လို့ လိုက်ဖို့ပြောနေကြတယ်"

ဖုန်းများဝင်လာသည့်အသံဆိုပေမယ့် ဖုန်းဆက်သည့်အမျိုးသမီး၏ အသံက ချိုလွန်းလှသည်။

အိမ်က ဂျမ်းဒေါ်အသံနဲ့တော့ ကွာပ့ါ။ အပျိုတုန်းက ငါးရံ့ကိုယ် အခုတော့ တိုင်ကီကိုယ်လုံး။ ရည်းစားတုန်းက ကိုလို့ခေါ်ကာ တီတီတာတာ ပြောတတ်ခဲ့ပေမယ့် အခုအချိန်မှာတော့ ဗိုက်ပူကြီး ထမင်းမစားသေးဘူးလားတဲ့။ သုံးဘီးမောင်းလို့ ပိုက်ဆံသာမရတာ အရက်က သောက်ချင်သေး။ ဆိုင်ကယ်သိမ်းပြီး ပြန်လာတာ စောလှချည်လား။ မနက်စာ ဆန်ဝယ်ဖို့ ပိုက်ဆံပေးခဲ့ဦးနော်။ အိမ်မှာ ပိုက်ဆံသုံးစရာ မရှိတော့လို့ ဒီကလူမှာ ဟိုဟာလုပ်စားရမလို ဖြစ်နေပြီ" အိမ်ရောက်လျှင် ကြားရတဲ့မိန်းမရဲ့ ငှက်ဆိုးထိုးသံ။

"ဟုတ်"

ကျွန်တော်လည်း ဖုန်းများဝင်လာသည့်အမျိုးသမီး၏အသံချိုချိုကို ဆက်ပြီးကြားချင်သဖြင့် ချော်လဲရောထိုင်မိသည်။

သူမက "မနက်ဖန် တရားရုံးမှာ နှစ်ဦးသဘောတူ လက်မှတ်ထိုးမယ်။ နောက်တစ်ပတ် ဖေဖော်ဝါရီ ၁၄ ရက် ချစ်သူများနေ့ (Valentine' Day) မှာ အမှတ်တရစည့်ခံပွဲလုပ်ရင် မကောင်းဘူးလားမောင်"ဟု ပြောလာတော့ ကျွန်တော့်ပါးစပ်ကနေ "ဒုက္ခပါပဲ"ဆိုပြီး လွှတ်ခနဲ ထွက်သွားမိတယ်။

"ဘာဒုက္ခလဲ၊ ရှင်အချိုးတွေပြောင်းနေတာကြာပြီနော်။ ဒီက လူမှာ ဖုံးမရ ဖိမရ တစ်နေ့တခြား ခါးတုတ်လာနေလို ရှင့်ကိုအောက်ကျခံပြီး ပြောနေရတာ။ မရခင် ဖျာလိုလိပ် ခေါင်းပေါ်တင် လိုချင်တာရသွားပြီဆိုတော့ စားပြီးနားမလည် ဝါးပြီးထွေးထုတ် ရှင်က အစာဝတော့ ဌာနပြန်ချင်တဲ့သဘောလား" သူပဲ မနားတမ်း တောက်လျှောက်ပြောနေတော့၍

ကျွန်တော်က "မှားနေပြီ"လို့ ပြောလိုက်ရာ မိန်းကလေး၏အမေ အနားမှာရှိနေတာ ဖြစ်ပါလိမ့်မည်။ သူ့အမေကပါ ဆက်ပြီး ဝင်ပြောပြန်သည်။ "နင်က ဘာအချိုးချိုးတာလဲ၊ ငါတို့မှာ အမေတစ်ခု သမီးတစ်ခု ဖြစ်နေလို့ လုပ်ချင်ရာလုပ်မယ့်သဘောလား"

ကျွန်တော်လည်း စိတ်မဆိုးသည့်အပြင် ရယ်ချင်လာ၍ "အမေရယ် လူတိုင်းမှာ တစ်ခုစီတော့ ပါတာပဲဟာ။ ဘာမှ အားငယ်စရာ မလိုပါဘူး" ဆိုပြီး နောက်ပြောင်လိုက်မိသည်။

တစ်ဖက်မှ အမေဖြစ်သူမှာ ပို၍ဒေါ်ပွသွားကာ

"နင်က ယောက္ခမဖြစ်လာမယ့်ငါ့ကိုတောင် အားမနာ။ ငါ့သမီးကို ကျောရရုံအပျော်ကြံတာလား"ဆိုပြီး ထပ်ပြောလာတော့

ကျွန်တော်က "ခင်ဗျားတို့မှားနေကြပြီ။ ကျွန်တော်ပြောတာလည်း ဆုံးအောင်နားထောင်ကြပါဦးဗျာ။ ကျွန်တော်ဟာ မောင်လည်းမဟုတ်၊ ဦးလည်းမဟုတ်ဘူး။ ဖုန်းမှားနေတယ်" "အခု ကျွန်တော် ရခိုင်ပြည်နယ် စစ်တွေမြို့ကနေ ပြောနေတာ။ ကျွန်တော်ဟာ လှည်းကျိုးမထမ်းတဲ့အပြင် သူများစားပြီးသား ပန်းကန်မဆေးဘူး"လို့ ပြောလိုက်တော့မှ

အဘွားကြီးက "သေနာကောင် ဖုန်းမှားနေရင်လည်း အရင်ကတည်းက ပြောပါလား"ဆိုပြီး စိတ်ဆိုးသံနဲ့ဖုန်းချသွားခဲ့တာကို ဒီနှစ် ဖေဖော်ဝါရီ ၁၄ ရက် ချစ်သူများနေ့ရောက်တဲ့အချိန်မှာ သုံးဘီးဆိုင်ကယ်မောင်းနေရင်း မနှစ်က ဒီလိုအချိန် ဖုန်းထဲမှာ ဆုံခဲ့ရသည့် အဘွားကြီးသားအမိကိုသွားပြီး သတိရရင်း ပြုံးမိပါသေးရဲ့။ ■

သင့်လုပ်ငန်းများ အောင်မြင်တိုးတက်လိုလျှင် လယ်ယာစီးပွားသတင်းတွင် ကြော်ငြာပါ။

# လုံခြုံစိတ်ချ အရည်အသွေးကောင်းမွန်သော စားနပ်ရိက္ခာထုတ်လုပ်ရေးအတွက် အာမခံချက်ပေးနိုင်သည့် GAP စနစ်




**ကမ္ဘာ့ လူဦးရေတိုးတက်မှုနှုန်းသည် အလွန်လျင်မြန်သဖြင့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ကိုးဘီလီယံ ဖြစ်လာမည်ဟု မျှော်မှန်းထားကြသည်။**

လူဦးရေတိုးတက်လာသည်နှင့်အမျှ လူတို့၏စားသောက်မှုပုံစံ၊ နေထိုင်မှုပုံစံများပြောင်းလဲလာကြသည်။ ကမ္ဘာ့ကုန်သွယ်မှုလုပ်ငန်းများလည်း ကြီးထွားလာခဲ့သည်။ သတင်းအချက်အလက်အခြေခံရောင်းဝယ်ဖောက်ကားခြင်း (e-commerce) လုပ်ငန်းများလည်း တွင်ကျယ်လာခဲ့ကြသည်။

ဤသို့ကုန်သွယ်ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများတွင် စားနပ်ရိက္ခာရောင်းဝယ်ဖောက်ကားမှုသည် ပမာဏ၏ထက်ဝက်ကျော်ခန့် ပါဝင်နေသည်။ ဤမျှပမာဏကြီးမားလှသော စားနပ်ရိက္ခာရောင်းဝယ်ဖောက်ကားမှုတွင် စားနပ်ရိက္ခာလုံခြုံရေး (Food Safety) နှင့် အရည်အသွေးကောင်းမွန်သော စားနပ်ရိက္ခာဖြစ်တည်ရေး (Produce Quality) တို့သည် လူသားတို့အတွက် အလိုအပ်ဆုံး ဖြစ်နေသည်။

ကမ္ဘာ့လူသားတို့သည် လုံခြုံစိတ်ချရသော စားနပ်ရိက္ခာများကို ယုံကြည်စိတ်ချစွာ စားသုံးနိုင်မှုမရှိခြင်း၊ အတိဒုက္ခနှင့်ရင်ဆိုင်လာရခြင်းတို့ပြင် ဘေးအန္တရာယ်ကျရောက်စေသည့် ဓာတုပစ္စည်းများ (Chemical Hazard)၊ သက်ရှိများ (Biological Hazard)၊ ရုပ်ဝတ္ထုပစ္စည်းများ (Physical Hazard) များမှတစ်ဆင့် မသန့်ရှင်းသော အစားအစာများဖြစ်စေကာ ရတ်တရက် ကပ်ရောဂါသဖွယ်ဖြစ်ပေါ်မှုများ ကြုံတွေ့လာကြရသည်။

စက်မှုဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် လူဦးရေ ၃၀ ရာခိုင်နှုန်းအထိ စားနပ်ရိက္ခာများမှတစ်ဆင့် သယ်ဆောင်ကူးစက်ကာ ဖျားနာသည့် ကပ်ရောဂါများ နှစ်စဉ်အလူးအလဲ ခံစားနေကြရသည်။

၁၉၉၉ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နှစ်စဉ်အသက်ငါးနှစ်အောက် ကလေးဦးရေသန်းပေါင်း ၁၅၀၀ ကျော်မှာ အစားအစာမှတစ်ဆင့် ကူးစက်၍ ဝမ်းပျက်ဝမ်းလျှောရောဂါကို ခံစားကြရပြီး သုံးသန်းကျော်မှာ အသက်သေဆုံးခဲ့ကြရသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ စားနပ်ရိက္ခာများမှတစ်ဆင့် ကူးစက်ပြန့်ပွားသည့်ရောဂါသည် နောက်ထပ် ဆယ်စုနှစ်တစ်ခုအတွင်း အဆပေါင်း ၃၀၀ မှ ၅၀၀ အထိ မြင့်မားလာနိုင်ပြီး ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသည့် ရောဂါများထက်ပင် ပိုမိုနိုင်သည်ဟု ဆိုထားသည်။ စားနပ်ရိက္ခာများမှတစ်ဆင့် သယ်ဆောင် ဖြစ်ပွားစေသောရောဂါများမှာ လတ်ဆတ်သောဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများမှတစ်ဆင့် ရောဂါသယ်ဆောင်လာကြောင်း တွေ့ရသည်။ ရောဂါသယ်ဆောင်လာမှုပမာဏနည်းပါးသော်လည်း ၎င်းဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများမှပါလာသောရောဂါများ၏ ကူးစက်ပြန့်ပွားမှုနှင့် အမှုကိစ္စဖြစ်ပွားမှုမှာ အစဉ်တိုးတက်များပြားလျက်ရှိသည်ကို တွေ့ရသည်။

၁၉၉၆ ခုနှစ်တွင် ကိုရီးယားနိုင်ငံမှတင်သွင်းသော အမဲသားမှပါလာသည့်နွားရူးရောဂါကြောင့် အင်္ဂလန်နိုင်ငံတွင် ကူးစက်ပြန့်ပွားခဲ့ရာ ထိန်းမနိုင်သိမ်းမရ ဖြစ်ခဲ့ဖူးသည်။ ရက်(စ်)ဗယ်ရီသီးမှတစ်ဆင့် ကူးစက်သည့်ရောဂါပိုးကြောင့် အမေရိကန်၊ ကနေဒါ၊ ဂွာတီမာလာနိုင်ငံတို့တွင်လည်း လူပေါင်း ၁၄၆၅ ဦး မကျန်းမမာဖြစ်ကာ ဒုက္ခခံစားခဲ့ရဖူးသည်။ ၁၉၉၇ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ အမဲသားမှတစ်ဆင့် (E-Coli, EC - 0-157;H7) ပိုးပြန့်ပွားကူးစက်မှု ကြုံခဲ့ရသည်။ ၁၉၉၉ ခုနှစ်တွင် ဘယ်လ်ဂျီယန်နိုင်ငံတွင် ဝက်သားမှတစ်ဆင့် Dioxin ဟူသည့် စက်မှုနှင့်စိုက်ပျိုးရေးသုံးဆေးဖြစ်သည့် အဆိပ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းတစ်မျိုးကို တွေ့ရှိခဲ့ရသည်။ ဩစတြေးလျနိုင်ငံတွင် စည်သွတ်လိမ္မော်ရည်ကို သောက်သုံးမိသဖြင့် လိမ္မော်ရည်မှတစ်ဆင့်ပါလာသော Salmonella ဘက်တီးရီးယားရောဂါပိုးကြောင့် လူပေါင်း ၅၀၀ ကျော်ဖျားနာမှုကို ခံစားခဲ့ကြရသည်။ ၂၀၀၁ ခုနှစ်တွင် တရုတ်နိုင်ငံမှ ထုတ်လုပ်သော မှိုတစ်မျိုးတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုကြောင့် စားသုံးသူများ မူးဝေအော့အန်သည့်ရောဂါဖြစ်ပွားခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းကြက်၊ ငှက်တုပ်ကွေးကူးစက်ရောဂါဖြစ်ပွားမှုမှာ စွန့်ပစ်အမှိုက်ပုံမှစတင်ကူးစက်လာကြောင်း တွေ့ရှိလာခဲ့သည်။ အမေရိကန်နိုင်ငံတွင် Green Oinon မှတစ်ဆင့်ပါလာသည့် အသည်းရောင်အသားဝါပိုးကူးစက်မှုကြောင့် လူပေါင်း ၄၀၀ ကျော်ခန့် မကျန်းမမာဖြစ်ကာ လေးဦးအသက်ဆုံးရှုံးခဲ့ရသည်။

၂၀၀၄ ခုနှစ် အမေရိကန်နိုင်ငံ ပြည်နယ် ၁၈ ခုနှင့် ကနေဒါနိုင်ငံတို့တွင် ခရမ်းချဉ်မှတစ်ဆင့် Samonella ဘက်တီးရီးယားရောဂါပိုးကူးစက်ပြန့်နှံ့မှုကြောင့် လူပေါင်း ၅၆၁ ဦးမကျန်းမမာဖြစ်ခဲ့ပြီး ၁၂ ဦးသေဆုံးခဲ့သည်။ ၎င်းနှစ်မှာပင် ငါးရှဉ့်အရှင်ကောင်များတွင် ကင်ဆာရောဂါဖြစ်စေသောဓာတ်များပါဝင်ကြောင်း စမ်းသပ်တွေ့ရှိခဲ့ရသည်ဆို၏။ ၂၀၀၅ ခုနှစ်တွင် ကိုရီးယားနိုင်ငံတွင် ကင်မ်ချီအစားအသောက်များတွင် ရောဂါဖြစ်စေသည့်ကပ်ပါးဥများ တွေ့ရှိရသဖြင့် ပမာဏများစွာဖျက်ဆီးပစ်ခဲ့ရသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ပီလောပီနံသကြားလုံးတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုကြောင့် အလယ်တန်းကျောင်းသား ၂၇ ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ၂၀၁၁ ခုနှစ်တွင် ဥရောပစားနပ်ရိက္ခာထွက်ကုန်များမှာ (E.coli 0104:H4) ရောဂါပိုးတွေ့ရှိခဲ့ရခြင်းကြောင့် ဥရောပ အဖွဲ့အစည်းများက အစားအစာအန္တရာယ်ကင်းရှင်းရေးကို အထူးဦးစားပေးဆောင်ရွက်ခဲ့ကြသည်။

၂၀၁၁ ခုနှစ်က မြန်မာနိုင်ငံတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဘုရားပွဲ၌ လူ ၃၀၀ ကျော် အစားအဆိပ်သင့်၍ မူးဝေအော့အန်ခြင်း၊ စစ်ကိုင်းတိုင်းတွင် ကျောင်းသားကလေးငယ် ၁၀ ဦး ပိုးသတ်ဆေးထုပ်နှင့်အအေးထုပ်မှားဖျော်၍ သောက်မိရာမှ ကျောင်းသားငယ်အချို့အသက်ဆုံးရှုံးခဲ့ရသည်။ ၂၀၁၂ ခုနှစ်တွင် ပိုးသတ်ဆေးကိုင်တွယ်ပြီးလက်မဆေးဘဲ ကလေးနို့ဘူးဖျော်တိုက်သဖြင့် ကလေးတစ်ဦးအသက်ဆုံးရှုံးခဲ့သည်။ မန္တလေးတွင် နတ်သုဒ္ဓါနှင့်ရေခဲမုန့်စားမိရာမှ လူ ၂၀ အစာအဆိပ်သင့်ခံကြရသည်။ မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် အလှူပွဲတစ်ခုမှ ထမင်းဟင်းစားမိရာမှ ဟင်းသီးဟင်းရွက်တွင် ကျန်ရှိနေသည့် ဓာတုဓာတ်ကြွင်းကြောင့် အစာအဆိပ်သင့်ပြီး လူ ၃၀၀ ကျော်ခန့် ဆေးရုံသို့ပို့ခဲ့ရသည်။ ရှမ်းပြည်နယ် အင်းလေးအတွင်းနေထိုင်သူထဲမှ ၇၀ ရာခိုင်နှုန်း၏သွေးထဲတွင် ပိုးသတ်ဆေးများ စစ်ဆေးတွေ့ရှိရသည်ဆို၏။ အနယ်နယ်အရပ်ရပ်တွင် အစားအသောက်များစွာ ပါရှိသည့် ဓာတုဓာတ်ကြွင်းများကြောင့် အစာအဆိပ်သင့်ခံရခြင်းဖြစ်စဉ်များမှာ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရသည်။

ဤသို့သောအစားအစာများ ဘေးကင်းလုံခြုံမှုမရှိသည့်အန္တရာယ်ကို ကာကွယ်ကုစားနိုင်ရန်အတွက် စားသုံးသူများနှင့် သိပ္ပံပညာရှင်များသည် အပူတပြင်းစဉ်းစားလာခဲ့ကြရာ ပထမခြေလှမ်းအဖြစ် အော်ဂဲနစ်ဟင်းနုံများထုတ်လုပ်ရေးကို အလေးထားခဲ့ကြသည်။

ထို့ကြောင့် အော်ဂဲနစ်သီးနှံများထုတ်လုပ်ရေးအရှိန်ရ၍ တစ်ခေတ်ဆန်းလာချိန်မှာပင် အသုံးပြုသော အော်ဂဲနစ်မြေဆွေးများ၊ သဘာဝမြေဆွေးများ၊ နွားချေးဆွေး၊ ကြက်ချေးဆွေးများမှတစ်ဆင့် လူသားတို့အား အန္တရာယ်ဖြစ်စေသည့်ဘက်တီးရီးယားပိုးများ၊ ဗိုင်းရပ်စ် ပိုးမွှားများပါရှိလာမှုကြောင့် စားသုံးသူတို့က အော်ဂဲနစ်သီးနှံများကိုလက်တွန့်လာကြပြန်သည်။

အော်ဂဲနစ်စနစ်ဖြင့် ထုတ်လုပ်သောစားနပ်ရိက္ခာများသည် စားနပ်ရိက္ခာဘေးကင်းလုံခြုံမှု၊ အရည်အသွေးကောင်းမွန်သော စားနပ်ရိက္ခာရရှိနိုင်မှု၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ်ကို အကာအကွယ်ပေးနိုင်မှု၊ လုပ်သားများ၏တကိုယ်ရေကျန်းမာသန့်ရှင်းမှုနှင့် ဘဝသာယာလုပရေးရှိမှုတို့ကို အာမခံချက်မပေးနိုင်ကြောင်း တွေ့ရှိလာကြပြန်သည်။ ဤသို့ဖြင့်တစ်ဆင့်တက်၍ စဉ်းစားလာကြရာ အထက်ပါအချက်များကို ပြည့်စုံကုံလုံစွာ အာမခံချက်ပေးနိုင်မည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ်ကို တီထွင်ကြံဆရှာဖွေ တွေ့ရှိလာကြသည်။

GAP စနစ်ကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက ဦးဆောင်၍နိုင်ငံပေါင်းများစွာဖြင့် ကမ္ဘာလုံးဆိုင်ရာ GAP (Global GAP) ကို ရေးဆွဲပြဋ္ဌာန်းသတ်မှတ်ခဲ့သည်။ ထို့နောက် ကမ္ဘာလုံးဆိုင်ရာ GAP Guide Line နှင့်အညီ ဒေသအလိုက် နိုင်ငံများက ဒေသလုံးဆိုင်ရာ GAP (Regional GAP) ကို ညှိနှိုင်းရေးဆွဲခဲ့ကြသည်။

မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများညှိနှိုင်း၍ အာဆီယံ GAP (Asian GAP) ကိုလည်း ရေးဆွဲပြဋ္ဌာန်းသတ်မှတ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံ GAP Guide Line များနှင့်အညီ မြန်မာ့ GAP ကို ရေးဆွဲကျင့်သုံးလျက်ရှိနေပြီဖြစ်သည်။

အဆင့်ဆင့်သော GAP စနစ်များ ရေးဆွဲပြဋ္ဌာန်းသတ်မှတ်ရာတွင် တစ်သွေးတစ်သံ တစ်ညီတစ်ညွတ်တည်း တူညီစွာ ထည့်သွင်းရေးဆွဲခဲ့သောအချက်မှာ GAP Module လေးခုပင်ဖြစ်သည်။

ယင်းလေးခုမှာ (၁) **အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍ** GAP (Food Safety Module)၊ (၂)**သီးနှံများ၏အရည်အသွေးကောင်းမွန်ရေးကဏ္ဍ** (Produce Quality Module)၊ (၃) **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ** (Enviornemntal Management Module) နှင့် (၄) လု**ပ်သားများ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်း ရေးနှင့် လူမှုဘဝသာယာရေးကဏ္ဍ** (Worker's Health, Safety and Welfare Module) တို့ဖြစ်သည်။

အထက်ဖော်ပြပါ GAP Module လေးခုကို GAP Protocal နှင့်အညီ သေချာစွာစနစ်တကျနှင့်တစ်သဝေမတိမ်း လိုက်နာကျင့်သုံးဆောင်ရွက်ကြမည်ဆိုလျှင် လုံခြုံစိတ်ချရသော စားနပ်ရိက္ခာများရရှိရေး၊ အရည်အသွေးကောင်းစားနပ်ရိက္ခာများရရှိရေးတို့အတွက် အာမခံချက်အသေအချာပေးနိုင်မည် ဖြစ်သည်။

ယနေ့ကမ္ဘာ့စားနပ်ရိက္ခာသီးနှံများကို ရောင်းဝယ်ဖောက်ကားကုန်သွယ်ဆက်ဆံကြရာတွင် လုံခြုံစိတ်ချရသော ရိက္ခာသီးနှံများဖြစ်ရေးနှင့် အရည်အသွေးကောင်းသောရိက္ခာသီးနှံဖြစ်ရေးများကို ထိပ်တန်းထား၍ စကားပြောလာကြသည်။

ယင်းကဲ့သို့ ကိုက်ညီအောင်မထုတ်လုပ်နိုင်လျှင် မိမိနိုင်ငံမှ ရိက္ခာသီးနှံများသည် ကမ္ဘာ့ဈေးကွက်တွင် ပွဲမတိုးနိုင်ဘဲဖြစ်မှာ အမှန်ပင်ဖြစ်သည်။ လွန်ခဲ့သောနှစ်က မြန်မာပြည်မှတင်ပို့သော ဟင်းသီးဟင်းရွက်သစ်သီးဝလံများတွင် ဓာတုဓာတ်ကြွင်းများပါဝင်ပြီး အင်းဆက်ဖျက်ပိုးကောင်အရှင်များတွေ့ရှိရသဖြင့် အကြီးအကျယ်ကန့်ကွက်ခြင်း ခံခဲ့ရသည်။

အစ္စရေးလ်နိုင်ငံတွင် ငှက်ပျောကို GAP (Global GAP) စနစ်ဖြင့်စိုက်ပျိုးထုတ်လုပ်ရာ ပြည်ပသို့မတင်ပို့မီ ပြန်လှန်စစ်ဆေးခြင်းပြုလုပ်ရာ၌ ငှက်ပျောသီးတစ်လုံးတွင် ဘက်တီးရီးယားရောဂါပိုးတွေ့ရှိခဲ့သည်ဆို၏။ ယင်းကဲ့သို့ တွေ့ရှိသော ငှက်ပျောသီး၏နံပါတ်၊ ငှက်ပျောဖီး၏နံပါတ်၊ ငှက်ပျောခိုင်၏နံပါတ်၊ ငှက်ပျောပင်၏နံပါတ်၊ ငှက်ပျောရုံ၏နံပါတ်၊ ငှက်ပျောရုံတန်း၏ နံပါတ်များဖြင့် နောက်ကြောင်းပြန်လိုက်လံစိစစ်ကာ ပြန်လည်ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး ငှက်ပျောသီး၏ မိခင်အပင်၊ မိခင်အရုံတစ်ရုံလုံးကိုတူးထုတ်၍ မီးရှို့ဖျက်ဆီးပစ်ခဲ့ရသည်။ ထိုငှက်ပျောရုံမှ ငှက်ပျောသီးအားလုံးကိုလည်း မြေကျင်းနက်နက်တူးမြှုပ်၍ ဆေးဖျန်းခဲ့သည်။ GAP Protocol အရ နောက်ကြောင်းပြန်စစ်ဆေးနိုင်ရန် မှတ်တမ်းစနစ်တကျထားရှိခြင်း၏ အကျိုးကျေးဇူးပင်ဖြစ်သည်။

GAP စနစ်ကို Protocol အတိုင်းသာ သေချာတိကျစွာ လိုက်နာကျင့်သုံးဆောင်ရွက်မည်ဆိုလျှင် အာမခံချက်ပေးနိုင်သည့်စနစ်ဖြစ်မည်မှာ ငြင်းဖွယ်ရာမရှိပေ။

ယခုအခါ မြန်မာ့ GAP ထောက်ခံချက်လက်မှတ်များကို အာဆီယံ GAP ထောက်ခံချက်လက်မှတ်များရရှိအောင် စိုက်ပျိုးထုတ်လုပ် ကြိုးပမ်းနေကြချိန်တွင် ကမ္ဘာ့ GAP (Global GAP) ထောက်ခံချက်လက်မှတ်အထိရရှိအောင် တစ်ဆင့်တက်၍ ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် မြန်မာ့ရိက္ခာသီးနှံထွက်ကုန်များ၏လုံခြုံမှုနှင့် အရည်အသွေးကောင်းများနှင့်ပတ်သက်၍ ကမ္ဘာ့အလယ်တွင် တင့်တယ်စွာ ရောင်းဝယ်ဖောက်ကားနိုင်ကြမည် ဖြစ်သည်။ ■

# လယ်ယာသုံးစက်ကိရိယာပြပွဲနှင့် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးမှုတွင် ပါဝင်သူများ တွေ့ဆုံပွဲ ဘားအံတွင် ကျင်းပ



ဘားအံ ဖေဖော်ဝါရီ ၂၀

**ကရင်** ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် Karen Women Emprowerment Group (KWEG)၊ Mennonite Economic Development Associates (MEDA)တို့ ပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာပြပွဲနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးမှုတွင် ပါဝင်သူများ တွေ့ဆုံပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် ယနေ့နံနက် ၉ နာရီက ဘားအံမြို့နယ် ကန်သာဦးခန်းမ၌ကျင်းပရာ ဌာနဆိုင်ရာများနှင့် ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်မြို့နယ်တို့ရှိ ကျေးရွာ ၂၀ မှ တောင်သူလယ်သမား ၇၀ ဦးတို့ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက တောင်သူလယ်သမားများ စိုက်ပျိုးသောသီးနှံများ ဈေးကွက်ရရှိရေး၊ စိုက်ပျိုးရေရရှိရေးတို့ကို ဆွေးနွေးပြီး စက်မှုလယ်ယာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးတိုးသီလက စက်မှုလယ်ယာကူးပြောင်းရေးကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ MEDA Myanmar မှ ဦးမင်းဇော်ဦး Value Chain Officer နှင့် KWEG မှ Director ဒေါ်နော်သက်သက်ထွန်းတို့က စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် တောင်သူလယ်သမားများသည် ခန်းမအတွင်း ပြသထားသော စက်ကိရိယာများနှင့် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများကို ကြည့်ရှုလေ့လာကြသည်။ ■

ကျော်ဖုံး – မြဝတီခရိုင် မှ

**မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် GMSAEDC ပူးပေါင်း၍ ပေါင်းစည်းလယ်ယာမြေစိုက်ပျိုးမွေးမြူရေးသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မြဝတီမြို့နယ်၊ KNU KNLA PC အမှတ် ၃ အထူး ဗျူဟာ ၇၇၅ အထူးတပ်ရင်း စိုက်ပျိုး မွေးမြူရေးစခန်း၌ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အဖွင့်အမှာစကား ပြောကြားသည်။**



ဆက်လက်၍ GMSAEDC မှ Mr.Yuki Ozaki (Project Director) က ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဝင်းဇင်မောင်က ပြည်နယ်မွေးမြူရေးအခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက စိုက်ပျိုးရေးကဏ္ဍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်း ပြောကြားကြသည်။

ထို့နောက် KNU KNLA PC စစ်ထောက်ချုပ် ဗိုလ်ချုပ်စောရင်နုက ကျေးဇူးတင်စကား ပြောကြားသည်။

သင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၂ ရက်အထိဖွင့်လှစ်ကာ သင်တန်းသားသင်တန်းသူ ၃၀ ဦးတို့ကို စာတွေ့လက်တွေ့ပို့ချပေးသည်။

ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါစခန်းအတွင်း ကြည့်ရှုစစ်ဆေးပြီး ကော့ကရိတ်မြို့နယ် ထူးဟဲစေးဟဲ သုတေသနမျိုးပွားခြံနှင့် ဂျိုင်းမြစ်ရေတင်ဆက်လက်သွားရောက်သည်။

ဂျိုင်းမြစ်ရေတင်ဖြင့် ရေကြီးနစ်မြုပ်ဧက ပြန်လည်စိုက်ပျိုးရာ ဧက ၂၀၀ ကို အောင်ရေပေးဝေနိုင်ခဲ့ပြီး စီမံကိန်းဧက ၆၀၀ ပြည့်မီရေးအတွက် ယခုနှစ်တွင် နွေစပါးဧက ၃၆၀ စိုက်ပျိုးရန် ပြင်ဆင်ထားသည်။ ■

## မုဒုံဘက်စုံစိုက်ပျိုးမွေးမြူရေးစံပြခြံတွင် ငြိမ်းချမ်းရေးတောင်သူများ လက်တွေ့လေ့လာ

မုဒုံ ဖေဖော်ဝါရီ ၁၈

**မုဒုံ** မြို့ နှစ်ရှည်ပင်သုတေသနနှင့် နည်းပညာပြန့်ပွားရေးသုတေသနခြံသည် ရော်ဘာစိုက်နည်းစနစ်၊ ထုတ်လုပ်နည်းပညာများကိုသာမက ရေမြေတောတောင်သဘာဝနှင့်ကိုက်ညီသော နှစ်ရှည်ပင်စိုက်ပျိုးမှုနှင့် သဟဇာတဖြစ်သည့် စိုက်ပျိုးမွေးမြူရေးများကို သုတေသနစံပြခြံအဖြစ် တောင်သူများကို နည်းပညာပေးလျက်ရှိရာ အဆိုပါခြံသို့ ကရင်ပြည်နယ် မြဝတီခရိုင် KNU KNLA PC ငြိမ်းချမ်းရေးနယ်မြေ ထီးဝါးပလောဒေသမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ၃၀ ဦးတို့ ယနေ့လာရောက်လေ့လာကြရာ ခြံတာဝန်ခံ ဦးလှမိုးအောင် (လက်ထောက်ညွှန်ကြားရေးမှူး)က သုတေသနစိုက်ပျိုးမှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး တွဲဖက်၍ ဝင်ငွေတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြသသည်။



ဆက်လက်၍ သုတေသနပညာရှင် ဦးစန်းယုကြည်က နှစ်ရှည်ပင် စိုက်ခင်းများအကြား ရာသီသီးနှံနှင့် ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးရန် ခြံစီမံခန့်ခွဲမှုနှင့် မွေးမြူရေးအတွက် ငါး၊ ကြက်၊ ဖား မွေးမြူရေး လုပ်ငန်းများကို ရှင်းပြသည်။

ထို့နောက် လေ့လာရေးအဖွဲ့များသည် ဥယျာဉ်ခြံသစ်သီးဝလံနှင့် ရာသီသီးနှံများ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လက်တွေ့လေ့လာကြကာ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ ■



မြတ်သဉ္ဇာလှိုင် စုစည်းတင်ပြသည်။

## ဘေးအန္တရာယ်ကင်းရှင်းသောသီးနှံများ စိုက်ပျိုးနိုင်ရေး နည်းပညာပေးသင်တန်းများ ကရင်ပြည်နယ်တွင် ဖွင့်လှစ်

လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၀

**ဘေး** အန္တရာယ်ကင်းရှင်းသောသီးနှံများ ထုတ်လုပ်စိုက်ပျိုးနိုင်စေရန် ရည်ရွယ်၍ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများသင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက်က ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းစိုက်ပျိုးနည်းပညာပေးစခန်းတွင် ကျင်းပသည်။

အဆိုပါနည်းပညာပေးသင်တန်းတွင် ဘားအံခရိုင်ဦးစီးမှူး ဦးဇော်ဝင်းလတ်နှင့် VFRDC မှ ဦးစီးအရာရှိ ဒေါ်အိအိထွေးတို့က နည်းပညာများပို့ချပြီး ရွှေဂွန်း၊ သာယာကုန်း၊ နောကော၊ အင်းနို့သိပ္ပံ၊ တခွက်ဘိုး၊ ကိုမောင်၊ မြလေး၊ ဂျို့ချောင်း၊ ကျုံပကိုနှင့်တခင်းလုံကျေးရွာများမှ တောင်သူ ၁၀၃ ဦး တက်ရောက်ကြသည်။

ဒေသခံတောင်သူများကိုယ်စား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစောချစ်ဦးထံသို့ ပြည်နယ်စိုက်ပျိုးပညာပေးတာဝန်ခံ ဦးဝင်းဇော်က သီးနှံမျိုးစေ့ ၁၅ မျိုးကို ပေးအပ်သည်။

လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းဒေသသည် ၂၀၁၈ ခုနှစ် မိုးရာသီက ရေကြီးနစ်မြုပ်ဒဏ်ခံရ၍ သီးနှံများပျက်စီးဆုံးရှုံးခဲ့ရာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ FAO နှင့် အလှူရှင်များက သီးနှံမျိုးစေ့များနှင့်သွင်းအားစုများ ထောက်ပံ့ပေးအပ်ပြီး စိုက်ပျိုးရေးပညာရှင်များက ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ သင်တန်းကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီက ဘားအံမြို့ စုပေါင်းရုံးတွင် ပြုလုပ်ရာ ဘားအံမြို့နယ်အတွင်းရှိ မကျီးကျွန်းကျေးရွာ၊ မိန်းမလှကျွန်းကျေးရွာ၊ ဝါးဆုကျေးရွာ၊ တရုတ်လှ (ကော့ကျိုက်ကျေးရွာ)၊ ဖအွံ့ကျေးရွာများမှ တောင်သူများ တက်ရောက်ကြသည်။ ■

# စိုက်ပျိုးသူတိုင်း အလေးထား အမြစ်ပေါက် ဓာတုပစ္စည်းများ

ဦးပရက်သိန်းဝေ

**လွန်ခဲ့သောဆယ်စုနှစ်များစွာကပင် စိုက်ပျိုးသူများအနေဖြင့် ပင်ပိုင်းအင်္ဂါများမှ မျိုးပွားရန်အတွက် အမြစ်ပေါက်ဟိုမုန်းများကို အသုံးပြုခဲ့ကြသည်။ အမြစ်ပေါက်ဟိုမုန်းများ၏အစွမ်းဖြင့် မျိုးပွားရာတွင် အသုံးပြုသောအင်္ဂါများမှ အမြစ်များမြန်မြန်ထွက်ခြင်း၊ များများထွက်ခြင်းကြောင့် ဗီဇတူအပင်များကို မျိုးပွားထုတ်သည့်လုပ်ငန်း၌ အထောက်အကူကြီးမားစွာဖြစ်စေသည်။ ထို့ကြောင့်လည်း မျိုးဥယျာဉ်လုပ်ငန်းကို လုပ်ဆောင်သူများက အပင်များမျိုးပွားရာတွင် အမြစ်ပေါက်ဟိုမုန်းများကို အလေးထား သုံးစွဲလျက် ရှိသည်။**

ဟိုမုန်းမဟုတ်ဘဲ အမြစ်ပေါက်ခြင်းကို အားပေးသော ဓာတုပစ္စည်းများလည်း ရှိသေးသည်။ အချို့မှာ အင်အော်ဂဲနစ်ဓာတုပစ္စည်းများဖြစ်သကဲ့သို့ အချို့မှာ ဗီတာမင်များဖြစ်ကြသည်။

အမြစ်များသန်မာဖွံ့ဖြိုးသော ပျိုးကိုင်းများသည် စိုက်ပျိုးမြေများတွင် အခြေချရာ၌ အထောက်အကူဖြစ်စေသည်။ ပျိုးပင်မှတစ်ဆင့် ကျန်းမာဖွံ့ဖြိုးသော အပင်အဖြစ် အောင်မြင်စွာရှင်သန်ရန် အထောက်အကူဖြစ်စေသည်။ စိုက်ပျိုးသူအများစုမှာ အမြစ်ပေါက်ဟိုမုန်းများ၏အစွမ်းကို ထိုမျှသာသိထားကြသည်။ အမှန်မှာ အမြစ်ပေါက်ဟိုမုန်းများသည် အခြေချပြီးသော အပင်များ၏ ကြီးထွားဖွံ့ဖြိုးခြင်းကိုလည်း အထောက်အကူကြီးမားစွာဖြစ်စေသည်။ အမြစ်များကို ကြီးထွားဖွံ့ဖြိုးစေခြင်းက မြေဆီလွှာမှ အာဟာရများနှင့် ရေကိုပိုမိုစုပ်ယူနိုင်ခြင်းကြောင့် ဖြစ်သည်။ အကယ်၍ စိုက်ပျိုးသူများအနေဖြင့် မိမိတို့စိုက်ပျိုးထားသော သီးနှံတစ်မျိုးမျိုးကို အမြစ်ပေါက်ဟိုမုန်းများ (သို့မဟုတ်) အမြစ်ကြီးထွားဖွံ့ဖြိုးခြင်းကို အားပေးသောဓာတုပစ္စည်းများကို အသုံးပြုခြင်းအားဖြင့် ပို၍ ကောင်းမွန်သော သီးနှံအရည်အသွေးနှင့် အထွက်နှုန်းကို ရရှိမည်ဖြစ်သည်။

အစေ့များမှာ အဖိုဗီဇနှင့်အမဗီဇပေါင်းစပ်ပြီးမှ ဖြစ်ပေါ်လာသောအင်္ဂါများဖြစ်သည်။ အစေ့အတွင်းတွင် မိခင် (အမ)နှင့်ဖခင် (အဖို)ဗီဇနှစ်မျိုးစလုံးပါရှိသဖြင့် ယင်းမှာမိခင်နှင့်ရော ဖခင်နှင့်ပါ ထပ်တူထပ်မျှ မတူတော့ဘဲ ဗီဇမျိုးကွဲများဖြစ်လာသည်။ အကယ်၍ အပင်တစ်ပင်၏ မူလဗီဇအတိုင်းရရှိလိုပါက အစေ့နှင့် မျိုးမပွားဘဲ ပင်ပိုင်းအင်္ဂါများမှ မျိုးပွားယူရမည် ဖြစ်သည်။ ထိုသို့ ပင်ပိုင်းအင်္ဂါမှတစ်ဆင့် မျိုးပွားရန်အတွက်ကား အမြစ်ပေါက်ဟိုမုန်း (သို့မဟုတ်) အမြစ်ပေါက်ခြင်းကို အားပေးသောဓာတုပစ္စည်းများကို အသုံးပြုနိုင်မည် ဖြစ်သည်။

တန်ဖိုးကြီးသောအပင်များ၊ ပြပွဲပြိုင်ပွဲများတွင် ဆုရသောအပင်များ၊ တန်ဖိုးကြီးပရဆေးပင်များကို အစေ့မခံဘဲ ပင်ပိုင်းမှပင် မျိုးပွား၍ ယင်းတို့၏ဗီဇကို ထိန်းသိမ်းထားကြသည်။

## သီးနှံပင်များ၏ ကြီးထွားဖွံ့ဖြိုးမှုအဆင့်နှင့် အမြစ်သဘာဝ

ယေဘုယျအားဖြင့် ကြီးထွားမှုကို အဆင့်သုံးဆင့်ဖြင့် တင်ပြလေ့ရှိသည်။ **ပထမအဆင့်မှာ အစေ့မှအညှောက်ပေါက်ပြီး ပင်ပိုင်းကြီးထွားမှုကာလ ဖြစ်သည်။** စပါးပင်များ၏ ကြီးထွားမှုနှင့်တင်ပြရလျှင် စပါးစေ့အညှောက်ချိန်မှ ပင်ပွားများထွက်ပြီး နောက်ဆုံးပင်ပွားများ ဖြစ်ပေါ်ချိန်အထိဖြစ်သည်။ ယေဘုယျအားဖြင့် ကြီးထွားမှုနှုန်းမမြန်သေးသော ကာလဖြစ်သည်။ **ဒုတိယအဆင့်မှာ ဖုံးတုန်းလုံးတုန်းကာလ ပင်စည်အလယ်ပိုင်း ဖောင်းပွလာသော အဆင့်ဖြစ်သည်။** အပင်အတွင်း ဖိုမသန္ဓေစတည်ချိန် ဖြစ်သည်။ **မင်္ဂလာညွှန့် ခေါ် အလံရွက်ထွက်လာသော ကာလဖြစ်သည်။** ထို့နောက် ပန်းခိုင်ထွက်လာသည်။ နောက်ပန်းပွင့်လာသည်။ ဝတ်မှုန်ကူးသည်။ ဤအဆင့်မှာ အပြောင်းအလဲမြန်သည်။ အပင်အတွက် စွမ်းအင်နှင့် အစာ၊ လိုအပ်မှုများသောကာလ ဖြစ်သည်။ လိင်ပိုင်းဆိုင်ရာ ကြီးထွားမှုအတွက် အပင်အနေဖြင့် ရေနှင့်အာဟာရ လုံလောက်စွာ မထောက်ပံ့နိုင်သောအခါ ဖိစီးမှု (Stress) ဖြစ်ပေါ်လာသည်။ ထိုဖိစီးမှုများကို ပညာရှင်များက လိင်ပိုင်းဖိစီးမှု (Reproductive Stress) ဟု ခေါ်သည်။ သာမန်အားဖြင့် လိင်ပိုင်းဖွံ့ဖြိုးမှုအတွက် လိုအပ်သောအစာ၊ စွမ်းအင်နှင့် ရေကိုမထောက်ပံ့နိုင်သော ကာလဖြစ်သည်။ အပင်၏ တစ်သက်တာကာလအတွင်း အခက်ခဲဆုံးကာလဖြစ်သည်။ ထိုအခြေအနေမျိုးတွင် ဝန်းကျင်အပူချိန် မြင့်တက်ခြင်း၊ ပိုးမွှားရောဂါများ ဝင်ရောက်ခြင်းများ ကြုံရပါက အခြေအနေကို ပိုဆိုးစေသည်။ ဤအခြေအနေမျိုးတွင် ရရှိသောအထောက်အပံ့များမှာ အပင်အတွက် အထောက်အကူကြီးမားစွာဖြစ်စေသည်။ သို့သော် ထိုခက်ခဲသောအခြေအနေ၌ပင် အခြားသော ဖိစီးမှုတစ်မျိုးမျိုးနှင့်ရင်ဆိုင်ရပါက အပင်အတွက် ထိခိုက်မှုကို ကြီးမားစွာဖြစ်စေသည်။ စိုက်ပျိုးသူအနေဖြင့် မိမိသီးနှံကို အထူးဂရုပြု စောင့်ရှောက်ရမည့်ကာလ ဖြစ်သည်။ အကယ်၍ ဤအဆင့်၌ အမြစ်ဖွံ့ဖြိုးမှုကို ကောင်းစွာရရှိပါက ကြီးမားသောအထောက်အကူ ဖြစ်စေမည်ဖြစ်သည်။ အမြစ်ပေါက်ဟိုမုန်းများ အမြစ်ကိုအားပေးသော ဓာတုပစ္စည်းများကို ဤအဆင့်တွင် အသုံးပြုပေးပါက သီးနှံပင်၏ ကြီးထွားဖွံ့ဖြိုးမှုကို ကောင်းမွန်စေမည်။ လိင်ပိုင်းဖိစီးမှုကို သက်သာစေမည်ဖြစ်သည်။ ဤအချိန်၌ရရှိသော တစ်စုံတစ်ရာသော အထောက်အကူသည် ထိုသီးနှံပင်၏ ကြီးထွားနှုန်းနှင့်အထွက်နှုန်းကို ကြီးမားစွာ အကျိုးဖြစ်စေမည် ဖြစ်သည်။

**တတိယအဆင့်မှာ အစေ့အတွင်း (သို့မဟုတ်) သိုလှောင်အင်္ဂါများအတွင်း အစာရွေ့ချိန် ဖြစ်သည်။** အရွက်မှချက်လုပ်သော အစာများ ထိုသိုလှောင်အင်္ဂါများဆီသို့ ရွှေ့ပြောင်းချိန်ဖြစ်သည်။ ဤအဆင့်မှာ ကြီးထွားနှုန်းအားဖြင့် နှေးသွားသော ကာလဖြစ်သည်။

ထိုကြီးထွားမှုအဆင့်သုံးဆင့်ကို ဂရပ်ဆွဲကြည့်ပါက အင်္ဂလိပ်ဝေါဟာရ S ပုံတွေ့ရမည်ဖြစ်သည်။ ထိုဂရပ်ကို ပညာရှင်များက ဆစ်မွိုင်ကာဗ် (Sygmoid curve) ဟု ခေါ်သည်။





အပင်များပုံမှန်ကြီးထွားချိန်၌ပင် အမြစ်ပေါက်ဟိုမုန်းများအသုံးပြုခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူဖြစ်စေနိုင်ကြောင်း သိသာပေသည်။

## အာလူးကဲ့သို့အမြစ်ဖွံ့ဖြိုးမှုညံ့သော သီးနှံများ

စိုက်ပျိုးရေးလောကတွင် အသုံးပြုသော သီးနှံ အားလုံး၏ အမြစ်ဖွံ့ဖြိုးမှုသဘာဝမတူညီကြပေ။ ထင်ရှားသောသီးနှံများအတွင်းတွင် အမြစ်ဖွံ့ဖြိုးမှု အလွန်ညံ့သောအာလူးပင်များ ရှိသကဲ့သို့ အမြစ်ဖွံ့ဖြိုးမှု အလွန်ကောင်းသော ပြောင်းကဲ့သို့ အပင်များလည်း ရှိသည်။ အကယ်၍ အာလူးပင်များ၏ အမြစ်ဖွံ့ဖြိုးမှု ကို အမြစ်ပေါက်ဟိုမုန်းများ (သို့မဟုတ်) ဖော့စဖိတ်ကဲ့သို့ အမြစ်အားပေးမြေသြဇာများကို အသုံးပြုပါက အာလူးအထွက်နှုန်းကို ကြီးမားစွာပြောင်းလဲနိုင်မည် ဖြစ်သည်။ လူတို့စိုက်ပျိုးသောသစ်ခွများတွင်လည်း အမြစ်ဖွံ့ဖြိုးမှုကောင်းသော သစ်ခွများရှိသကဲ့သို့ အမြစ်ဖွံ့ဖြိုးမှုညံ့သော သစ်ခွများလည်းရှိသည်။ အကယ်၍ ထိုသစ်ခွများအတွက် သင့်တော်ရာ အမြစ်ပေါက်ဟိုမုန်းများ ဥပမာ–ကိုက်ကိရ Keiki - Root ကို သုတ်သိမ်းပေးပါက အမြစ်များကောင်းစွာ ဖွံ့ဖြိုးလာပြီး ပန်းပွင့်ခြင်းနှင့်ကြီးထွားခြင်းကို အထောက်အကူဖြစ်စေမည် ဖြစ်သည်။

## အမြစ်များ၏သဘာဝ

သီးနှံပင်များ၏ အမြစ်ကြီးထွားဖွံ့ဖြိုးစေရန် ပြုလုပ်ရာတွင် အမြစ်များ၏ယေဘုယျသဘာဝကို သိထားရန် လိုအပ်သည်။ အမြစ်များသည် အလင်းနှင့်ဝေးရာ အမှောင်ဆီသို့ ဦးတည်သွားလေ့ရှိသည်။ (Negative phototropic) အမှောင်နေရာများကို ဖန်တီးပေးခြင်းဖြင့် အမြစ်များကိုပို၍ ကြီးထွားစေမည် ဖြစ်သည်။ အမြစ်များသည် အစိုဓာတ်ရရာနေရာဆီသို့လည်း ဦးတည်သွားမြဲဖြစ်သည်။ အပင်၏အနီး တစ်နေရာရာတွင် အစိုဓာတ်ပံ့ပိုးပေးခြင်းဖြင့် ထိုနေရာဆီသို့ အမြစ်ကိုဆွဲဆောင်နိုင်သည်။ အမြစ်များကြီးထွားရန် လေ (အောက်စီဂျင်)လိုအပ်သည်။ လေတိုက်သောနေရာမျိုးတွင် အမြစ်များ၏ ဖွံ့ဖြိုးမှု ထိခိုက်နိုင်သည်။ အမြစ်များသည် မြေဆီလွှာရှိရာ အောက်အရပ်ဆီသို့ တိုးသွားမြဲဖြစ်သည်။ အမြစ်များ၏ဖွံ့ဖြိုးမှု ထိခိုက်နိုင်သည်။(possitive geotropic)

## မြေဆီလွှာမျက်နှာပြင်သို့ အမြစ်များခေါ်မွေးခြင်း

သီးနှံပင်များ၏အပင်ရင်း မြေဆီလွှာ၏မျက်နှာပြင်တွင် မြေဖုံး Mutch တစ်မျိုးမျိုးအသုံးပြုပြီး အစာနှင့်ရေကိုလုံလောက်စွာ ပေးထားပါက ထိုနေရာမှာ အမြစ်များရောက်ရှိလာမည်ဖြစ်သည်။ ထိုနေရာမှာ လေ၊ ရေနှင့်အစာရရှိရုံမက မှောင်နေသောကြောင့် အမြစ်များပွားများနေရာဖြစ်လာသည်။ အကယ်၍ အမြစ်ပေါက်ဟိုမုန်းများနှင့်အမြစ်ဖွံ့ဖြိုးခြင်းကို အားပေးသော ဓာတုပစ္စည်းများအသုံးပြုပါက သီးနှံပင်များ၏ကြီးထွားနှုန်းကို ပိုမိုကောင်းမွန်စေပြီး အဆုံးတွင် အထွက်နှုန်းကိုပါ တိုးစေမည်ဖြစ်သည်။

## အမြစ်ပေါက်ဟိုမုန်းများနှင့်ဓာတုပစ္စည်းများ

စိုက်ပျိုးရေးဈေးကွက်တွင် အမြစ်ပေါက်ဟိုမုန်းများကို အမှုန့်၊ အရည်၊ အဆီစသည့် အသွင်အမျိုးမျိုးဖြင့် တွေ့ကြရသည်။ အဓိက အမြစ်ပေါက်ဟိုမုန်းများမှာ အင်ဒိုးဗျူးထရစ်အက်စစ် (Indole Butgric Acid - IBA) ဖြစ်သည်။ ထိုဟိုမုန်းများမှာ အပင်များ အမြစ်ထွက်စေရာတွင် အစွမ်းအထက်ဆုံး ဟိုမုန်း ဖြစ်သည်။ နက်သလင်းအက်စစ်တစ်အက်စစ် (Napthylene Acetic Acid - N.A.A) မှာကား အသုံးများသော အမြစ်ပေါက်ဟိုမုန်းဖြစ်သည်။ ဤဟိုမုန်းကား အမြစ်ပေါက်စေရာတွင် IBA လောက်မစွမ်းသော်လည်း ကြီးထွားခြင်း၊ ပန်းပွင့်ခြင်းအပြင် ဖိစီးခြင်းများကို ဖြေလျော့ရာတွင် အသုံးဝင်သည်။ ဈေးလည်း သက်သာသောကြောင့် ယင်းတစ်မျိုးတည်းကိုသော်လည်းကောင်း IBA နှင့်ပေါင်းစပ်၍သော်လည်းကောင်း အသုံးပြုကြသည်။

ဓာတုပစ္စည်းများတွင် အာဟာရအဖြစ် လူသိများသောဖော့စဖိတ်များမှာ အမြစ်ကြီးထွားဖွံ့ဖြိုးခြင်းကို အားပေးသောဓာတုပစ္စည်းဖြစ်သည်။ ဤနေရာတွင် ရေမပျော်သော ဖော့စဖိတ်များကို အသုံးပြုပါက အာနိသင်ပြနှေးသောကြောင့် အာနိသင်ပြမြန်သော ရေပျော်ဖော့စဖိတ်များကို အသုံးပြုကြသည်။ ယင်းတို့အနက် ဖော့ဖိုးရစ်အက်စစ် (Phosphoric Acid)၊ မိုနိုအမိုးနီးယမ်းဖော့စ်ဖိတ် (MAP)တို့ကို အသုံးများသည်။ မြေချမြေသြဇာအဖြစ်သာမက ရွက်ဖျန်းမြေသြဇာများအဖြစ်လည်း အသုံးပြုနိုင်သည်။

စိုက်ပျိုးသူအများစုမှာ မိမိတို့စိုက်ပျိုးသော သီးနှံပင်များကို ပြုစုစောင့်ရှောက်ရာတွင် မြေပေါ်ပိုင်းအင်္ဂါများကိုသာ အလေးထားမိကြသည်။ မိမိတို့မျက်စိမြင့်မမြင်ရသော မြေအောက်ရှိအမြစ်များကို စဉ်းစားလေ့မရှိပေ။ အကယ်၍ အမြစ်များ၏သဘာဝကို ကောင်းစွာလေ့လာပြီး ထိုအမြစ်များ ကြီးထွားဖွံ့ဖြိုးအောင်ပြုလုပ်ပေးနိုင်ပါက မြေပေါ်ပိုင်းအင်္ဂါအားလုံးအတွက်လည်း အကျိုးများစေနိုင်မည် ဖြစ်သည်။ **အမြစ်များကြီးထွားရေးမှာ အမြစ်ပေါက် ဟိုမုန်းများနှင့်အမြစ်ကို ဖွံ့ဖြိုးစေသော ဖော့စဖိတ်ကဲ့သို့သော အာဟာရများကို ထောက်ပံ့ရန် လိုအပ်သည်။** အကယ်၍ စိုက်ပျိုးသူများအနေဖြင့် အမြစ်ပေါက်ဟိုမုန်းနှင့်အမြစ်ကြီးထွားဖွံ့ဖြိုးခြင်းကို အားပေးသော ဖော့စဖိတ်ကဲ့သို့သော ဓာတုပစ္စည်းများကို အသုံးပြုပါက မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းကို ကြီးမားစွာ အထောက်အကူဖြစ်စေပါလိမ့်မည်။ ■

# ရုံးဝန်ထမ်းများအတွက် ကျန်းမာရေးဆေးတစ်ခွက်



**ကု**လားထိုင်နှင့်စားပွဲကိုသုံး၍ အလုပ်လုပ်နေကြရသော ရုံးဝန်ထမ်းများ များစွာရှိ၏။ ရုံးပိတ်ရက်မှလွဲလျှင် သူတို့သည် တစ်နေ့လျှင် အနည်းဆုံး ရှစ်နာရီအလုပ်လုပ်ကြရ၏။ ကုလားထိုင်ပေါ်တွင် အထိုင်များရာ ကြာလျှင် နှစ်ကာလရှည်ကြာလျှင် ကျန်းမာရေးထိခိုက်လာမည်ဖြစ်၏။ ကျန်းမာရေး ဗဟုသုတမလိုက်စားသူများအဖို့ ကျန်းမာရေးထိခိုက်မှု ပိုမြန်မည်ဖြစ်၏။

ရုံးဝန်ထမ်းများသည် ရုံးလုပ်ငန်းများကို မထိခိုက်စေဘဲ ရုံးတွင်း၌လည်းကောင်း၊ ရုံးသွားရုံးပြန်၌ လည်းကောင်း ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်နိုင်၏။

ဗဟုသုတအဖြစ် အောက်ပါအချက်အချို့ကို အကြံပြုလိုပါသည်။

– သင်ထိုင်၍အလုပ်လုပ်နေရသော ကုလားထိုင်နှင့်စားပွဲသည် သင့်အရပ်အမောင်းနှင့်အံဝင်ခွင်ကျဖြစ်ပါသလော၊ မမြင့်လွန်း မနိမ့်လွန်းပါစေနှင့်။

– ထိုင်လျှင် ကိုယ်ကိုမတ်မတ်ထားပါ။ ဦးခေါင်းကိုလည်း မတ်မတ်ထားပါ။ နောက်စေ့၊ လည်ကုပ်ပိုးနှင့် ကျောကုန်းတို့ တစ်ဖြောင့်တည်း ဖြစ်နေပါစေ။ ဤအနေအထားကို အမြဲသတိပြုပြီး ထိုင်ပါ။ ထိုသို့ထိုင်ပြီး အလုပ်လုပ်ပါ။

– ကျောကုန်းအောက်ပိုင်းကို ကုလားထိုင်နောက်ကျောနှင့် ထိနေပါစေ။ ထိုင်သည့်အခါ ခန္ဓာကိုယ်ကို တောင့်တောင့်ကြီး ဖြစ်မနေပါစေနှင့်၊ သက်သောင့်သက်သာ အနေအထားနေပါ။ ခြေလက်များကို မကြာမကြာ ဆန့်တန်းပေးပါ။ လက်ချောင်းများကို ကွေးလိုက် ဆန့်လိုက် မကြာမကြာ လုပ်ပေးပါ။

– ကုလားထိုင်၌ ထိုင်ရင်း နောက်သို့လှည့်ရန် အကြောင်းပေါ်လာလျှင် ဦးခေါင်းပိုင်းနှင့် လည်ပင်းပိုင်းကိုသာ မလှည့်ဘဲ တစ်ကိုယ်လုံးကို ပုံမှန်အတိုင်း လှည့်ပါလေ။

ရုံးအတွင်း မေးမြန်းစရာ၊ အကြံ တောင်းစရာပေါ်လာပါက တယ်လီဖုန်းကိုသာ အမြဲအသုံးမပြုဘဲ ကိုယ်တိုင် လမ်းလျှောက်သွားပြီး မေးပါ။ အကြံဉာဏ်တောင်းပါ။ အညောင်းပြေ၍ သွေးလည်ပတ်မှုကောင်း၏။

– ရုံးဆင်းရုံးလာသည့်အခါ သင့်အလုပ်ခန်းသည် အထပ်သိပ်မမြင့်ပါက ဓာတ်လှေကားကို မသုံးဘဲ ရိုးရိုးလှေကား ကိုပင်သုံးပါ။ နှလုံးကိုသန်မာစေပြီး အကြောများကို လျော့စေသည်။

– အများသုံးယာဉ်ကို အသုံးပြု၍ ရုံးသို့သွားပါက ဘတ်စ်ကားမှတ်တိုင်သည် သိပ်မဝေးလျှင် လမ်းလျှောက်သွားပါ။ လမ်းလျှောက်ပြန်ပါ။ လမ်းလျှောက်များခြင်းသည် ကျန်းမာရေးကို အထောက်အကူပြု၏။

– ရုံးတွင်း၌ အလုပ်များနေ၍ ကျန်းမာရေးကိစ္စရှိလာပါက အောင့်မထားပါနှင့်ချက်ချင်းလုပ်ဆောင်ပါ။ သို့မှသာ နေရထိုင်ရပေါ့သွားမည်။ လက်ဖက်ရည်၊ ကော်ဖီ၊ အချိုရည်စသည်တို့ကို များများ မသောက်မိပါစေနှင့်။ ကြာလျှင် အချိုဓာတ်လွန်ကဲပြီး ဆီးချိုရောဂါရမည်။ ရေရိုးရိုးကိုသာ များများသောက်ပေးပါ။

– ရုံးပိတ်ရက်များတွင် အိမ်တွင် အနားယူသည့်အခါ ထိုင်မနေဘဲ ကိုယ်လက်လှုပ်ရှားမှုကိုဖြစ်သည့် ကိုယ်တိုင်ဈေးသွားခြင်း၊ ကိုယ်တိုင် ချက်ပြုတ်ခြင်းတို့ကို ပြုလုပ်ပါ။ အိမ်သန့်ရှင်းရေးကိုလည်း ကိုယ်တိုင်လုပ်ပေးခြင်းဖြင့် ကျန်းမာရေးလေ့ကျင့်ခန်းများရ၏။

– ရုံးဝန်ထမ်းများသည် ရုံးတွင်း အလုပ်လုပ်ရာ၌ ပြဿနာပေါင်းစုံနှင့် ကြုံတွေ့ရမည်၊ စိတ်ဖိစီးမှုရမည်။ အဆိုပါ အဖြစ်မျိုးနှင့်ကြုံလျှင် ရုံးထဲ၌သာ ဖြေရှင်းပါ။ ပျောက်သွားအောင်လုပ်ပါ။ ရင်ထဲဆက်မထားပါနှင့်။ ဆိုလိုသည်မှာ ရုံးကိစ္စကို ရုံး၌သာ ထားခဲ့ပါ။ အိမ်သို့ မယူလာပါနှင့်ဟု အကြံပြုလိုက်ရပါသည်။(စထရိတ်တိုင်းမ် ၁၆.၁၀.၁၈)

# ငှက်ချစ်သူများ ငှက်ဆူသံကို ကာကွယ်နေကြရ

**ငှက်**များကိုချစ်သော ကမ္ဘာ့နိုင်ငံများစာရင်းတွင် စင်ကာပူနိုင်ငံပါဝင်၏။ ငှက်များလာရန် သစ်ပင်ပန်းပင်မျိုးစုံစိုက်ခြင်း၊ ငှက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းကြောင့် စင်ကာပူသို့ရှားပါးငှက်များပင် လာရောက်ကြ၏။

သို့သော် စင်ကာပူ၏ ရပ်ကွက်တစ်ခုတွင်ရှိသော သစ်ပင်ကြီးအချို့တွင် လွန်ခဲ့သည့်တစ်လကျော်ကျော်မှစ၍ ရှားပါးငှက်တစ်မျိုးဖြစ်သည့် ဂျာဗား ဆက်ရက်ငှက်များသည် ထောင်နှင့်ချီ၍ လာရောက်အိပ်တန်းတက်ကြရာ ၄င်းဆက်ရက်ငှက်သံများသည် ၄င်းသစ်ပင်အနီးပတ်ဝန်းကျင်၌ နေထိုင်သူများအတွက် ညဘက်အိပ်ရေးပျက်စေသည်ဟု သိရသည်။

အစပထမ၌ ၄င်းသစ်ပင်များတွင် ဆက်ရက်ငှက်များ အနည်းငယ်သာ အိပ်တန်းတက်ခဲ့ရာမှ တဖြည်းဖြည်းနှင့် များလာပြီး ငှက်ကောင်ရေ ၃၀၀၀ နီးပါး အထိ ရှိလာ၏။

ဤတွင် ငှက်ဆူညံသံများကို မခံနိုင်လွန်းသောကြောင့် စင်ကာပူလယ်ယာစိုက်ပျိုးရေးနှင့်တိရစ္ဆာန်စောင့်ရှောက်ထိန်းသိမ်းရေးဌာနသို့ တိုင်စာများ ပေးပို့တိုင်တန်းကြ၏။

ငှက်များဤနေရာမှ ၄င်းတို့အလိုအလျောက် မည်သို့ထွက်ခွာသွားအောင် လုပ်ရမည်။ ငှက်ကောင်ရေနည်းပါးသည်ထက် နည်းပါးအောင် ပြုလုပ်ရန် နည်းလမ်းများကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များက စုပေါင်း ဆွေးနွေးရာ အဖြေတစ်ခုရလိုက်၏။

သစ်ပင်များကို မခုတ်လှဲဘဲနှင့် သစ်ကိုင်းများ နည်းပါးသွားရန် သစ်ကိုင်းအချို့ကို ဖြတ်တောက်ဖယ်ရှားရန် ဖြစ်၏။

၄င်းအတိုင်း စမ်းသပ်လုပ်ဆောင်ရာ အောင်မြင်၏။ ဆက်ရက်ငှက်များသည် လူနေရပ်ကွက်နှင့်ဝေးသောနေရာများကို ရွှေ့ပြောင်းသွားကြရာ ယခုအခါ ၄င်းရပ်ကွက်တွင် သစ်ပင်များပေါ်၌ အိပ်တန်းတက်သော ဆက်ရက် ငှက်ကောင်ရေသည် ၃၀၀ နီးပါးခန့်သာ ကျန်တော့၏။ ငှက်သံများမှာလည်း သိသိသာသာ လျော့နည်းသွား၏။ သက်ဆိုင်ရာ အာဏာပိုင်များက



တိုက်တွန်းသည်မှာ ငှက်များမလာရန်၊ ငှက်များကို အစာမကျွေးပါနှင့်ဟူ၍ ဖြစ်သည်။

(စထရိတ်တိုင်းမ် ၁၇.၁.၂၀၁၉)

# အမှိုက်များနှင့် စစ်ခင်းနေရသည့် အင်ဒိုနီးရှားနိုင်ငံ




**အ**ရှေ့တောင်အာရှရှိ အင်ဒိုနီးရှားနိုင်ငံ၏ မြစ်များထဲ၌ အမှိုက်များ၊ အထူးသဖြင့် ပလတ်စတစ် အမှိုက်များသည် ပြွတ်သိပ်လျက်ရှိနေသည်ဟု ထိုနိုင်ငံသို့ ရောက်ဖူးသူများက ပြောကြသည်။

ရိုက်တာသတင်းဌာန သတင်းတစ်ပုဒ်တွင် အင်ဒိုနီးရှားမြစ်များထဲ၌ အမှိုက်များပြွတ်သိပ်နေသဖြင့် အနံ့အသက်မှာလည်း မကောင်းပါဟု ဖော်ပြထားသည်။ အထူးသဖြင့် လူဦးရေများသောမြို့ကြီးမြို့ငယ်များရှိ မြစ်များထဲ၌ အဆိုပါဖြစ်ရပ်များ ပေါများ၏။

လူဦးရေသန်း ၂၆၀ ကျော်ရှိသည့် အင်ဒိုနီးရှားနိုင်ငံ၏ အမှိုက်ပြဿနာကို ဖြေရှင်းရန် အစိုးရက ကြိုးပမ်းနေရ၏။ ၂၀၂၅ ခုနှစ်တွင် ပလတ်စတစ်အမှိုက်များ ၇၀ ရာခိုင်နှုန်းလျော့သွားရမည်ဟူသော ရည်မှန်းချက်ထား၍ ရည်မှန်းချက် အောင်မြင်ရန် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံနှင့် ညီမျှသည့်ငွေကို သုံးနေရ၏။ အမှိုက်များ လျော့နည်းရန်မှာ အမှိုက်များကို ပြန်လည်၍ တစ်နေရာရာတွင်သုံး၍ရအောင် ဆောင်ရွက်ရေးနှင့် လူထုအား အသိပညာပေးရေးပင် ဖြစ်သည်ဟု သက်ဆိုင်ရာ အာဏာပိုင်တို့က ပြောကြသည်။

“မိုးရွာပြီး ရေတွေများလာပြီဆိုရင် ကျေးရွာက လူတွေဟာ မြစ်ထဲက အမှိုက်တွေ ပင်လယ်ထဲသို့ရောက်အောင် ဝိုင်းဝန်းကူညီလုပ်ဆောင်နေကြရတယ်”ဟု ရွာသားတစ်ဦးက ပြောသည်။

“ကျုပ်တို့ ဒီလိုလုပ်သာလုပ်နေရတယ်၊ အမှိုက်တွေက လျော့မသွားပါဘူး”ဟု ထိုရွာသားက ဆက်၍ပြောသည်။

၂၀၂၅ လေ့လာချက်တစ်ရပ်၌ အင်ဒိုနီးရှားသည် နှစ်စဉ် အမှိုက်တန်ချိန် ၃ ဒသမ ၂ သန်းကို ရှင်းလင်းနေရာ ၄င်းပမာဏ၏ထက်ဝက်နီးပါးမှာ ပင်လယ်ထဲသို့ရောက်သွား၏။ ပင်လယ်ရေများ ညစ်ညမ်းသွားပြန်၏ဟူ၍ ဖော်ပြထားသည်။

**ကျွန်းပေါင်း ၁၇၀၀၀ ကျော်ရှိသည့် အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာတွင် ပင်လယ် ထဲသို့ ပလတ်စတစ်အမှိုက်များ ဒုတိယ အများဆုံးပို့လွှတ်နေသော နိုင်ငံဖြစ်ကြောင်း၊ အဆိုပါ လေ့လာချက်၌ ဆက်လက်ဖော်ပြထားသည်။**

“အမှိုက်တွေ စွန့်ပစ်ထားတဲ့ အမှိုက်တွေဟာ ဘယ်လောက်များသလဲဆိုရင် ကျုပ်တို့ကျေးရွာက အမှိုက်ကားတွေဟာ တစ်နေ့သုံးကြိမ် အမှိုက်သိမ်းတယ်၊ ဒီလိုသိမ်းတာတောင်မှ အမှိုက်တွေဟာ ထက်ဝက်ကျန်နေသေးတယ်”ဟု လူဦးရေများသော ကျေးရွာကြီးတစ်ရွာမှ ရွာသား တစ်ဦးက ပြောသည်။

စူပါမားကတ် ခေါ် ကုန်မျိုးစုံရောင်းသည့်ဆိုင်ကြီးများတွင် ပလတ်စတစ်အိတ်များမသုံးရန် ညွှန်ကြားထားသော်လည်း ဈေးဝယ်သူများက ပစ္စည်းများကို ပလတ်စတစ် အိတ်များထဲတွင် ထည့်ပေးပါဟု တောင်းဆိုကြ၏။

ပလတ်စတစ်အမှိုက်နှင့်ပတ်သက်၍ ၂၀၁၈ နိုဝင်ဘာလအတွင်းက သတင်းတစ်ပုဒ်တွင် ဝေလငါးကြီးတစ်ကောင်သည် ပင်လယ်ကမ်းခြေတစ်နေရာတွင် သေဆုံးခဲ့ရာ ၄င်း၏ဝမ်းဗိုက်ထဲမှ ပလတ်စတစ်အမှိုက် ၆ ကီလိုဂရမ်ရရှိသည်ဟု ဖော်ပြထား၏။

ပလတ်စတစ်အမှိုက်သည် နိုင်ငံတစ်နိုင်ငံ၏ ပြဿနာမဟုတ်ဘဲ ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်နေပြီဟု ပြောလာကြ၏။

(စထရိတ်တိုင်းမ် ၂၄.၁.၁၉)






# မြိတ်ကျွန်းစု ကျေးရွာပေါင်း ၈၀၀ ကျော် လျှပ်စစ်မီးလင်းရေး ကြိုးပမ်း

## နှစ်နှစ်အတွင်း တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာ ၄၀၇၄ ရွာ ဆောင်ရွက်ပေးနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၃**

**တ နင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ခန္တီကျွန်းတွင် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကမ္ဘာ့ဘဏ်၊ ဂျာမနီဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ (GIZ) နှင့် ကျေးရွာလူထုတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အသေးစား ဓာတ်အားစနစ် မီးလင်းရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး Mrs.Dorothee Janetzke Wenzel၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ကမ္ဘာ့ဘဏ်အဖွဲ့နှင့်ဂျာမနီဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) တို့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ကျေးလက်နေပြည်သူများ၏ လျှပ်စစ်မီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (National Electrification Project - NEP) ကို ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုပြီး မဟာဓာတ်အားလိုင်းပြင်ပစနစ် (Off-grid) မီးလင်းရေးလုပ်ငန်းများကို တစ်အိမ်သုံးဆိုလာစနစ်နှင့် အသေးစားဓာတ်အားပေးစနစ်တို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

NEP မူဝါဒနှင့်အညီ နောင် ၁၀ နှစ်၊ ၁၅ နှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားမရရှိနိုင်သည့်ဒေသများ၊ မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက် ဝေးကွာသောဒေသများ၊ ပြည်သူထည့်ဝင်ငွေ ထည့်ဝင်နိုင်ခြင်းရှိသည့် ကျေးရွာများကို ဦးစားပေးရွေးချယ်ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ နှစ်နှစ်တာကာလအတွင်း တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၄၀၇၄ ရွာ၊ အိမ်ထောင်စု ၂၃၀၀၀၀ ခန့်နှင့် အများပြည်သူပိုင် အဆောက်အဦ ၃၀၀၀၀ ကျော်အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ အလားတူ အသေးစားဓာတ်အားစနစ်အနေဖြင့်လည်း ကျေးရွာပေါင်း ၄၅ ရွာ၊ စီမံကိန်းလုပ်ငန်းပေါင်း ၃၄ ခုကို ကမ္ဘာ့ဘဏ်အဖွဲ့ (World Bank)၊ ဂျာမနီပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) တို့၏ နည်းပညာအကူအညီများရယူ၍ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သကဲ့သို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် တစ်အိမ်သုံးဆိုလာစနစ်နှင့် အသေးစားဓာတ်အားပေးစနစ်များကိုလည်း NEP စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက် ရှိပါကြောင်း။

ယနေ့ပြီးမြောက် အောင်မြင်ခဲ့သော အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းကြောင့် တောင်ခေါင်းလောင်း၊ ကုလားမခေါင်း၊ ခန္တီ၊ ပြင်ကြီးကျေးရွာစသည့် ခန္တီကျွန်းတစ်ခုလုံး လျှပ်စစ်မီးအလင်းရောင်ရရှိအသုံးပြုနိုင်သကဲ့သို့ ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီး အစိုးရရန်ပုံငွေ၊ ကမ္ဘာ့ဘဏ်အဖွဲ့ (World Bank)၊ ဂျာမနီပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) တို့ကဲ့သို့သော ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ကျေးရွာပြည်သူများ၏ ပူးပေါင်းပါဝင်မှုများဖြင့် စုစည်းညီညွတ်မှုရှိပါက မြိတ်ကျွန်းစုအတွင်းရှိ ကျေးရွာပေါင်း ၈၀၀ ကျော်တို့ကိုလည်း လျှပ်စစ်မီးအသုံးပြုနိုင်ကြစေရန် မိမိတို့ဝန်ကြီးဌာနမှ ဆက်လက်ကြိုးပမ်းပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများနှင့် ရေရှည်အသုံးပြုနိုင်ရေးအတွက် ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများက ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ကျေးရွာ ရပ်မိရပ်ဖ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် ဆိုလာစနစ်လျှပ်စစ်မီး ဖြန့်ဖြူးပေးနေမှု၊ အဆိုပါလျှပ်စစ်မီးကို အသုံးပြု၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း (VDP) အစီအစဉ်ဖြင့် စက်ချုပ်သင်တန်းပို့ချပေးနေမှု၊ အရစ်ကျစနစ်ဖြင့် အပ်ချုပ်စက်အပိုင်ရရှိအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

စီမံကိန်းလုပ်ငန်းတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များ ယခုထက်ပိုမိုပါဝင်ရင်းနှီးမြှုပ်နှံလာစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကြိုးပမ်းလျက်ရှိရာ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် လုပ်ငန်းအာမခံချက်ပေးနိုင်မည့် အသေးစားဓာတ်အားပေးစနစ်ဆိုင်ရာ နည်းဥပဒေလုပ်ထုံးလုပ်နည်း (မူကြမ်း)ကို GIZ အကူအညီဖြင့် ရေးဆွဲခဲ့ပြီး ပြည်ထောင်စုအဆင့် နည်းဥပဒေ (မူကြမ်း)အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရုံသာမက ရေရှည်တည်တံ့စေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ထည့်သွင်းဆောင်ရွက်ခဲ့ရာ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာမှစ၍ တစ်အိမ်သုံးဆိုလာစနစ်ပြုပြင်ရေးစင်တာများကို စီမံကိန်းမြို့နယ်များတွင် စတင်ဖွင့်လှစ်ပေးလျက် ရှိသည်။ အလားတူ ကျေးလက်နေပြည်သူများ သိရှိလိုသည်များကို တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ရန်နှင့် စနစ်ချို့ယွင်းမှုများဖြစ်ပါက အလျင်အမြန်အသိပေးအကြောင်းကြားနိုင်ရန် ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် Call Center ဖွင့်လှစ်ပေးသွားရန် စီစဉ်လျက်ရှိသည်။

ယနေ့ဖွင့်လှစ်သည့် တောင်ခေါင်းလောင်း၊ ကုလားမခေါင်း၊ ခန္တီ၊ ပြင်ကြီးကျေးရွာများတွင် ဆောင်ရွက်ထားရှိသည့် အသေးစားဓာတ်အားပေးစနစ်များသည် ကျေးရွာ၊ ကုမ္ပဏီနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဘတ်ဂျက်တို့ဖြင့် ငွေကျပ် ၁၄၈၃ သန်းကျော် ကုန်ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ခန္တီကျွန်းတစ်ခုလုံး လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ လျှပ်စစ်မီးရရှိပြီဖြစ်သဖြင့် ထမင်းပေါင်းအိုး၊ ရေခဲသေတ္တာကဲ့သို့သော အိမ်သုံးလျှပ်စစ်ပစ္စည်းများ အသုံးပြုနိုင်ခြင်း၊ အသေးစား ကုန်ထုတ်လုပ်ငန်းများ၊ အိမ်တွင်းမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ကြမည်ဖြစ်၍ ဒေသဖွံ့ဖြိုးရေးကို များစွာအကျိုးပြုနိုင်မည် ဖြစ်သည်။ **MOALI ပြန်ကြားရေး**

---

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့်အဖွဲ့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးဇီဝဥယျာဉ်လေ့လာ

**ရေဆင်း ဖေဖော်ဝါရီ ၅**

**စိုက် ပျိုးရေးသုတေသနဦးစီးဌာန (DAR - ရေဆင်း) ရှိ စပါးဇီဝဥယျာဉ်သုတေသနဌာနစုသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး မစ္စတာဆော်ရက်(ဘ်) ကူမားခေါင်းဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီက လာရောက်လေ့လာရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာ မူမူကျော်၊ စပါးဇီဝဥယျာဉ်စီမံကိန်းမန်နေဂျာ Dr.Hameeda Banu.N. Ilagi၊ စပါးဇီဝဥယျာဉ်သုတေသနဌာနစုမှ တာဝန်ခံနှင့် သုတေသနဝန်ထမ်းများက ကြိုဆိုကြသည်။**



ဆက်လက်၍ အိန္ဒိယသံအမတ်ကြီးနှင့်အဖွဲ့ဝင်များသည် စပါးဇီဝဥယျာဉ်သုတေသနဌာနစုရှိ ကောက်ရိုးကို အသုံးပြု၍ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် သုတေသနပြုထားသည့် အာဟာရပြည့်ဝသောနွားစာတုံးများ၊ ကောက်ရိုးစက္ကူ အသုံးပြုကာ လက်မှုအနုပညာဖြင့် ဖန်တီးထားသည့် အသုံးအဆောင်များ၊ ကောက်ရိုးမှိုနှင့်ငွေနှင်းမှိုများသုတေသနပြု၍ မှိုမျိုးထုတ်လုပ်မှုနှင့် စိုက်ပျိုးခြင်း သုတေသနများ၊ အဆင့်မြင့်စပါးကြိတ်ခွဲစက်ဖြင့် အရည်အသွေးကောင်းဆန်များ ကြိတ်ခွဲနေမှု၊ ဆန်အခြေပြုမုန့်များ ထုတ်လုပ်သည့်သုတေသနနှင့် ဆန်မှအာဟာရပြည့်ဝသည့် အစားအစာများ စမ်းသပ်ဓာတ်ခွဲမှု၊ ဖွဲပြာအခြေပြု ဇီဝမြေဩဇာထုတ်လုပ်မှုသုတေသန၊ ကုန်ကျစရိတ်သက်သာကာ စွမ်းအင်သုံးစွဲမှု ချွေတာနိုင်သည့် စပါးခွံဖွဲပြာသုံး အအေးခန်းကန်အတွင်း ဟင်းသီးဟင်းရွက် သိုလှောင်သိမ်းဆည်းထားရှိမှု သုတေသနလုပ်ငန်းများကို ကြည့်ရှုလေ့လာကြရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စပါးဇီဝဥယျာဉ် စီမံကိန်းမန်နေဂျာနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် အိန္ဒိယသံအမတ်ကြီးသည် စပါးဇီဝဥယျာဉ်

စာ – ၁၁ သို့

# မြိတ်ဒေသစီးပွားရေးအင်အားစုကြီး ဖော်ဆောင်နိုင်ရေး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများက ဦးဆောင် ကြိုးပမ်းစေလို ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ခေတ်မီရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအား မှာကြား



**နေပြည်တော် ဖေဖော်ဝါရီ ၂**

**ပင်လယ်ရေသယံဇာတထိန်းသိမ်းရန်၊ လျော့နည်းလာသော ငါးသယံဇာတများမျိုးသုဉ်းခြင်းမှ ကာကွယ်ရန်နှင့် ရေရှည်တည်တံ့သောငါးပုစွန်ထုတ်လုပ်မှု ဖွံ့ဖြိုးရန်တို့အတွက် ဖမ်းဆီးထုတ်လုပ်ခြင်းမှ မွေးမြူထုတ်လုပ်ခြင်းသို့ ကူးပြောင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများက ဦးဆောင်ပြီး အားလုံးပါဝင်သော စုပေါင်းရင်းနှီးမြှုပ်နှံလုပ်ကိုင်သည့် မြိတ်ဒေသစီးပွားရေးအင်အားကြီးအဖြစ် ဖော်ဆောင်နိုင်ရေး မျှော်မှန်းအကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ကျွန်းစုမြို့နယ်အတွင်းရှိ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် ဌာနဆိုင်ရာများသည် မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ် ခိုင်ဇင်ယော်ကုမ္ပဏီလီမိတက်၏ ခေတ်မီ ရေငန်ပုစွန်မွေးမြူရေးစခန်းသို့ ယနေ့နံနက်ပိုင်းက ရောက်ရှိကြပြီး ရေငန်ပုစွန်မွေးမြူရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထို့နောက် ရှင်းလင်းဆောင်တွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က ပြည်ပဈေးကွက်အတွက် လိုအပ်သော စံချိန်စံညွှန်းများ ပြည့်မီရေးအတွက် ဂျီအေကျူပီ အရည်အသွေးစစ်ဆေးခြင်း၊ ထောက်ခံချက်ထုတ်ပေးခြင်းနှင့် နော်ဝေနိုင်ငံ၏ နည်းပညာအထောက်အပံ့ရရှိရေး ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များက လက်ရှိဆောင်ရွက်နေမှုနှင့်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာများကို ဆက်လက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် မိမိတို့လုပ်ငန်းများ ဆောင်ရွက်ရာ၌ ဒေသအကျိုးပြုလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အခြားတစ်ဖက်တွင်လည်း လုပ်ငန်းအတွက် လိုအပ်သောမြေယာအသုံးပြုခွင့်လုပ်ကိုင်ခွင့်များကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အထူးဂရုပြုဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်ပပို့ကုန်များဖြစ်သည့်အားလျော်စွာ သတ်မှတ်စံချိန်စံညွှန်းများ စစ်ဆေးပေးသည့် ဓာတ်ခွဲခန်းများ၏ အရည်အသွေးမြှင့်တင်နိုင်ရေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်၏ ခေတ်မီရေငန်ပုစွန်မွေးမြူရေးစခန်းနှင့် အအေးခန်းစက်ရုံများကိုလည်းကောင်း၊ ကဏန်းပျော့မွေးမြူထုတ်လုပ်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ပုစွန်တစ်ကန်လျှင် ပုစွန်သားပေါက်ရေ ၁၀ သိန်းထည့်သွင်းမွေးမြူနိုင်ပြီး မွေးရက် ၈၀ မှ ၁၀၀ အတွင်း ဖမ်းယူရောင်းချနိုင်ကာ ပုစွန်တန်ချိန် ၂၀ မှ ၂၅ တန်ကြားထွက်ရှိနိုင်သဖြင့် တစ်ကြိမ်မွေးလျှင် ဒေါ်လာ ၂၀၀၀၀ (ဒေါ်လာနှစ်သောင်း)ခန့် အမြတ်အစွန်းရရှိနိုင်ကြောင်း၊ တစ်နှစ်လျှင် သုံးကြိမ်မွေးနိုင်၍ ပုစွန်တစ်ကန်၏တစ်နှစ်အမြတ်ငွေသည် ဒေါ်လာ ၆၀၀၀၀ (ဒေါ်လာခြောက်သောင်း) ခန့်ရှိသဖြင့် မြိတ်ဒေသထွက် အလားအလာကောင်းသော စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် စိတ်ဝင်စားလျက် ရှိနေကြောင်း သိရသည်။**MOALI ပြန်ကြားရေး**

---

# ဒေသ၏အဆင့်မြင့်ထုတ်ကုန်အဖြစ် ပြည်ပဈေးကွက်တွင် ရော်ဘာနေရာရရှိရေး ကြိုးပမ်းနေ



**နေပြည်တော် ဖေဖော်ဝါရီ ၄**

**ရှင်းနှီး မြှုပ်နှံမှုနှင့်အဆင့်မြင့်ကုန်ထုတ်လုပ်မှုနည်းပညာအသုံးပြုနိုင်ကြသည့် ရော်ဘာလုပ်ငန်းရှင်ကြီးများအနေဖြင့် အသေးစားထုတ်လုပ်သူများကို စုစည်းပေါင်းစပ်ပြီး နည်းပညာမျှဝေပေးကြရန်နှင့် ဈေးကွက်သို့ စုပေါင်းရောင်းချနိုင်ရေး ဖော်ဆောင်ပေးပြီး ဒေသတစ်ခုလုံးပါဝင်သည့်အဆင့်မြင့်ထုတ်ကုန်တစ်ခုအဖြစ် ပြည်ပဈေးကွက်တွင် နေရာတစ်ခုရရှိရေး ကြိုးပမ်းကြစေလိုကြောင်း၊ ကုန်ကြမ်းထုတ်လုပ်တင်ပို့မှုမှ စက်မှုကုန်ချောထုတ်လုပ်နိုင်ရေး၊ သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေးအထိ သက်ဆိုင်သူအားလုံးတို့က တိုးမြှင့်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် မြိတ်ဒေသအတွင်းရှိ ရော်ဘာလုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။**

မြိတ်မြို့နယ် ငါးအင်းကျေးရွာအနီးရှိ ဖိုးလမင်းရော်ဘာစက်မှုလုပ်ငန်း ခရမ့်ရော်ဘာစက်ရုံမှ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချရန် ခရမ့်ရော်ဘာထုတ်လုပ်မှုအဆင့်ဆင့်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ တနင်္သာရီတိုင်းဒေသကြီး စိုက်/မွေး/ဆည်ဝန်ကြီး ဦးမြင့်စန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးရာ စက်ရုံတာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ပြည်ထောင်စုဝန်ကြီးက ဒေသနေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ပေးရေးနှင့် လုပ်ကွက်ငယ်တောင်သူများအား စုပေါင်းဆောင်ရွက်ရေး စည်းရုံးနိုင်ခြင်းဖြင့် နည်းပညာတူညီစွာ အသုံးချနိုင်သဖြင့် အရည်အသွေးတူထုတ်ကုန်များ ထုတ်လုပ်နိုင်မှုကိုလည်းကောင်း၊ စုပေါင်းရောင်းချခြင်းဖြင့် ဈေးကွက်ဝေစု အကျိုးအမြတ်ပိုမိုရရှိနိုင်မှုကိုလည်းကောင်း ဆွေးနွေးပြောကြားပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသော ထုတ်လုပ်မှုဖြစ်စေရေး ဆွေးနွေးမှာကြားသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ရော်ဘာစိုက်ဧရိယာ ၃၄၈၃၃၄ ဧကရှိပြီး ၂၀၁၈ ဒီဇင်ဘာလကုန်အထိ ၁၅၆၂၂၆ ဧက အစေးလှီးနိုင်ခဲ့ကာ အောက်တိုဘာမှ ဒီဇင်ဘာအတွင်း ရော်ဘာထုတ်လုပ်မှုမှာ ၅၂၅၆၉၀၉၆ ပေါင် (ပေါင် ငါးရာနှစ်ဆယ့်ငါးသိန်းကျော်) ထုတ်လုပ်နိုင်ခဲ့သည်။ မြိတ်ခရိုင်အနေဖြင့် ရော်ဘာ ၁၄၇၄၈၁ ဧကစိုက်ပျိုးထားရှိပြီး ဒီဇင်ဘာကုန်အထိ ရော်ဘာထွက်ရှိမှုမှာ ပေါင်နှစ်ရာကိုးဆယ့် ခြောက်သိန်းကျော် (၂၉၆၈၈၉၇၄ ပေါင်) ထုတ်လုပ်နိုင်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငါးအင်းကျေးရွာတွင် ဆောင်ရွက်ထားသော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တစ်အိမ်သုံးဆိုလာစနစ်မီးလင်းရေးနှင့်သောက်သုံးရေရရှိရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ထားသောစီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းအသုံးပြုနိုင်ကြပါက ဒေသဖွံ့ဖြိုးရေး အခြားလိုအပ်ချက်များကို ဆက်လက်အကောင်အထည်ဖော်ပေးနိုင်မည်ဖြစ်ရာ ကျေးရွာပြည်သူလူထုကပါဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**

---

စာ – ၁၀ မြန်မာနိုင်ငံမှ

သုတေသနဌာနစု၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ပြန်လည်ထွက်ခွာသည်။

အဆိုပါစပါးဓိဝဥယျာဉ်သည် အိန္ဒိယ–မြန်မာချစ်ကြည်ရေး စီမံကိန်းအရ အိန္ဒိယနိုင်ငံ ဆွာမိနသန်ဖောင်ဒေးရှင်း၏ အကူအညီဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၁၂.၁၂.၂၀၁၈ ရက်က အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ရှရီရာ့မ်နာ့သ်ကိုဗင်၏ နိုင်ငံတော်အဆင့် ခရီးစဉ်လာရောက်ခဲ့စဉ်က လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ စပါးဓိဝသုတေသနဌာနစုသည် စပါးပင်၏ အစိတ်အပိုင်းအားလုံး အကျိုးရှိစွာ အသုံးချ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရန်နှင့် တောင်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးကာ ဝင်ငွေတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားစေရန် ရည်ရွယ်ကာ တည်ထောင်ထားခြင်းဖြစ်သည်။

**MOALI ပြန်ကြားရေး**

ကြေးမုံငယ်

# ရနံ့မွှေးကုထုံးနှင့်ကျန်းမာရေး

## ရနံ့မွှေးကုထုံးဆိုသည်မှာ

ရနံ့မွှေးကုထုံးဆိုသည်မှာ လူသားတို့၏ ကျန်းမာရေးသုခအတွက် ခန္ဓာကိုယ်တစ်ခုလုံးတွင် ခံစားနေရသည့် ဝေဒနာနှင့် နာကျင်မှုများကို ဆေးဖက်ဝင် သဘာဝအပင်များမှ ထုတ်ယူရရှိသည့်အဆီများ အသုံးပြုပြီး ကုသမှုခံယူသည့် ကုထုံးတစ်ရပ်ဖြစ်၏။ သင်းပျံ့သော မွှေးရနံ့ရှိသည့် ဆေးဖက်ဝင်သဘာဝအဆီများကို အသုံးပြုပြီး ခန္ဓာကိုယ်ရုပ်ပိုင်းကိုသာမက စိတ်ဝိညာဉ်၏ ခံစားမှုကိုပါ တိုးတက်ကောင်းမွန်စေနိုင်၏။ ရနံ့မွှေးကုထုံးသည် ကိုယ်ခန္ဓာနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ ကျန်းမာရေးတို့ကို ပိုမိုကောင်းမွန်စေ၏။

ရနံ့မွှေးကုထုံးသည် သိပ္ပံပညာရပ်နှင့် ဝိဇ္ဇာပညာရပ်တို့ ပေါင်းစပ်ထားခြင်းဖြစ်၏။ ယခုလက်ရှိတွင်မူ ရနံ့မွှေးကုထုံးကို သိပ္ပံပညာရပ်နှင့် ဆေးပညာဘာသာရပ်တို့နှင့် အဓိကသက်ဆိုင်သည်ဟု မှတ်ယူလာကြ၏။

## အသုံးပြုခဲ့သည့်သက်တမ်း

လူသားတို့အနေဖြင့် ရနံ့မွှေးကုထုံးကို အသုံးပြုလာကြသည်မှာ လွန်ခဲ့သည့်နှစ် ထောင်ပေါင်းများစွာကတည်းကပင်ဖြစ်၏။ တရုတ်၊ အိန္ဒိယ၊ အီဂျစ်နှင့် ဆေးဖက်ဝင် သဘာဝအပင်ပျော့များ စိုက်ပျိုးထွက်ရှိသည့်နိုင်ငံအများစုတွင် ဆေးပင်ဝင်အပင်များမှ ထုတ်ယူရရှိသည့် အဆီများဖြစ်သည့် ထင်းရှူးဆီ၊ ဆေးဖက်ဝင်အပင်ပေါင်းစုံမှ ရရှိသည့် ဆေးဖက်ဝင်ဆီမွှေးတို့ကို ပေါင်းစပ်ပြီး ဆေးကုထုံးနှင့် ဘာသာရေးဆိုင်ရာပွဲများတွင် အသုံးပြုရန်အတွက် ရည်ရွယ်အသုံးပြုခဲ့ကြ၏။ ထိုစဉ်ကတည်းက ယင်းရနံ့မွှေးဆီများသည် ကိုယ်ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအကျိုးကျေးဇူးကောင်းများရရှိသည်ဟု ယုံကြည်ကာ သုံးစွဲလာခဲ့ကြ၏။

၁၀ ရာစုနှစ်ပိုင်းကာလများကတည်းက ရနံ့မွှေးဆီများရရှိရန် ဆေးဖက်ဝင် အပင်ပေါင်းစုံတို့ကို ပေါင်းခံပြီးမှ ထုတ်ယူခဲ့ကြ၏။ ၁၆ ရာစုနှစ်တွင် ဂျာမနီနိုင်ငံမှ ရနံ့မွှေးဆီပေါင်းခံထုတ်လုပ်ပြီး ဖြန့်ဖြူးခြင်းကို စတင်ခဲ့ကြ၏။ ၁၉ ရာစုနှစ်တွင် ပြင်သစ်သမားတော်များက ဆေးဖက်ဝင် ရနံ့မွှေးဆီများသည် ရောဂါများကို ကုသရာတွင် မရှိမဖြစ် အရေးပါသည့် အလားအလာကောင်းများကို စတင်တွေ့ရှိခဲ့ကြ၏။

ရနံ့မွှေးကုထုံး "aromatherapy" ဟူသည့်ပညာရပ်ကို ပြင်သစ်နိုင်ငံမှ ရေမွှေးနှင့် ဓာတုဗေဒပညာရှင် René-Maurice Gattefossé က ၁၉၃၇ ခုနှစ်တွင် ယင်းခေါင်းစဉ်ဖြင့် စာအုပ်ရေးသားဖြန့်ဝေခဲ့၏။ မီးလောင်ဒဏ်ရာများကို လာဗင်ဒါရနံ့မွှေးဆီဖြင့် သက်သာပျောက်ကင်းစေနိုင်သည့်ကုထုံးကို ယင်းပညာရှင်ကပင် ရှာဖွေတွေ့ရှိခဲ့၏။ ထိုရနံ့မွှေးကုထုံးစာအုပ်တွင် ဆေးဖက်ဝင် သဘာဝရနံ့မွှေးအဆီများနှင့် ၎င်းတို့၏ အသုံးပြုပုံတို့ကို အသေးစိတ်ဆွေးနွေး ရေးသားဖော်ပြထား၏။

## ရနံ့မွှေးဆီအသုံးပြုပစ္စည်းများ

ရနံ့မွှေးကုထုံးအတွက် အသုံးပြုနိုင်သည့် ပစ္စည်းအမျိုးအစားများမှာ မျိုးစုံလှ၏။ အနံ့မွှေးသော ဝိုင်နှင့် ဆိုဒါရောစပ်ထားသည့် ယမကာများ၊ ငွေ့ရည်များ၊ ရှူဆေးဘူး၊ ရေချိုးဆားမျိုးစုံ၊ ကိုယ်လိမ်းအလှဆီများ၊ ကရင်မ်များ၊ နှိပ်နယ်ရာတွင် အသုံးပြုသည့် အလှဆီလိမ်းဆေးများ၊ မျက်နှာလိမ်း ရနံ့မွှေးဆီဖြင့် ပေါင်းတင်ဆေးများ၊ အပူအအေး ချွေးပေါက်အကျဉ်းအကျယ် ထိန်းသိမ်းဆေးနှင့် ရွှံ့ဖြင့်ပြုလုပ်ထားသော မျက်နှာပေါင်းတင်တစ်သျှူးများ အစရှိသဖြင့် အမျိုးအစားစုံလင်စွာ ဈေးကွက်အတွင်း ဝယ်ယူရရှိနိုင်၏။

ရနံ့မွှေးအဆီအမျိုးပေါင်း ရာနှင့်ချီရှိပြီး ဈေးကွက်ထဲတွင် ဝယ်ယူ ရရှိနိုင်သော်လည်း နာမည်ကြီးပြီး လူကြိုက်များသည့် အဆီများကိုသာ အသုံးပြုမှုများ၏။ ရနံ့မွှေးဆီများကို အွန်လိုင်းမှတစ်ဆင့်သော်လည်းကောင်း၊ ကျန်းမာရေးဓာတ်စာအရောင်းစတိုးများတွင်လည်းကောင်း၊ စူပါမားကက်များတွင်သော်လည်းကောင်း အလွယ်တကူဝယ်ယူရရှိနိုင်၏။ အရေးကြီးသည့်အချက်မှာ ဝယ်ယူလိုက်သည့် ရနံ့မွှေးဆီသည် ရာနှုန်းပြည့် သဘာဝဆေးဖက်ဝင်အပင်များ၏ ရနံ့မွှေးဆီစစ်စစ်ဖြစ်ရန်လို၏။ အခြားမလိုလားအပ်သော ဓာတုထပ်လောင်းပေါင်းစပ်ပစ္စည်းများ ပါဝင်ရန် မသင့်တော်ပေ။ အချို့သော ရနံ့မွှေးဆီများတွင် အနာရောဂါသက်သာစေနိုင်သည့်ဂုဏ်သတ္တိများ၊ အသုံးပြုပုံများနှင့် အကျိုးကျေးဇူးများကို စနစ်တကျဖော်ပြထား၏။ အချို့ရနံ့မွှေးဆီများကို အချိုးအစား တိတိကျကျ ရောစပ်အသုံးပြုခြင်းဖြင့် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိစေမည်ဖြစ်၏။

## ရနံ့မွှေးကုထုံး၏အကျိုးကျေးဇူးများ

ရနံ့မွှေးကုထုံးသည် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်စွမ်းရှိ၏။ နာကျင်ကိုက်ခဲခြင်း၊ အိပ်မပျော်ခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ စိတ်လှုပ်ရှားခြင်း၊ စိုးရိမ်ကြောင့်ကြပူပင်သောကများခြင်း၊ အဆစ်အမြစ်ရောင်ရမ်းနာကျင်ခြင်း၊ ခေါင်းမူးခေါင်းကိုက်ခြင်း၊ ကီမိုကုထုံး၏ဘေးထွက်ဆိုးကျိုးများကို ခံစားနေရခြင်း၊ ကလေးမီးဖွားကာနီးတွင် ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ဘက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် မှိုရောဂါများကြောင့် ကူးစက်ရောဂါခံစားရခြင်း၊ အစာမကြေခြင်း၊ နာတာရှည်ရောဂါများခံစားရခြင်း အစရှိသည့် ရောဂါများကို သက်သာစေပြီး ကိုယ်ခံစွမ်းအားကိုး မြှင့်တင်ပေးနိုင်ခြင်းအစရှိသည့် အကျိုးကျေးဇူးကောင်းများစွာကို ပေးစွမ်းနိုင်၏။

သို့ရာတွင် အယ်လ်ဇိုင်းမားခေါ် ဦးနှောက်အလုပ်မလုပ်တော့ဘဲ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ ပီသစွာစကားမပြောနိုင်ခြင်း အစရှိသည်တို့ဖြစ်ပွားစေသည့် ဇရာအကြိုရောဂါ၊ အကြောအားနည်းပြီး ခြေလက်တုန်ခြင်းကို ဖြစ်ပွားစေသည့် ပါကင်ဆန်ရောဂါနှင့် နှလုံးရောဂါတို့ကို ထိရောက်စွာသက်သာစေနိုင်စွမ်းမရှိဟု သုတေသီများ၏ လေ့လာဆန်းစစ်မှုများအရ ဆိုထား၏။

ပန်းနာရင်ကျပ်ခြင်း၊ ညဖက်အိပ်မပျော်ခြင်း၊ ပင်ပန်းနွမ်းလျခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ရောင်ရမ်းခြင်း၊ အမျိုးသမီးမီးယပ်ဆိုင်ရာဆက်စပ်ဝေဒနာများခံစားရခြင်း၊ ဆံပင်အကွက်လိုက်ကျွတ်ခြင်း၊ အဆစ်အမြစ်ရောင်နာ ဝေဒနာခံစားရခြင်းနှင့် မီးယပ်သွေးဆုံးခြင်းနှင့် နောက်ဆက်တွဲရောဂါများကို ရနံ့မွှေးကုထုံးဖြင့် ကုသနိုင်စွမ်းရှိသည်ဟု ဆို၏။

## လူသိများသော ဆေးဖက်ဝင်ရနံ့မွှေးဆီများ

ရနံ့မွှေးဆီများကို နည်းလမ်းမျိုးစုံဖြင့် ကုန်ပစ္စည်းမျိုးစုံထုတ်လုပ်အသုံးပြုကြ၏။ ဥပမာအားဖြင့် အလှဆီများတွင် ထည့်သွင်းအသုံးပြုခြင်း၊ မျက်နှာလိမ်းတိုနာ၊ ခေါင်းလျှော်ရည်၊ ဆံပင်ပျော့ဆေးအစရှိသည်တို့တွင်လည်း ဆေးဖက်ဝင်ရနံ့မွှေးဆီတို့ကို အမျိုးအစားခွဲခြားထည့်သွင်းပြီး အရေပြားအမျိုးအစား၊ ဆံပင်အမျိုးအစားအလိုက် ခွဲခြားအသုံးပြုနိုင်ရန် ဖော်စပ်ထုတ်လုပ်ကြ၏။ ထို့ပြင်သာမက ဆပ်ပြာရည်၊ သွားတိုက်ဆေး၊ ခံတွင်းသန့်စင်ဆေးရည် အစရှိသည်တို့တွင်လည်း ဆေးဖက်ဝင်ရနံ့မွှေးဆီတို့ကို ထည့်သွင်းဖော်စပ်ကြ၏။ ထို့ပြင်သာမက အိမ်အတွင်း၊ အိပ်ခန်းများအတွင်း သင်းပျံ့သည့် ရနံ့လေးများကြိုင်လှိုင်နေစေရန် ရနံ့မွှေးဆီကို နှစ်သက်ရာရွေးချယ်ပြီး အဆီ၊ အခဲ၊ ငွေ့ရည်အစရှိသဖြင့် ပုံသဏ္ဍာန်မျိုးစုံဖြင့် ထားရှိအသုံးပြုနိုင်သကဲ့သို့ ရေချိုးခန်းသုံး ရနံ့မွှေးအခဲ၊ အမှုန့်၊ အဆီ အစရှိသဖြင့်လည်း ရွေးချယ်အသုံးပြုနိုင်၏။






## ရနံ့မွှေးကုထုံးခံယူခြင်း

ရနံ့ကုထုံးကို စတင်ခံယူမည်ဆိုပါက လက်မှတ်ရထားသည့် ရနံ့မွှေးကုထုံးပညာရှင်နှင့် ဦးစွာတွေ့ဆုံပြီး ကြုံတွေ့နေရသည့် ကိုယ်စိတ်နှစ်ပါးဆိုင်ရာ ကျန်းမာရေးအခက်အခဲများကို ဦးစွာဆွေးနွေးသင့်၏။ ရနံ့မွှေးကုထုံးပညာရှင်မရှိပါက ယောဂကျင့်စဉ် လေ့ကျင့်ရေးစင်တာ (သို့မဟုတ်) အလှအပ၊ စိတ်လက်အပန်းပြေစေပြီး ကျန်းမာရေးနှင့် ကိုယ်ကာယလေ့ကျင့်ခြင်းနှင့် ကိုယ်အလေးချိန် ထိန်းသိမ်းခြင်း လေ့ကျင့်ရေးစင်တာ၊ စိတ်လက်အပန်းပြေရန် ရနံ့မွှေးဆီများဖြင့် နှိပ်နယ်ပေးခြင်း၊ ရေပူစိမ်ခြင်းတို့ကို ပြုလုပ်ပေးသည့် SPA သို့ သွားရောက်ပြီး ဆွေးနွေးပြီးမှ သင့်တော်ကောင်းမွန်သည့် ရနံ့မွှေးဆီကို စိတ်တိုင်းကျ ဝယ်ယူအသုံးပြုနိုင်၏။

ရနံ့မွှေးကုထုံးပညာရှင်နှင့် တွေ့ဆုံဆွေးနွေးသည့်အခါ ကျန်းမာရေး၊ လူနေမှုပုံစံတို့ကို အခြေခံကာ မတူညီကွဲပြားသည့် ကုထုံးဖြင့် သင်ခံစားနေရသည့် ရောဂါဝေဒနာအလိုက် သင့်ရည်မှန်းချက်ရောက်သည်အထိ စိတ်ရှည်လက်ရှည် ကုသမှု ခံယူသင့်၏။ ဦးစွာပထမတွင် ကာလတိုကုထုံးကို ခံယူရမည်ဖြစ်ပြီး သင်ခံစားနေရသည့် ဝေဒနာအလိုက် ကုသမှုထုံးကို ကာလရှည်ဆက်လက် ခံယူသင့်မသင့်ကိုလည်း ကိုယ်တိုင်ဆုံးဖြတ်နိုင်၏။ ရနံ့မွှေးကုထုံးသည် ဖြည့်စွက်ကုထုံးဖြစ်သည့်အလျောက် ရောဂါကြီးငယ် အတိမ်အနက်ပေါ် မူတည်ပြီး ဆေးဝါးကုထုံးနှင့်အတူ ဆက်စပ်ခံယူနိုင်သည့် ကုထုံးဖြစ်သည့် အတွက် ရနံ့မွှေးကုထုံးခံယူခြင်းမတိုင်မီ ကျွမ်းကျင်ပညာရှင်နှင့် အသေးစိတ်ဆွေးနွေးပြီးမှ ကုထုံးကို ခံယူသင့်၏။ ထိုသို့မဟုတ်ဘဲ ရနံ့မွှေးကုထုံးဆိုင်ရာ စာအုပ်များကို ကိုယ်တိုင်ဖတ်ကာ မှတ်သားလေ့လာပြီး အိမ်တွင် မိမိကိုယ်တိုင်စမ်းသပ်ပြီး ကုထုံးကို ကုသနိုင်၏။ အလားတူစွာ အွန်လိုင်းမှတစ်ဆင့်လည်း ထိုကုထုံးကို လေ့လာကုသနိုင်၏။

## ရနံ့မွှေးကုထုံးနှင့် ဘေးထွက်ဆိုးကျိုးများ

ဆေးဖက်ဝင် ရနံ့မွှေးအဆီများကို အန္တရာယ်ကင်းကင်းနှင့် စိတ်ချစွာ အသုံးပြုနိုင်၏။ မည်သို့ဆိုစေကာမူ အသုံးမပြုခင် အချိန်တွင် ရရှိနိုင်သည့်ဘေးထွက်ဆိုးကျိုးများကို ဦးစွာလေ့လာပြီး သတိပြုအသုံးပြုခြင်းဖြင့် ကောင်းမွန်တိကျသည့် ကုသမှုကို ရရှိစေနိုင်မည်ဖြစ်၏။ ရနံ့မွှေးအဆီကို အရေပြားပေါ်တွင် တိုက်ရိုက်လူးပြီး အသုံးမပြုသင့်ပေ။ ရနံ့မွှေးဆီကို အခြားသော အဆီတစ်မျိုးမျိုးဖြင့် ရောစပ်ကာ အဆီအာနိသင်ပြင်းအားကို လျှော့ချပေးရန် လိုအပ်၏။ ကိုယ်ခန္ဓာအနှံ့လိမ်းကျံခြင်းမပြုမီ အရေပြားပေါ်တွင် အနည်းငယ် စမ်းသပ်လိမ်းကျံပြီးနောက် ယားယံခြင်း၊ လောင်ခြင်းမရှိမှ သုံးစွဲသင့်၏။ ရှောက်၊ သံပရာမျိုးဝင်ရနံ့မွှေးဆီများသည် နေရောင်ခြည်ဒဏ်ကို တုံ့ပြန်မှု ပြင်းထန်သည့်အတွက် ယင်းကို အရေပြားပေါ်တွင် လိမ်းကျံထားပါက နေရောင်ခြည်နှင့် တိုက်ရိုက် မထိတွေ့စေရန် သတိပြုသင့်၏။

ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအနေဖြင့် ရနံ့မွှေးကုထုံးကို ခံယူမည်ဆိုပါက သက်ဆိုင်ရာ ဆရာဝန်နှင့် ဦးစွာဆွေးနွေးတိုင်ပင်ပြီးမှ ခံယူသင့်၏။

ရနံ့မွှေးဆီ၏ ဘေးထွက်ဆိုးကျိုးများမှာ မိတ်၊ အင်ပျဉ်ကဲ့သို့ အရေပြားပေါ်တွင် အဖုအပိမ့်အနီကွက်ထခြင်း၊ ရင်ကျပ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ယားယံခြင်း၊ မအီမသာပျို့ချင်အန်ချင်ဖြစ်ခြင်း အစရှိသည့် လက္ခဏာများဖြစ်၏။

ပန်းဝတ်မှုန်ကြောင့် မျက်ရည်ယိုနှာစေးဖျားနာခြင်း၊ ပန်းနာရင်ကျပ်ခြင်း၊ ဝက်ရူးပြန်ရောဂါဖြစ်ခြင်း၊ သွေးတိုးခြင်း၊ ဝဲနှင်းခူဖြစ်ခြင်း၊ ကြမ်းထော်သောအနီပိမ့်များထသည့် အရေပြားရောဂါဖြစ်ခြင်းအစရှိသည့်ဝေဒနာခံစားနေရသူများသည် ရနံ့မွှေးကုထုံးကို ခံယူရန် မသင့်လျော်ပေ။

ဆေးဖက်ဝင်ရနံ့မွှေးအဆီ အမျိုးအစားပေါင်းများစွာရှိပြီး အသုံးပြုသည့် နည်းလမ်းပေါင်းလည်း များစွာရှိသည့်အတွက် မည်သည့်ဆေးကို မည်သို့အသုံးပြုသင့်သည်ကို စနစ်တကျလေ့လာပြီးမှ အသုံးပြုရန် မမေ့သင့်ပေ။

သို့ဖြစ်ရာ ရနံ့မွှေးကုထုံးကို မခံယူမီ ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးပြီးမှ ကုသမှုကို ခံယူပါ။ ယင်းကုထုံးသည် ဖြည့်စွက်ကုထုံးဖြစ်သည့်အတွက် ဆရာဝန်နှင့် ကုသနေခြင်းအပေါ် အစားထိုးကုသသည့် ကုထုံးမဟုတ်သည်ကို အမြဲသတိပြုမိစေရန် လိုအပ်၏။■

# ရခိုင်ပြည်နယ် စီးပွားရေးပုံရိပ်များ - ၁

ကျွန်းသားမေန်း

**ရခိုင်ပြည်နယ် ထုတ်ကုန်ကြွယ်ဝ ရောင်းဝယ်ဖောက်ကား၊ ပြည့်စီးပွားလည်း ဖွံ့ထွားစည်ပင်၊ ရှိလိမ့်အင်ကို တွေးမြင်ပီတိဖြစ်မိသည်။**

**မောင်ကောက်စံ (ရခိုင်ပြည်နယ်)**

ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၂၀၀ ဒသမ ၀၈ မိုင် (၉၀၈၈၀၅၃) ဧက ကျယ်ဝန်းသည့် ရခိုင်ပြည်နယ်။

မြန်မာနိုင်ငံ၏ အနောက်ဘက်ဒေသတွင် ဘင်္ဂလားပင်လယ်အော်နှင့်ရခိုင်ရိုးမတောင်တန်းများအကြားတွင် တံတောင်ဆစ်ကွေးသဏ္ဍာန်ဖြင့် သီးသီးခြားခြားရပ်တည်နေသည့် ရခိုင်ကမ်းမြောင်ဒေသ။

ရခိုင်ပြည်နယ်တွင် စိုက်ပျိုးလုပ်ကိုင်နိုင်သည့် မြေဧရိယာဧက ၁၂၅၇၁၇၄ ဧကရှိသည်။ ရခိုင်ဒေသသားတို့သည် မိမိတို့ပတ်ဝန်းကျင်ရှိ ရေမြေတောတောင်၊ မြစ်ချောင်း၊ ပင်လယ်ပြင်နှင့်မြေပြန့်လွင်များကို အမှီပြု၍ စီးပွားရေးလုပ်ငန်းများကို အေးချမ်းစွာ လုပ်ကိုင်ဆောင်ရွက်လျက် ရှိနေကြသည်။

ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေးနှင့်ရေလုပ်ငန်းကို အခြေခံသော ပြည်နယ်ဖြစ်ပြီး လူဦးရေ ၈၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများ ဖြစ်ကြသည်။

ထို့ကြောင့် စိုက်ပျိုးရေးနှင့်ရေလုပ်ငန်းကို အခြေခံသော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာ ကျေးလက်နေရခိုင်ပြည်သူများ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။

ရခိုင်ပြည်နယ်၏ စီးပွားရေးလုပ်ငန်းများကို ငဲ့စောင်းကြည့်လျှင် **လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌** ရာသီသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းတို့ ပါဝင်ပြီး **ရေလုပ်ငန်း၌** သဘာဝရေပြင်မှဖမ်းဆီးထုတ်လုပ်ခြင်းလုပ်ငန်း၊ မွေးမြူထုတ်လုပ်လုပ်ငန်းတို့ကို တွေ့မြင်ရမည်ဖြစ်သည်။ **မွေးမြူရေးလုပ်ငန်းများတွင်** နွားမွေးမြူရေးလုပ်ငန်း၊ ကြက်၊ ဘဲ၊ ဝက်မွေးမြူရေး လုပ်ငန်းတို့ ပါဝင်ပြီး **သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းတွင်** သဘာဝတောတွင်းမှထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးထုတ်လုပ်ခြင်းတို့ ပါဝင်နေကြသည်။ ကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်းတွင်လည်း နယ်စပ်ကုန်သွယ်ရေးနှင့် ပြည်တွင်းကုန်သွယ်ရေးဟူ၍ နှစ်ပိုင်းတွေ့ရှိရမည်ဖြစ်သည်။

ထို့ပြင် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းများကလည်း အဓိကအခန်းမှ ပါဝင်နေသည်။

ရခိုင်ပြည်နယ်စီးပွားရေး၏ အဓိကမောင်းနှင်လုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သစ်တောထွက်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်းများဖြစ်ကြသည်။

ယင်းလုပ်ငန်းများအနက် အချို့ထုတ်ကုန်များမှာ နိုင်ငံခြားတိုင်းပြည်နယ်များသို့ပင် တင်ပို့နိုင်ခဲ့သည်။

ခက်သည်က ရခိုင်စီးပွားရေးလုပ်ငန်းရှင်များမှာ ကုန်ထုတ်လုပ်ငန်းထက်ကုန်သွယ်မှုလုပ်ငန်းတွင် အာရုံနစ်မျောနေကြခြင်းဖြစ်သည်။

ယနေ့လက်ရှိလုပ်ကိုင်နေကြသူများမှာ တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းရှင်များသာ ဖြစ်ကြသည်။

အကြီးတန်းလုပ်ငန်းမဆိုထားနှင့်။ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များပင် လိုအပ်နေသည်။

အရင်းအနှီးအတော်အသင့်ဖြင့် ဝင်လာသူများမှာလည်း ဒေသခံများမဟုတ်ကြဘဲ တခြားဒေသသားများဖြစ်ကြသည်။

ထို့ကြောင့် ယင်းကိစ္စကို နိုင်ငံတော်က အသေးစားနှင့် အလတ်စားလုပ်ငန်းတွေလုပ်ကိုင်ကြဖို့ အထူးဆော်ဩနေရဆဲဖြစ်သဖြင့် ရခိုင်စီးပွားရေးလုပ်ငန်းရှင်များ စဉ်းစားသင့်ကြပြီဖြစ်သည်။ "ရခိုင်ပြည်နယ်ရဲ့ စီးပွားရေးရေချိန်အတက်အကျကို နယ်စပ်ကုန်သွယ်ရေးနဲ့ တိုင်းတာရမယ်ဖြစ်တယ်ဗျ။ နယ်စပ်ကုန်သွယ်ရေးတိုးတက်ရင် ရခိုင်ပြည်နယ်ရဲ့ စီးပွားရေးတိုးတက်တာပဲ"ဟု ရခိုင်ပြည်နယ် ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောစကားကို စာရေးသူအမှတ်ရနေမိသည်။

၁၉၉၀ ပြည့်လွန်ကာလများက ဖြစ်သည်။ ထိုစဉ်က ရခိုင်ကုန်သည်များသည် မောင်တောနှင့်စစ်တွေနယ်စပ်ကုန်သွယ်ရေးကို အလေးထားခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ်-မြန်မာနှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးကို အားထားခဲ့ကြရသည်။

သို့ရာတွင် နယ်စပ်ပို့ကုန်အများစုမှာ ရိုးမအရှေ့ဒေသများမှ ထွက်ကုန်များကိုသာ အခြေပြုထားကြခြင်း ဖြစ်သည်။ မိမိဒေသမှ ထွက်ကုန်များမှာ ပြောပလောက်အောင်မရှိခဲ့။ နယ်စပ်ပို့ကုန်အများစုမှာ လယ်ယာစိုက်ပျိုးရေးသီးနှံများ ဖြစ်နေသည်။ နယ်စပ်ကုန်သွယ်ရေးတွင် ကြက်သွန်နီခေတ်ကောင်းတော့လည်း ရိုးမအရှေ့မှ ကြက်သွန်များကို မှာယူတင်ပို့ခဲ့ကြသည်။ မြန်မာနိုင်ငံအလယ်ပိုင်းနှင့်ရှမ်းဒေသမှ ထွက်ရှိသည့်လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော ချင်းတက်နှင့်နနွင်းတက်များ၊ နံနံစေ့များကိုသာ တင်ပို့ခဲ့ကြရသည်။

ယုတ်စွအဆုံး ဓနိယိုက်ဲ့သို့ စားသောက်ကုန်တွေကိုပင် ရိုးမအရှေ့မှ မှာယူတင်ပို့ခဲ့ကြရသည်။ ပို့ကုန်ဆိုလျှင် မန်ကျည်းစေ့တောင်မချန်ကြပေ။ ရခိုင်ဒေသမှထွက်ကုန်တွေမရှိမဟုတ်။ ထွက်ခဲ့ပါ၏။ လယ်ယာထွက်ကုန်ဖြစ်သော ဆန်စပါးတင်ပို့မှုရှိခဲ့သည်။ သို့ရာတွင် ရခိုင်ဒေသ ထွက်ဆန်က အရည်အသွေးကျဆင်းလာနေသည်ဟု ဆိုသည်။

၂၀၀၅-၂၀၀၆ ခုနှစ်ခန့်က ဘင်္ဂလားဒေ့ရှ်သို့ ဆန်တင်ပို့ခဲ့ရာ ရခိုင်ဆန်များကိုလက်ခံခြင်းမရှိ၍ ရိုးမအရှေ့မှ ဆန်များကိုမှာယူ တင်ပို့ခဲ့ရကြောင်း ရခိုင်ဆန်ကုန်သည်တစ်ဦးက ပြောသည်။

### စိုက်ပျိုးရေးထုတ်ကုန်များ

"ရခိုင်ဆန်စပါးတွေက အရောအနှောတွေများလာနေပြီ။ မျိုးမသန့်တော့ဘူး။ ဒါကြောင့် အရည်အသွေးတွေ ကျလာတယ်။ တောင်သူတွေဟာ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးဖို့ လိုအပ်လာပြီဖြစ်ပါတယ်။ ဒေသထွက်စပါးတွေထဲက အထွက်ကောင်းမျိုးတွေ၊ ရေနက်ကွင်းစိုက်တဲ့မျိုးတွေ၊ ရေငန်ဒဏ်ခံနိုင်တဲ့စပါးတွေကိုလည်း ထိန်းသိမ်းစိုက်ပျိုးဖို့ လိုအပ်လာနေပြီဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ တစ်ချိန်က နာမည်ကြီးခဲ့ပြီး ပြည်ပနိုင်ငံတွေကိုတောင် တင်ပို့ခဲ့ရတဲ့ ချိုဒူဘာဆန်ဆိုရင် ယခုအခါမှာ လုံးဝမမြင်ရတော့ဘူး။ အဲဒီဆန်က တစ်ခြားညှော်မထဆန်တွေနဲ့စာရင် ပိုပြီးအလုံးသွယ်၊ အကြမ်းခံနိုင်တဲ့စပါးဖြစ်တယ်။ ဂေါက်ရ၊ ရီမနိုင်၊ ငါးရာဘို၊ ငကြိမ်သီးစတဲ့ကောက်ကြီးမျိုးရင်းဝင် စပါးတွေ ကလည်း ရခိုင်မှာနာမည်ကြီးခဲ့တဲ့စပါးတွေပဲ။ စာပစိကောက်လျှင်ဆိုရင် ပေါ်ဆန်းမွှေးဆန်နဲ့ နင်လာပါလားပဲ"ဟု ၎င်းကပြောသည်။

၁၉၇၄ ခုနှစ်မှစတင်ခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရခေတ်တစ်လျှောက်လုံး ၁၉၈၈ ခုနှစ်အထိ စပါးစိုက်ပျိုးရာတွင် အရည်အသွေးထက် အရေအတွက်ကို အားပေးခဲ့သည်။ အထွက်တိုးမျိုးများကိုသာ စိုက်ပျိုးစေခဲ့သည်။ ဤသို့ဖြင့် ရခိုင်ဒေသ၏ဆန်စပါးစိုက်ပျိုးမှုတွင် အရည်အသွေးများ ကျဆင်းခဲ့ရခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငရုတ်ကောင်းသီးနှံများ တင်ပို့ခဲ့ရာ ငရုတ်ကောင်းကို ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း၊ သံတွဲနယ်များတွင် အများအပြားစိုက်ပျိုးခဲ့ကြရာ တပ်မတော်အစိုးရလက်ထက် ၁၉၉၅-၁၉၉၆ ခုနှစ်များတွင် ရခိုင်ပြည်နယ်အား ငရုတ်ကောင်းပြည်နယ်ဖြစ်ရမည်ဟု ကြွေးကြော်ပြီး ငရုတ်ကောင်းစိုက်ခင်းများ ထူထောင်စေခဲ့သည်။ မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးခဲ့ပြီး ငရုတ်ကောင်းစိုက်ပျိုးရေး ကျွမ်းကျင်ဝန်ထမ်းများခန့်ကာ ကြီးကြပ်ဆောင်ရွက်စေခဲ့သည်။ တစ်အိမ်ထောင် ငရုတ်ကောင်းဆယ်ပင်ခန့် စိုက်ပျိုးရန် မယူမနေရ စိုက်ပျိုးစေခဲ့သေးသည်။

ထို့ကြောင့် အစိုးရစာရင်းဇယားများအရတော့ မြို့နယ်တော်တော်များများတွင် စိုက်နေသည်ဟု တွေ့မြင်နေရသည်။ ပြီးတော့ ငရုတ်သီးခြောက်များကိုလည်း အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရောင်းချခဲ့ရဖူးသည်။ ငရုတ်သီးမှာ ရခိုင်ပြည်နယ်၏ အဓိကစိုက်ပျိုးသီးနှံစာရင်းတွင် ပါဝင်သည်။ မြောက်ဦး၊ ကျောက်တော်၊ မင်းပြားစသည့်မြို့နယ်များတွင် အဓိကစိုက်ပျိုးကြသည်။

၂၀၁၆ ခုနှစ်ခန့်က သီရိလင်္ကာနိုင်ငံမှ ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆက်သွယ်၍ ဝယ်ယူရန် ကမ်းလှမ်းမှုများရှိခဲ့ကြောင်းလည်း သိရသည်။

ကွမ်းသီးကိုလည်း နယ်စပ်ကုန်သွယ်ရေးဖြင့်ပင် တင်ပို့နိုင်ခဲ့သည်။ ကွမ်းသီးကတော့ ရခိုင်ပြည်နယ် တစ်နံတစ်လျားတွင် စိုက်ပျိုးဖြစ်ထွန်းလျက်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပြင် အိန္ဒိယနိုင်ငံဈေးကွက်အတွက် မျှော်လင့်အားထားရသည့် သီးနှံဖြစ်သည်။

### အုန်းသီး

အုန်းဆံတင်ပို့မှုကတော့ နယ်စပ်ကုန်သွယ်ရေးတွင် ပြောပလောက်အောင် မရှိခဲ့။ သို့ရာတွင် မကြာခင်ဖြစ်ပေါ်လာမည့် အိန္ဒိယဈေးကွက်အတွက် အားထားရနိုင်သောထွက်ကုန်ပစ္စည်း ဖြစ်နေသည်ကို သတိမူရန် လိုအပ်သည်။ ယခုအခါ အုန်းသီးကို အိန္ဒိယနိုင်ငံသို့ တမူးနယ်စပ်မှ အမြောက်အမြား တင်ပို့နေရသည်။

ဘိုကိတ်ပဲကို နယ်စပ်ကုန်သွယ်ရေးဖြင့်ပင် တင်ပို့ရောင်းချခဲ့ရသည်။ ဘူးသီးတောင်၊ မြောက်ဦး၊ မင်းပြားနယ်များတွင် စိုက်ပျိုးဖြစ်ထွန်းသည်။ ယခုအခါ အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပဲတီစိမ်းကို စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်မှုရှိခဲ့ကြောင်း သိရသည်။ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်အမယ်သစ်လည်း ဖြစ်သည်။ အားတက်စရာသတင်းဖြစ်ပါ၏။

### နှစ်ရှည်သီးပင်များ

ရခိုင်ပြည်နယ်တွင် ရော်ဘာ(ကြက်ပေါင်စေး)ကို တိုးချဲ့စိုက်ပျိုးမှုပြုလာကြသည်။ မေယုတောင်တန်း ရွှေဖြူလွှမ်းစေရမည်ဆိုသော ဆောင်ပုဒ်ဖြင့် သစ်တောဌာနမှ မြေများငှားရမ်းခြင်း၊ စိုက်ပျိုးစရိတ်ထုတ်ချေးခြင်းများဖြင့် ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ရော်ဘာကို သံတွဲတွင် ၁၉၆၀ ခုနှစ်တွင် စမ်းသပ်စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ ယခုတော့ မြို့နယ်တော်တော်များများတွင် စိုက်ပျိုးနေကြပြီ။ ပြီးတော့ သီဟိုဠ်သရက်စိုက်ပျိုးရေးမှာ ယခုအခါ အားကောင်းလာသည်။ အမ်းမြို့နယ် ဒါးလက်ချောင်းဖျားတွင် ရွှေ့ပြောင်းတောင်ယာများအစား သီဟိုဠ်သရက်ကို အစားထိုးစိုက်ပျိုးလာကြသည်ကို တွေ့ရသည်။ သီဟိုဠ်သရက်မှာ ပြည်တွင်းစားသုံးမှုသာမက နိုင်ငံခြားပို့ကုန်အတွက်ပါ အားထားရမည့် သီးနှံဖြစ်သည်။ သီဟိုဠ်သရက်ကို စိုက်ပျိုးခဲ့ကြသည်မှာ ကြာပြီ။ သို့ရာတွင် ယနေ့တိုင် အခွံချွတ်ကုန်ချောမထုတ်လုပ်နိုင်ကြသေးပေ။ ၂၀၁၀ ပြည့်လွန်နှစ်များက ရသေ့တောင်မြို့နယ်တွင် အထူးစိုက်ပျိုးမွေးမြူရေးဇုန်တစ်ခု ထူထောင်မည်ဖြစ်ကြောင်း သတင်းစကားကြားသိခဲ့ရသည်။ ယင်းကိစ္စဖြစ်လာနိုင်လျှင် ကောင်းပေမည်။ အိန္ဒိယနိုင်ငံဈေးကွက်၊ ဘင်္ဂလားဒေ့ရှ်ဈေးကွက်နှင့် အရှေ့တောင်အာရှနိုင်ငံများသို့ လယ်ယာထွက်ကုန်တွေ တင်ပို့နိုင်ကြရန် ရခိုင်သားတို့ လှေ့လာစူးစမ်း အားထုတ်ချိန်တန်ပြီ။ ■



ကျောဖုံး– အော်ဂဲနစ် မှ

ကော်မတီ” များအပြင် “ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ” တစ်ရပ်ကိုလည်း ထပ်မံဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

## အော်ဂဲနစ်စိုက်ပျိုးရေးစနစ် ဖွံ့ဖြိုးလာရေး

တောင်သူလယ်သမားများ သီးနှံထုတ်လုပ်မှုတိုးတက်စေရေးနှင့်ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးကောင်းမွန်သည့်သီးနှံများ ထုတ်လုပ်နိုင်ရေးအတွက် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်သည် မြေဆီလွှာ၊ ဂေဟစနစ်နှင့် လူသားများအပါအဝင် သက်ရှိများကို မထိခိုက်ဘဲ ရေရှည်တည်တံ့စေသည့် ထုတ်လုပ်မှုစနစ်တစ်ခု ဖြစ်ပါကြောင်း၊ ဆိုးကျိုးများဖြစ်ပေါ်စေနိုင်သော သွင်းအားစုများကို အသုံးမပြုခြင်း၊ သက်ရှိများနှင့်သဘာဝပတ်ဝန်းကျင်တို့ ဆက်စပ်မှုရှိခြင်း၊ မတူညီသည့်သက်ရှိဇီဝများ ယှဉ်တွဲနေထိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်ရာ ဒေသအခြေအနေနှင့် လိုက်လျောညီထွေမှုရှိခြင်းစသည့်အချက်အလက်များအပေါ်တွင် အဓိကထား၍ စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်သည့်အတွက် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်ဖွံ့ဖြိုးလာရေးကို ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

ဓာတုသွင်းအားစုများကို ရှောင်ကြဉ်၍ ပတ်ဝန်းကျင်နှင့်လူမှုဘဝများအပေါ် ဆိုးကျိုးများမသက်ရောက်စေရန် ထည့်သွင်းရေးဆွဲထားသည့် အော်ဂဲနစ်စနစ်နှင့် စိုက်ပျိုးထုတ်လုပ်ရာတွင် လိုက်နာရမည့် သတ်မှတ်ချက်များကို တရားဝင်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့က ရေးဆွဲဆောင်ရွက်ခဲ့ပြီး မြန်မာအော်ဂဲနစ်စံချိန်စံညွှန်းများကို စတင်ကျင့်သုံးကြောင်း ကြေညာခြင်းကို ဇန်နဝါရီ ၂၆ ရက်တွင် ပြုလုပ်ခဲ့ပါကြောင်း၊ ASEAN GAP Guide Line ကို အခြေခံ၍ GAP Guide Line ကို ရေးဆွဲပြဌာန်းကာ GAP Certificate များကိုလည်း ထုတ်ပေးလျက်ရှိပါကြောင်း။

အလားအလာကောင်းသော သီးနှံများဖြစ်သည့် ကော်ဖီ၊ ကိုကိုး၊ လက်ဖက်နှင့်ဝဥစိုက်ပျိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ သံတောင်ကြီး၌ အော်ဂဲနစ်ကော်ဖီအထူးဇုန်ဧက ၅၀၀၀ စိုက်ပျိုးခြင်း၊ ချင်းပြည်နယ်၌ လက်ဖက်နှင့်ကော်ဖီဧကများ တိုးချဲ့စိုက်ပျိုးခြင်း၊ တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ်ငါးမြို့နယ်၌ ကိုကိုး တိုးချဲ့စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝဥသည် စားသုံးမှုအတွက် သာမက တိုင်းရင်းဆေးအတွက်ပါ အသုံးပြုရန် ဝယ်လိုအားရှိလာသည့်အတွက် export အလားအလာကောင်းသည့်သီးနှံ ဖြစ်ပါကြောင်း။

## ရော်ဘာစိုက်ပျိုးထုတ်လုပ်သူ သမဝါယမအသင်းများ ဖွဲ့စည်း

ထို့ပြင် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရော်ဘာအရည်အသွေးမြင့်မားရေးနှင့် ရော်ဘာဈေးကွက်တည်ငြိမ်ရေးအတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှ အသင်းအဖွဲ့များ၊ ခြံရှင်များနှင့် လုပ်ငန်းရှင်များပါဝင်သည့် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ရန်၊ သက်ဆိုင်ရာ ဒေသအလိုက် စိုက်ပျိုးထုတ်လုပ်သူများ၊ ရောင်းဝယ်သူများနှင့် စက်ရုံများက ကဏ္ဍအလိုက် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူ သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ရန်လည်း စီမံဆောင်ရွက်လျက် ရှိပါကြောင်း။

အရည်အသွေးကောင်းမွန်သည့် မျိုးသန့်မျိုးစေ့များ ထုတ်လုပ်နိုင်ရန်နှင့် အပြည့်အဝသုံးစွဲနိုင်ရန် ဌာနပိုင်ခြံများအပြင် ဌာနနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်းသာမက မျိုးစေ့ပြပွဲ (Seed Fair) များ ကျင်းပပြုလုပ်ပေးခြင်းကို ပြည်ထောင်စုအဆင့်အနေဖြင့် 2018 Seed Fair နှင့် 2019 Seed Fair များကျင်းပခဲ့ပြီး Myanmar Seed Portal ကိုလည်း ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် စတင်မိတ်ဆက်ခဲ့ပါကြောင်း။

တောင်သူလယ်သမားများ လယ်ယာမြေလုပ်ကိုင်ခွင့်လုံခြုံမှုရှိစေရေးအတွက်လည်း တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ည) တွင် “တောင်သူလယ်သမားများ၏ အခွင့်အရေးများနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်လုံခြုံစိတ်ချရေးတို့နှင့်စပ်လျဉ်း၍ တောင်သူလယ်သမားများအား ကူညီဆောင်ရွက်ပေးခြင်းနှင့် အကာအကွယ်ပေးခြင်း”ဟု ပြဋ္ဌာန်းပါရှိရာ လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုခြင်းနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက လယ်မြေမှအပ အခြားမြေများအတွက် လည်းကောင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်မြေအတွက် လည်းကောင်း၊ တည်ဆဲ (၂၀၁၂ ခုနှစ်) လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

“လယ်ယာမြေအား အခြားနည်း အသုံးပြုခွင့်မရရှိဘဲ အခြားနည်း အသုံးပြုဆောင်ရွက်နေမှုများသည် လယ်ယာမြေများ ဆုံးရှုံးမှုဖြစ်ပေါ်နိုင်သဖြင့် ခွင့်ပြုချက်မရှိဘဲ ကြိုတင်ဆောင်ရွက်၍ လယ်ယာမြေအား အခြားနည်းအသုံးပြုမှုအပေါ် ဒဏ်ကြေးငွေပေးဆောင်စေခြင်းအပြင် ဥပဒေကြောင်းအရ ထိရောက်သောပြစ်ဒဏ်များချမှတ်နိုင်ရေး ဆောင်ရွက်သွားရန်” နိုင်ငံတော်သမ္မတက လမ်းညွှန်မှုပြုခဲ့ပါကြောင်း။

## ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူ ဆောင်ရွက်

ထို့အတူ ၂၀၁၈ ခုနှစ် မေလ ၂ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးတွင် လယ်ယာမြေကို ခွင့်ပြုချက်မရှိဘဲ အခြားနည်းအသုံးပြုထားသည့် ကိစ္စရပ်များအား ဒဏ်ကြေးငွေသတ်မှတ်ရာတွင် ၂၀၁၂ ခုနှစ်မတိုင်မီနှင့် ၂၀၁၂ ခုနှစ်နောက်ပိုင်းဟူ၍ ခွဲခြားခြင်းမပြုဘဲ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တစ်ပြေးညီသတ်မှတ်ဆောင်ရွက်ရန်၊ လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းဖြင့်အသုံးပြုရန် ခွင့်ပြုမိန့်မရှိဘဲ ဆောင်ရွက်ထားမှုများကို အသုံးပြုထားသည့် နည်းလမ်းအတိုင်း နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ဒဏ်ကြေးငွေသတ်မှတ် ဆောင်ရွက်ရန်နှင့် လယ်ယာမြေအား ခွင့်ပြုချက်မရှိဘဲ အခြားနည်းအသုံးပြုထားမှုများအပေါ် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ–၁၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူ ဆောင်ရွက်ရန် ဆွေးနွေးဆုံးဖြတ်ပေးခဲ့ပါကြောင်း။

ထို့ပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကို နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုး၍ ၂၀၁၈ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၄ အဖြစ် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၁ ရက်တွင် ထုတ်ပြန် ကြေညာပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်များတွင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအပေါ်၌ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ လုပ်ငန်းဆောင်ရွက်ထားသူများအတွက် မြေကို တရားဝင်လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ပေးရန်နှင့် လုပ်ကိုင်သည့်လုပ်ငန်းအလိုက် တရားဝင်အကျိုးခံစားခွင့်များ ရရှိရေးအတွက် ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်ပါကြောင်း။

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအား ခွင့်ပြုမိန့်မရရှိမီ ဆောင်ရွက်ထားရှိသည့် ကိစ္စရပ်နှင့်ပတ်သက်၍ အမှန်အသုံးပြုဧရိယာကို အလွယ်တကူ လျှောက်ထားရယူနိုင်ရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးများ၌ လျှောက်လွှာများထုတ်ယူနိုင်ရေးကိစ္စ၊ သတ်မှတ်ကာလအတွင်း ကာယကံရှင်အသီးသီးက လျှောက်လွှာတင်နိုင်ရေးကိစ္စနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများအပါအဝင် ကျေးရွာနေလူထုအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်အသုံးပြုထားပါက လျှောက်လွှာတင်ရမည်ဟူသော အသိပညာပေးခြင်းလုပ်ငန်းကိစ္စများကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးအသီးသီးက မြေပြင်ကွင်းဆင်းဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်၍ သက်ဆိုင်သူအားလုံးက တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ဦးဆောင်အဖွဲ့ အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူလယ်သမားများအား ပံ့ပိုးကူညီမှုများ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ်ဖြင့် ဆောင်ရွက်နေမှုများ၊ မြန်မာအော်ဂဲနစ်စံချိန်စံညွှန်းရေးဆွဲကျင့်သုံးနေမှုများ၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်နိုင်ရေးနှင့် အပြည့်အဝသုံးစွဲနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်မှုများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ သုတေသနဆောင်ရွက်မှုများ၊ တောင်သူလယ်သမားများအား အသိပညာပေးဆောင်ရွက်မှုများနှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဦးဆောင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်တို့က တောင်သူလယ်သမားများအတွက် အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ပြည်ပပို့ကုန်အဖြစ်အလားအလာရှိသည့်သီးနှံများ စိုက်ပျိုးမှုတွင် ပြည်တွင်းပြည်ပ ပညာရှင်များနှင့်ပေါင်းစပ်ဆောင်ရွက်၍ နည်းပညာများပံ့ပိုးပေးနိုင်ရေး၊ သီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းများရရှိရေးနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်ရန် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဦးဆောင်အဖွဲ့ဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များနှင့် တက်ရောက်လာကြသူများက(၁/၂၀၁၈)အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ဦးဆောင်အဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက **ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ**ဖွဲ့စည်းဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေး၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

# အရည်အသွေးမီဂျုံမျိုးများ ဖြန့်ဖြူးခြင်းနှင့် နည်းပညာပေး ကွင်းသရုပ်ပြပွဲ ပင်းတယတွင် ကျင်းပ

ပင်းတယ ဖေဖော်ဝါရီ ၁၀

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန အောင်ပန်းစိုက်ပျိုးရေးသုတေသနခြံ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ KOPIA, RDA တို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ဂျုံထုတ်လုပ်မှုတိုးတက်ရေးအတွက် အရည်အသွေးပြည့်မီသောဂျုံမျိုးများ ဖြန့်ဖြူးခြင်းနှင့် စိုက်ပျိုးထုတ်လုပ်သည့် နည်းပညာပေးကွင်းသရုပ်ပြပွဲကို ပင်းတယမြို့နယ် ပွေးလှကျေးရွာ တောင်သူ ဦးမျိုးဇော်၏စိုက်ကွင်းတွင် ယနေ့ကျင်းပသည်။**



ကွင်းသရုပ်ပြပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်လွင်ဦး၊ ပြောင်းနှင့်အခြားနှံ စားသီးနှံ သုတေသနနှင့် အောင်ပန်းစိုက်ပျိုးရေးသုတေသနခြံတို့မှ တာဝန်ရှိသူများ၊ သုတေသနပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့်ပင်းတယမြို့နယ်၊ ရွှေပင်၊ ပွေးလှ၊ စကြိုကုန်း၊ ဝါးတရာနှင့်ပွင့်လန်းကျေးရွာများ၊ ရေချမ်းစင်နှင့်ကျေးတွင်းကုန်းကျေးရွာ၊ ကြိမ်တော၊ ရှမ်းရွာနှင့်စံသီးကုန်းကျေးရွာတို့မှ တောင်သူများ စုစုပေါင်း ၁၉၀ ဦးခန့် တက်ရောက်ကြသည်။

ကွင်းသရုပ်ပြပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်လွင်ဦးနှင့် ရှမ်းပြည်နယ်၊ ဦးစီးမှူး ဦးတင်ဦးကြိုင်တို့က အမှာစကားပြောကြားကြပြီး စီမံကိန်းတာဝန်ခံ ဒေါက်တာအောင်မိုးမျိုးတင့်က စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

စီမံကိန်းကာလမှာ ၂၀၁၉ မှ ၂၀၂၁ ခုနှစ်အထိ သုံးနှစ်ကြာမြင့်မည်ဖြစ်ပြီး စီမံကိန်းဧရိယာများမှာ မြန်မာနိုင်ငံရှိ ဂျုံအများဆုံး စိုက်ပျိုးသော စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းတို့ရှိ မြို့နယ်ရှစ်မြို့နယ် ပါဝင်သည်။

ကွင်းသရုပ်ပြပွဲကို မြန်မာနိုင်ငံရှိ ဂျုံအဓိကစိုက်ပျိုးသည့် ဒေသများတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပြု ရွေးချယ်ထားသော ဒေသနှင့်ကိုက်ညီပြီး အလားအလာကောင်းသည့် ဂျုံမျိုးသစ်များကို ဒေသခံတောင်သူများကိုယ်တိုင် လက်တွေ့ရွေးချယ်နိုင်ရန်၊ စိုက်ပျိုးရေးပညာရှင်များနှင့် ဂျုံစိုက် တောင်သူများ အချင်းချင်း တွေ့ဆုံဆွေးနွေးခွင့်ရရှိစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

ယခု ကွင်းသရုပ်ပြပွဲတွင် ဂျုံကိုးမျိုးနှင့် အတူ ဒေသနှင့်ကိုက်ညီသည့် အလားအလာကောင်းဂျုံလေးမျိုးဖြစ်သော Reediling၊ 6th HTWSN-115၊ 20th SAWYT - 7၊ 34th ESWYT-172 တို့ကို စိုက်ပျိုးပြသ၍ တောင်သူများ စိတ်ကြိုက်မျိုးရွေးချယ်ကာ သိရှိလိုသည့် အကြောင်းအရာများအား မေးမြန်းဆွေးနွေးကြသည်။**စိုက်ပျိုးရေးသုတေသန**

# ပြည်တွင်းသီးနှံဈေးကွက်အခြေအနေ (လက်ကားဈေးနှုန်းများ) (ကျပ်)

## ရန်ကုန်-မန္တလေးဈေးကွက်

(ဘုရင့်နောင်ကုန်စည်ဒိုင်မှ ဈေးနှုန်းများသည် တစ်ပိဿာပေါ်အခြေခံ၍ပြန်လည်တွက်ချက်ထားပါသည်။)

| ဆန်(အလတ်စ) | ရေတွက်ပုံ | ရန်ကုန်(ဘုရင့်နောင်ဆန်ပွဲရုံများ) ယခုအပတ် ၂၀-၂-၁၉ | ယခင်အပတ် ၁၃-၂-၁၉ | တက်/ကျ | မန္တလေး(ကိုင်းတန်းဈေး) ယခုအပတ် ၂၀-၂-၁၉ | ယခင်အပတ် ၁၃-၂-၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| ဆန်(ရွှေဘိုပေါ်ဆန်း) (အလတ်စ) | တစ်တင်းခွဲ | ၄၉၀၀၀ | ၅၀၀၀၀ | ကျ | ၄၇၀၀၀ | ၄၇၀၀၀ | |
| ဆန်(ဖျာပုံပေါ်ဆန်း)(အလတ်စ) | တစ်တင်းခွဲ | ၃၈၀၀၀ | ၃၈၀၀၀ | | ၄၃၀၀၀ | ၄၄၀၀၀ | ကျ |
| ဆန်(မနောသုခ)(အလတ်စ) | တစ်တင်းခွဲ | ၂၅၀၀၀ | ၂၅၀၀၀ | | ၂၅၀၀၀ | ၂၅၀၀၀ | |
| ဆန်(ဧယာ)(အလတ်စ) | တစ်တင်းခွဲ | ၁၉၀၀၀ | ၂၀၈၀၀ | ကျ | ၂၃၀၀၀ | ၂၂၀၀၀ | တက် |
| ဆန်(ဧည့်မထ)(အလတ်စ) | တစ်တင်းခွဲ | ၁၉၀၀၀ | ၂၀၈၀၀ | ကျ | | | |
| ဆန် (ငစိန်) (အလတ်စ) | တစ်တင်းခွဲ | ၁၉၅၀၀ | ၁၉၅၀၀ | | ၂၁၀၀၀ | ၂၁၀၀၀ | |
| ဂျုံမှုန့် | ၂၅ ပိဿာ | ၃၀၀၀၀ | ၃၀၀၀၀ | | | | |

| စားဖိုဆောင်သီးနှံများ | ရေတွက်ပုံ | ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်) ၂၀-၂-၁၉ | ၁၃-၂-၁၉ | တက်/ကျ | မန္တလေး(ကိုင်းတန်းဈေး) ၂၀-၂-၁၉ | ၁၃-၂-၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| ငရုတ်ခြောက် (ရှည်) | ပိဿာ | ၃၃၀၀ | ၃၉၇၅ | ကျ | ၄၄၀၀ | ၄၄၆၇ | ကျ |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၃၆၅၀ | ၄၂၀၀ | ကျ | ၄၁၀၀ | ၄၂၅၀ | ကျ |
| ငရုတ်ခြောက် (အပွ) | ပိဿာ | ၆၅၀၀ | ၈၃၅၀ | ကျ | ၁၀၀၀၀ | ၁၀၀၀၀ | |
| ကြက်သွန်နီ (အထူး ၄စမ) | ပိဿာ | ၆၇၅ | ၇၂၅ | ကျ | ၈၀၀ | ၉၅၀ | ကျ |
| ကြက်သွန်နီ(အလတ်၃-၄စမ) | ပိဿာ | ၆၅၀ | ၇၂၅ | ကျ | ၇၅၀ | ၈၅၀ | ကျ |
| ကြက်သွန်နီ (အသေး ၂စမ) | ပိဿာ | ၅၇၅ | ၆၇၅ | ကျ | ၆၀၀ | ၆၀၀ | |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၈၇၅ | ၈၇၅ | | ၅၀၀ | ၅၀၀ | |
| ကြက်သွန်ဖြူ(ကြူကုတ်) | ပိဿာ | ၁၅၇၅ | ၁၃၆၃ | တက် | ၁၅၅၀ | ၁၃၂၅ | တက် |
| ကြက်သွန်ဖြူ(မြေပြန့်) | ပိဿာ | | | | | | |
| အာလူး (အိုကေ) | ပိဿာ | ၆၀၀ | ၈၀၀ | ကျ | ၈၀၀ | ၁၀၀၀ | ကျ |
| အာလူး (အေဝမ်း) | ပိဿာ | ၅၅၀ | ၇၅၀ | ကျ | ၆၀၀ | ၈၀၀ | ကျ |
| ချင်း | ပိဿာ | ၁၆၀၀ | ၁၆၀၀ | | ၁၂၀၀ | ၁၃၀၀ | ကျ |

| ဟင်းသီးဟင်းရွက်များ | ရေတွက်ပုံ | ရန်ကုန်(သီရိမင်္ဂလာဈေး) ၂၀-၂-၁၉ | ၁၃-၂-၁၉ | တက်/ကျ | မန္တလေး(ကိုင်းတန်းဈေး) ၂၀-၂-၁၉ | ၁၃-၂-၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| ခရမ်းချဉ် (မြေပြန့်) | ပိဿာ | ၇၇၈ | ၅၀၀ | တက် | ၄၀၀ | ၃၅၀ | တက် |
| ဂေါ်ဖီထုပ် (မြေပြန့်) | ထုပ် | ၃၀၀ | ၂၈၀ | တက် | ၂၃၀ | ၃၅၀ | ကျ |
| ပန်းမုန်လာ (မြေပြန့်) | ထုပ် | ၃၅၀ | ၃၀၀ | တက် | ၃၅၀ | ၂၅၀ | တက် |
| မုန်လာဥနီ (ရှမ်း) | ပိဿာ | ၁၁၀၀ | ၁၂၅၀ | ကျ | ၉၀၀ | ၁၀၀၀ | ကျ |
| သခွားသီး | ၁၀၀ လုံး | ၁၀၀၀၀ | ၁၂၀၀၀ | ကျ | ၁၁၀၀၀ | ၈၀၀၀ | တက် |
| ငရုတ်စိုး (မိုးထောင်) | ပိဿာ | ၁၂၀၀ | ၁၂၀၀ | | | | |
| ငရုတ်စိုး (ပီနန်) | ပိဿာ | ၃၈၀၀ | ၄၅၀၀ | ကျ | | | |
| ငရုတ်စိုး (အရှည်) | ပိဿာ | | | | ၁၂၀၀ | ၁၄၀၀ | ကျ |
| ငရုတ်စိုး (လတ်) | ပိဿာ | | | | ၁၅၀၀ | ၁၇၀၀ | ကျ |
| ငရုတ်စိုး (လုံး) | ပိဿာ | | | | ၁၂၀၀ | ၁၅၀၀ | ကျ |
| စားပြောင်း | ၁၀၀ဖူး | ၁၂၀၀၀ | ၁၁၀၀၀ | တက် | ၉၀၀၀ | ၁၀၀၀၀ | ကျ |
| ရုံးပတီသီး | ၁၀၀ တောင့် | ၁၂၀၀ | ၁၃၀၀ | ကျ | | | |
| ရုံးပတီသီး | ပိဿာ | | | | ၁၁၀၀ | ၁၀၀၀ | တက် |
| ဘူးသီး | လုံး | ၉၀၀ | ၉၀၀ | | | | |
| ဂေါ်ရခါး | ၁၀လုံး | ၁၅၀၀ | ၂၀၀၀ | ကျ | ၁၄၀၀ | ၁၅၀၀ | ကျ |
| ဘိုစားပဲ | ပိဿာ | | | | ၁၂၀၀ | ၁၀၀၀ | တက် |
| မုန်လာဥဖြူ | ၁၀လုံးစည်း | | | | ၃၅၀ | ၃၀၀ | တက် |
| မုန်လာဥဖြူ | ပိဿာ | ၁၀၀၀ | ၁၂၀၀ | ကျ | | | |
| ရွှေဖရုံသီး | လုံး | ၁၅၀၀ | ၁၅၀၀ | | ၈၀၀ | ၇၀၀ | တက် |

| သစ်သီးဝလံများ | ရေတွက်ပုံ | ရန်ကုန်(သီရိမင်္ဂလာဈေး) ၂၀-၂-၁၉ | ၁၃-၂-၁၉ | တက်/ကျ | မန္တလေး(ကိုင်းတန်းဈေး) ၂၀-၂-၁၉ | ၁၃-၂-၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| ငှက်ပျော (သီးမွှေး) | ဖီး | ၁၆၀၀ | ၂၀၀၀ | ကျ | ၄၀၀ | ၄၀၀ | |
| ငှက်ပျော (ဖီးကြမ်း) | ဖီး | ၂၀၀၀ | ၁၈၀၀ | တက် | ၅၀၀ | ၅၀၀ | |
| ငှက်ပျော (ရခိုင်) | ဖီး | ၁၀၀၀ | ၁၀၀၀ | | ၅၀၀ | ၅၀၀ | |
| စတော်ဘယ်ရီ | ခြင်း | ၇၀၀ | ၇၅၀ | ကျ | | | |
| စပျစ်သီး (နီညို) | ပိဿာ | ၁၇၅၀ | ၁၇၅၀ | | ၂၁၀၀ | ၂၀၀၀ | တက် |
| လိမ္မော်သီး | ပိဿာ | ၁၆၀၀ | ၁၅၀၀ | တက် | ၈၀၀ | ၁၀၅၀ | ကျ |
| သခွားမွှေး | ၁လုံး | | | | ၆၀၀ | ၈၃၃ | ကျ |
| ဖရဲ | ၁လုံး | | | | ၈၀၀ | ၁၂၅၀ | ကျ |
| ထောပတ်သီး | ၁၀ လုံး | ၁၁၀၀၀ | ၁၀၀၀၀ | တက် | ၃၀၀၀ | ၃၂၅၀ | ကျ |
| ပန်းသီး(တရုတ်) | တစ်သေတ္တာ | ၁၂၀၀၀ | ၁၂၀၀၀ | | | | |
| ပန်းသီး(တရုတ်) | ၁၀ လုံး | | | | ၂၀၀၀ | ၁၇၀၀ | တက် |

**စားသုံးဆီ** — ရန်ကုန်(ညောင်ပင်လေးဈေး)

| စားသုံးဆီ | ရေတွက်ပုံ | ဈေးနှုန်း | တက်/ကျ |
|---|---|---|---|
| စားအုန်းဆီ (ကုမ္ပဏီ) | ပိဿာ | ၁၆၂၅ | ကျ |
| စားအုန်းဆီ (လက်ကား) | ပိဿာ | ၁၇၀၀ | ကျ |
| မြေပဲဆီ (ရန်ကုန်-ရှယ်) | ပိဿာ | ၆၀၀၀ | ကျ |
| မြေပဲဆီ (နယ်မှလာသောဆီ) | ပိဿာ | ၅၆၀၀ | ကျ |
| မြေပဲဆီ (ရိုးရိုး) | ပိဿာ | ၃၃၀၀ | |
| နှမ်း (အကြော်ခံ) | ပိဿာ | ၆၇၀၀ | |
| နှမ်း (ရိုးရိုး) | ပိဿာ | ၅၀၀၀ | |

**မန္တလေး(ကုန်စည်ဒိုင်)**

| | | | | |
|---|---|---|---|---|
| နံနံစေ့ | ပိဿာ | ၁၁၀၀၀ | ၁၁၇၅၀ | ကျ |
| စမုန်နက် | ပိဿာ | ၃၀၀၀ | ၃၀၀၀ | တူ |
| ပဲဖတ် | ပိဿာ | ၁၂၁၅ | ၁၁၈၅ | တက် |
| နှမ်းဖတ် | ပိဿာ | ၁၂၂၅ | ၁၁၅၀ | တက် |

**အခြားကုန်စည်ဈေးနှုန်းများ**

| | | | | |
|---|---|---|---|---|
| မြေပဲဆီ | ပိဿာ | ၆၀၀၀ | ၆၀၀၀ | တူ |
| နှမ်းဆီ | ပိဿာ | ၇၂၀၀ | ၇၂၀၀ | တူ |
| စားအုန်းဆီ | ပိဿာ | ၁၇၁၀ | ၁၇၂၈ | ကျ |

## ပုသိမ်ဈေးကွက်

ဆန်စက်ပိုင်များ၏ စပါးဝယ်ဈေးနှင့် ဆန်ကုန်သည်များ၏ ဆန်လက်ကားရောင်းဈေး — စပါးတစ်တင်း= ၄၆ပေါင်

| အမျိုးအမည် | ရေတွက်ပုံ | ၂၀-၂-၂၀၁၉ | တက်/ကျ | ရေတွက်ပုံ | ၂၀-၂-၂၀၁၉ | တက်/ကျ |
|---|---|---|---|---|---|---|
| **စပါး (ပထမတန်းစား)** | | | | **ဆန် (ထိပ်စ)** | | |
| ရေဝတီပေါ်ဆန်း | ၁၀၀ တင်း | ၁၀၃၃၉၀၄ | | တစ်တင်းခွဲ | ၃၉၀၀၀ | တက် |
| ပေါ်ဆန်းရင် | ၁၀၀ တင်း | ၉၄၆၂၈၅ | | တစ်တင်းခွဲ | ၃၈၀၀၀ | တက် |
| ကောက်ညှင်းဖြူ | ၁၀၀ တင်း | ၁၁၃၉၀၄၇ | | တစ်တင်းခွဲ | ၄၅၀၀၀ | |
| ဖျာပုံပေါ်ဆန်း | ၁၀၀ တင်း | ၉၂၀၀၀၀ | | တစ်တင်းခွဲ | ၃၇၅၀၀ | တက် |
| **စပါး (ဒုတိယတန်းစား)** | | | | **ဆန် (အလတ်စ)** | | |
| ရွှေသွယ်လေး | ၁၀၀ တင်း | ၆၉၀၀၀၀ | | တစ်တင်းခွဲ | ၂၈၀၀၀ | |
| ရောမင်း | ၁၀၀ တင်း | ၆၉၀၀၀၀ | | တစ်တင်းခွဲ | ၂၈၀၀၀ | |
| မနောသုခ | ၁၀၀ တင်း | ၆၁၁၈၀၀ | တက် | တစ်တင်းခွဲ | ၂၃၀၀၀ | တက် |
| မီးကောက် | ၁၀၀ တင်း | ၅၉၈၀၀၀ | တက် | တစ်တင်းခွဲ | ၂၃၀၀၀ | တက် |
| သီးထပ်ရင် | ၁၀၀ တင်း | ၅၇၉၆၀၀ | | တစ်တင်းခွဲ | ၂၂၀၀၀ | |

| ပဲ မျိုး စုံ (၃ တင်းအိတ်) | ရေတွက်ပုံ | ယခုအပတ် ၂၀-၂-၁၉ | ယခင်အပတ် ၁၃-၂-၁၉ | တက်/ကျ |
|---|---|---|---|---|
| **ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်)** | | | | |
| အစေ့ထုတ်ပြောင်း | ၅၄ ပိဿာ | ၂၆၄၆၀ | ၂၆၄၆၀ | |
| မတ်ပဲ (သဘော်တင်) | မ တန် | ၆၂၂၀၀၀ | ၆၂၀၀၀၀ | တက် |
| ပဲတီရွှေဝါ | ၆၀ ပိဿာ | ၁၀၈၇၅၀ | ၁၀၆၈၀၀ | တက် |
| ပဲလွန်းဖြူ | ၆၀ ပိဿာ | ၆၁၉၅၀ | ၆၀၉၀၀ | တက် |
| ကုလားပဲ ( လုံး/ဝါ/ကြီး) | ပိဿာ | ၁၃၁၈ | ၁၂၈၃ | တက် |
| ပဲစင်းငုံ (သဘော်တင်) | မ တန် | | ၇၁၀၀၀၀ | |
| ဘိုကိတ် | ၆၀ ပိဿာ | ၅၇၄၅၀ | ၅၅၅၀၀ | တက် |
| ပဲပုပ် (မြန်မာ) | ၆၀ ပိဿာ | ၆၂၅၅၀ | ၆၁၀၅၀ | တက် |
| ထောပတ်ပဲ | ၆၀ ပိဿာ | ၁၄၆၁၀၀ | ၁၄၆၁၀၀ | |
| **မန္တလေး(ကုန်စည်ဒိုင်)** | | | | |
| အစေ့ထုတ်ပြောင်း | ၅၄ ပိဿာ | ၂၃၇၅၀ | ၂၄၃၃၃ | ကျ |
| ဂျုံ (မုံရွာ) | ၆၀ ပိဿာ | ၅၉၀၀၀ | ၅၉၀၀၀ | တူ |
| ဂျုံ (ရှမ်း) | ၆၀ ပိဿာ | ၅၆၀၀၀ | ၅၆၀၀၀ | တူ |
| မတ်ပဲ (ပြည်တွင်း) | ၆၀ ပိဿာ | ၆၃၃၃၃ | ၆၄၀၀၀ | ကျ |
| ပဲတီစိမ်း (ရွှေဝါ) | ၅၆ .၂၅ပိဿာ | ၁၂၃၁၆၇ | ၁၂၂၆၆၇ | တက် |
| ပဲပုပ် (မြန်မာ) | ၆၀ ပိဿာ | ၅၇၅၀၀ | ၅၇၅၀၀ | တူ |
| ပဲပုပ် (ရှမ်း) | ၆၀ ပိဿာ | ၅၉၀၀၀ | ၆၀၃၃၃ | ကျ |
| ပဲစင်းငုံ(နီ) | ၆၀ ပိဿာ | ၇၇၅၀၀ | ၇၇၅၀၀ | တူ |
| ပဲလွန်းဖြူ | ၆၀ ပိဿာ | ၆၇၆၆၇ | ၆၇၆၆၇ | တူ |
| ကုလားပဲ (လုံးဝါကြီး) | ၃တင်း (၅၆.၂၅ ပိဿာ) | ၇၈၀၀၀ | ၇၇၀၀၀ | တက် |
| ကုလားပဲ (လုံးဖြူကြီး) | ၃တင်း (၅၆.၂၅ ပိဿာ) | ၇၄၀၀၀ | ၇၄၇၅၀ | ကျ |
| စားတော်ပဲ (ကျွန်း) | ၅၉ .၂၅ ပိဿာ | ၉၀၀၀၀ | ၈၀၀၀၀ | တက် |
| ပဲလွန်းပြာ | ၃ တင်း (၅၄ ပိဿာ) | ၅၃၅၀၀ | ၅၁၀၀၀ | တက် |
| ပဲကြီး (လုံးကြီး) | ၅၅ .၂၅ ပိဿာ | ၈၅၀၀၀ | ၉၀၀၀၀ | ကျ |
| ပဲယင်း | ၆၀ ပိဿာ | ၇၄၆၆၇ | ၇၀၆၆၇ | တက် |
| ထောပတ်ပဲ(လုံးကြီး) | ၅၆ .၂၅ ပိဿာ | ၁၁၆၆၆၇ | ၁၁၅၀၀၀ | တက် |
| မြေပဲဆန် (လုံးဆန်) | ၁၀၀ ပိဿာ | ၂၉၂၅၀၀ | ၂၉၅၀၀၀ | ကျ |
| မြေပဲဆန် (ဆီဆန်) | ၁၀၀ ပိဿာ | ၂၇၀၀၀၀ | ၂၇၀၀၀၀ | တူ |
| ပန်းနှမ်း | ၄၅ ပိဿာ | ၇၁၀၀၀ | ၇၀၀၀၀ | တက် |
| နေကြာ | ၂၇ ပိဿာ | ၄၉၀၀၀ | ၄၉၀၀၀ | တူ |
| နှမ်းနက် | ၄၅ ပိဿာ | ၂၀၀၀၀၀ | ၂၁၂၅၀၀ | ကျ |

## ပခုက္ကူဈေးကွက်

| သီးနှံ | ရေတွက်ပုံ | ၂၀-၂-၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၃၇၅၀ | |
| ဧယာ | တစ်တင်းခွဲ | ၂၃၂၅၀ | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၄၁၇ | ကျ |
| **ပဲမျိုးစုံ** | | | |
| ပဲတီစိမ်း (လုံးသေး) | ပိဿာ | ၁၄၄၇ | တက် |
| ပဲစဉ်းငုံ (အနီ) | ပိဿာ | ၁၃၀၀ | တက် |
| ကုလားပဲ (လုံးဝါကြီး) | ပိဿာ | ၁၃၇၄ | |
| ထောပတ်ပဲ | ပိဿာ | ၁၉၇၉ | တက် |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲဆန် (လုံးဆန်) | ပိဿာ | ၂၉၆၇ | တက် |
| မြေပဲဆန် (ဆီဆန်) | ပိဿာ | ၂၇၀၀ | တက် |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၄၂၅ | တက် |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၃၂၅ | ကျ |
| ကြက်သွန်နီ (သေး) | ပိဿာ | ၁၅၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၅၅၀၀ | |
| နှမ်းဆီ (ရှယ်) | ပိဿာ | ၆၇၀၀ | |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၆၇၀ | တက် |

## မြင်းခြံဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၂၀-၂-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန်နှင့် အစေ့ထုတ်ပြောင်း** | | | |
| ပေါ်ဆန်း | တစ်တင်းခွဲ | ၄၂၅၀၀ | - |
| မနောသုခ | တစ်တင်းခွဲ | ၂၄၇၅၀ | - |
| ပြောင်း (စီပီ) | ပိဿာ | ၆၅၀ | တက် |
| **ပဲမျိုးစုံ** | | | |
| ပဲတီစိမ်း (လုံးသေး) | ပိဿာ | ၁၂၇၅ | - |
| ပဲပုပ် | ပိဿာ | ၁၀၄၀ | ကျ |
| ပဲစင်းငုံ (အနီ) | ပိဿာ | ၁၂၆၅ | တက် |
| ကုလားပဲလုံးဝါ (ကြီး) | ပိဿာ | ၁၂၆၃ | - |
| ထောပတ်ပဲ (သေး) | ပိဿာ | ၁၇၇၅ | တက် |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲ (လုံးဆန်) | ပိဿာ | ၃၀၅၀ | - |
| မြေပဲ (ဆီဆန်) | ပိဿာ | ၂၈၀၃ | - |
| နှမ်းညို | ပိဿာ | ၃၄၂၃ | ကျ |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၄၉၅၀ | တက် |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၃၃၈ | - |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၁၃၅၀ | ကျ |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၈၅၀ | ကျ |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၅၇၅၀ | - |
| နှမ်းဆီ | ပိဿာ | ၆၅၀၀ | တက် |

## မော်လမြိုင်ဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၂၀-၂-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန်** | | | |
| ရာဘာ (RSS-3) | ၁ပေါင် | ၇၄၀ | ကျ |
| **ဆန်** | | | |
| ပေါ်ဆန်း (ရွှေဘို ) | တစ်တင်းခွဲ | ၅၄၅၀၀ | |
| ပေါ်ဆန်း (ဒေသ) | တစ်တင်းခွဲ | ၃၇၀၀၀ | |
| ဧည့်မထ | တစ်တင်းခွဲ | ၁၉၅၀၀ | |
| ကောက်ကြီး (အလတ်စ) | တစ်တင်းခွဲ | ၃၂၀၀၀ | |
| **ပဲမျိုးစုံ** | | | |
| မတ်ပဲ | ပိဿာ | ၁၀၀၀ | |
| ပဲတီစိမ်း | ပိဿာ | ၁၁၀၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၆၁၀၀ | |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၈၀၀ | |
| ပုဇွန်၂ကောင်ပုံး | ၁၀ ပိဿာ | ၂၃၇၀၀ | တက် |
| အခြားတံဆိပ်ပုံးများ | ၁၀ ပိဿာ | ၁၈၇၀၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၄၀၀၀ | |
| ကြက်သွန်နီ (အလတ်) | ပိဿာ | ၄၇၅ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၀၅၀ | တက် |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၁၃၅၀ | |
| အာလူး (အိုကေ) | ပိဿာ | ၆၃၀ | |
| အာလူး (အေဝမ်း) | ပိဿာ | ၅၅၀ | |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ဒေသ) | ပိဿာ | ၆၀၀ | ကျ |
| ပန်းဂေါ်ဖီ (မြေပြန့်) | ပွင့် | ၃၅၀ | တက် |
| ဂေါ်ဖီထုပ် (မြေပြန့်) | ၂၀ ပိဿာ | ၄၀၀၀ | တက် |
| မုန်လာဥနီ (အောင်ပန်း) | ပိဿာ | ၁၂၀၀ | |
| ချင်း | ပိဿာ | ၁၃၅၀ | |

## မုံရွာမြို့ ကုန်စည်ဒိုင်

| သီးနှံ | ရေတွက်ပုံ | ၂၀-၂-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၅၅၀၀ | တက် |
| ရောမင်း | တစ်တင်းခွဲ | ၃၈၂၅၀ | တက် |
| အိုင်အာ - ၇၄၇ | တစ်တင်းခွဲ | ၂၁၅၀၀ | ကျ |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ဒေသ) | ၂၀ ပိဿာ | ၇၀၀၀ | တက် |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၅၈၀၀ | |
| နှမ်းဆီ | ပိဿာ | ၆၆၀၀ | |
| စားအုန်းဆီ | ပိဿာ | ၁၇၂၀ | ကျ |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲဆန် (လုံးဆံ) | ပိဿာ | ၂၈၂၅ | ကျ |
| မြေပဲဆန် (ဆီဆံ) | ပိဿာ | ၂၆၇၅ | ကျ |
| နှမ်းဝါ | ၁၅ ပိဿာ | ၅၁၅၀၀ | |
| နှမ်းနီ | ၁၅ ပိဿာ | ၅၁၅၀၀ | |
| နှမ်းနက် | ၁၅ ပိဿာ | ၇၄၅၀၀ | |
| ပန်းနှမ်း | ၁၅ ပိဿာ | ၂၂၀၀၀ | ကျ |
| မုန်ညင်းစေ့ | ၁၆ ပိဿာ | ၂၃၀၀၀ | |
| **နံ့စားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ၁၈ ပိဿာ | ၇၄၀၀ | ကျ |
| ဂျုံဖြူသန့် | ၂၀ ပိဿာ | ၁၉၇၅၀ | |
| **ပဲမျိုးစုံ** | | | |
| မတ်ပဲ | ၂၀ ပိဿာ | ၂၀၇၅၀ | ကျ |
| ပဲတီစိမ်း (ကြီး) | ၁၉ ပိဿာ | ၃၀၂၅၀ | |
| ပဲပုပ် | ၂၀ ပိဿာ | ၁၈၃၀၀ | ကျ |
| ပဲစင်းငုံ (နီ) | ၂၀ ပိဿာ | ၂၅၈၀၀ | တက် |
| ကုလားပဲလုံးဝါကြီး | ၁၉ ပိဿာ | ၂၃၀၀၀ | ကျ |
| ကုလားပဲလုံးဖြူကြီး | ၁၉ ပိဿာ | ၂၄၅၀၀ | |
| စားတော်ပဲ | ၂၀ ပိဿာ | ၂၈၀၀၀ | |
| ပဲလွန်းပြာ | ၁၈ ပိဿာ | ၁၈၅၀၀ | |
| ပဲကြီး | ၁၈ ပိဿာ | ၃၀၅၀၀ | တက် |
| ထောပတ်ပဲ | ၁၈ ပိဿာ | ၃၇၀၀၀ | တက် |
| နံနံစေ့ | ၁၈ ပိဿာ | ၁၁၀၀၀ | ကျ |

| သကြားဈေးနှုန်း | ရန်ကုန် ၂၀-၂-၁၉ | ရန်ကုန် ၁၃-၂-၁၉ | မန္တလေး ၂၀-၂-၁၉ | မန္တလေး ၁၃-၂-၁၉ |
|---|---|---|---|---|
| သကြား(အထက်စ) ပိဿာ | ၁၂၀၀ | ၁၂၀၀ | ၁၁၀၀ | ၁၁၀၀ |
| သကြား(အလတ်စ) ပိဿာ | ၁၁၅၀ | ၁၁၅၀ | - | - |
| သကြား(အောက်စ) ပိဿာ | ၁၁၀၀ | ၁၁၀၀ | ၁၀၈၀ | ၁၀၈၀ |

# ဈေးကွက်အတွင်း သီးနှံအလိုက် သုံးသပ်ချက်များ

## ရန်ကုန်ဈေးကွက် ရောင်းဝယ်မှုအခြေအနေများ

ယခုသီတင်းပတ်အတွင်း စားအုန်းဆီမှာ ပြည်ပဈေးနှုန်း အနည်းငယ်နိမ့်ခြင်း၊ ပြည်ပမှတင်သွင်းရာတွင် အခွန်နှုန်းထားပြောင်းလဲရန် အစီအစဉ်များရှိခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုရှိခြင်းတို့ကြောင့် ယခုတစ်ပတ် ဆီထုတ်ယူခွင့်စာရွက်အရ လက်ကားတစ်ပိဿာ ရောင်းဈေး ၁၆၂၅ ကျပ်နှုန်းရှိပြီး လက်ကားဈေးကွက်တွင် စားအုန်းဆီတစ်ပိဿာလျှင် ၁၇၀၀ ကျပ်ဈေးနှုန်းဖြင့် ရောင်းဝယ်နေကြောင်း သိရသည်။

ရန်ကုန်ဈေးကွက်သို့ မြင်းခြံ၊ ပခုက္ကူ၊ ဆိတ်ဖြူ၊ မြစ်သား၊ တောင်တွင်းစသည့်ဒေသများမှ မိုးစိုက်ဥ ကြက်သွန်နီများ ဝင်ရောက်မှုများခြင်း၊ အစိုဓာတ်များသဖြင့် ဆောင်းစိုက်ကြက်သွန်နီကဲ့သို့ အထားမခံခြင်း၊ ဘုရင့်နောင်ပွဲရုံတန်းအတွင်း လမ်းပြုပြင်မှုများရှိ၍ အရောင်းအဝယ်ပါးခြင်းတို့ကြောင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ကြက်သွန်နီ (ကြီး) တစ်ပိဿာလျှင် ၇၂၅ ကျပ်မှ ၆၇၅ ကျပ်၊ ကြက်သွန်နီ (လတ်) တစ်ပိဿာလျှင် ၇၂၅ ကျပ်မှ ၆၅၀ ကျပ်၊ ကြက်သွန်နီ(သေး)တစ်ပိဿာလျှင် ၆၇၅ ကျပ်မှ ၅၇၅ ကျပ်သို့ ဈေးနှုန်းများ ကျဆင်းခဲ့သည်။ ရှမ်းပြည်နယ်တွင် ဆောင်းအာလူး စိုက်ပျိုးချိန်ဖြစ်သောကြောင့် ရန်ကုန်ဈေးကွက်သို့ မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းတွင် စိုက်ပျိုးထွက်ရှိသော တရုတ်မျိုးနှင့်ဒေသမျိုး အာလူးများ အဓိကဝင်ရောက်မှုရှိသည်။ ဆင်ဖြူကျွန်းအာလူး(အိုကေ)တစ်ပိဿာလျှင် ၆၀၀ကျပ်နှင့်(အေဝမ်း) တစ်ပိဿာလျှင် ၅၅၀ ကျပ်ရှိသောကြောင့် ယခင်အပတ် ၁၃.၂.၁၉ ဈေးနှုန်းအရ တစ်ပိဿာလျှင် ၂၀ ကျပ်ခန့် ဈေးကျဆင်းခဲ့သည်။ တရုတ်နိုင်ငံမှ အာလူးများထုပ်ပိုးမှုပုံစံမျိုးစုံဖြင့် ဝင်ရောက်မှုရှိပြီး တစ်ပိဿာလျှင် ၇၀၀ ကျပ် (အရွယ်စုံဈေး)ရှိသည်။

ရန်ကုန်သီရိမင်္ဂလာဈေးကွက်တွင် ရောင်းချနေသည့် ခရမ်းချဉ်သီးများမှာ မုံရွာ၊ ကြံခင်း၊ ခရမ်း၊ သုံးခွဒေသများမှ ဝင်ရောက်မှုရှိပြီး တစ်ပိဿာလျှင် ၇၇၈ ကျပ်ဈေးရှိပြီး တစ်သေတ္တာ (၂၀ ပိဿာ)လျှင် ၁၀၀၀၀ ကျပ်(မုံရွာသီး)၊ (ကြံခင်း၊ ခရမ်း၊ သုံးခွ) တစ်ခြင်း(၉ပိဿာ) လျှင် ၇၀၀၀ ကျပ်ပေါက်ဈေးဖြင့် အရောင်းအဝယ် ဖြစ်ပေါ်လျက်ရှိရာ အဝင်ပုံမှန်ရှိသောကြောင့် ယခင်သီတင်းပတ်နှင့် နှိုင်းယှဉ်ပါက ခရမ်းချဉ်သီးတစ်ပိဿာလျှင် ၅၀၀ ကျပ်မှ ၇၇၈ ကျပ်သို့ ဈေးမြင့်ခဲ့သည်။ ဖေဖော်ဝါရီလတွင် ရှမ်းပြည်နယ်ထွက် ဂေါ်ဖီထုပ်များ ရာသီကုန်ချိန် ဖြစ်သော်လည်း ယခုနှစ်တွင် လက်ရှိအချိန်အထိ ရှမ်းဂေါ်ဖီထုပ်များ ဆက်လက်ဝင်ရောက်မှုရှိနေပြီး တပ်ကုန်းဒေသထွက် မြေပြန့်ဂေါ်ဖီ ထုပ်များပါ ဈေးကွက်သို့ ဝင်ရောက်မှုရှိခြင်းကြောင့် ဂေါ်ဖီ(ရှမ်း)တစ်ထုပ် လျှင် ၃၀၀ ကျပ်မှ ၂၅၀ ကျပ်သို့ ဈေးကျလျက်ရှိသည်။

ဖြူမာချို (ရန်ကုန်ဈေးကွက်)

## (မန္တလေးဈေးကွက်) ရောင်းဝယ်မှုအခြေအနေ

စားတော်ပဲဈေးနှုန်းမှာ ဝင်ရောက်မှုနည်းသွားခြင်း၊ တရုတ်၊ အိန္ဒိယမျိုးများလည်း အဝင်မရှိခြင်း၊ မန္တလေးလူထု အများစားသုံးသောပဲဖြစ်၍ ယခင်အပတ်ထက် လက်လီသမားများ အဝယ်များကာ ဈေးမြင့်သွားပါသည်။

စားဖိုဆောင်သီးနှံများအနေဖြင့် ကြက်သွန်နီဈေးနှုန်းမှာ မြစ်သာ ကြက်သွန်နီများ ဝင်ရောက်လာခြင်း၊ ရွှေဘို၊ မြင်းခြံဘက်မှလည်း ဝင်ရောက်မှုရှိခြင်း၊ မြစ်သားဘက်မှမျိုးမှားပြီး အရည်အသွေးနိမ့်များပါ ဝင်ရောက်မှု ရှိခြင်းကြောင့် မြစ်သားကြက်သွန်အကြီး တစ်ပိဿာလျှင် ၉၀၀၊ လတ် ၇၀၀၊ ငယ် ၅၀၀ နှင့် ရွှေဘိုမှ ကြက်သွန်နီ တစ်ပိဿာ ၆၀၀၊ လတ် ၅၀၀၊ ငယ် ၄၀၀ သို့ ဈေးနိမ့်သွားပါသည်။ တရုတ်ကြက်သွန်ဖြူများလည်း နှစ်ကူးပြီးကာလ အဝင်နည်းသွားခြင်းကြောင့် ဈေးမြင့်သွားပါသည်။ ရွှေဘို၊ ရွှေပန်းကုံးဘက်မှ ဗမာကြက်သွန်ဖြူများ စတင်ဝင်ရောက်လာပြီး တစ်ပိဿာလျှင် အရည်အသွေးပေါ်မူတည်၍ ၉၀၀ မှ ၁၁၀၀ ဖြင့် ရောင်းဝယ်နေကြပါသည်။ အာလူး၊ အိုကေ၊ အေဝမ်း၊ ဆွဲတို့မှာလည်း အောင်ပန်းမှ အဝင်နည်းသွားပြီး ပခုက္ကူ ရေဦး၊ ဗန်းမော်တို့မှ ဝင်ရောက်မှုများလာခြင်းကြောင့် အိုကေ တစ်ပိဿာလျှင် ၈၀၀၊ အေဝမ်း ၆၀၀၊ ဆွဲ ၄၀၀ သို့ ဈေးနိမ့်သွားပါသည်။ ဂျင်းဈေးနှုန်းမှာ အောင်ပန်းဂျင်းရော ပြင်ဦးလွင်မြို့ဂျင်းပါ ဝင်ရောက်မှုရှိပြီး အောင်ပန်းမှာ ပင်လယ်ရေကြောင်းမှ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူသို့တင်ပို့မှုရှိခြင်းကြောင့် ပင်ရင်းဈေးမြင့်ကာ တစ်ပိဿာ ၁၄၀၀ ဖြင့် ရောင်းဝယ်နေကြပြီး ပြင်ဦးလွင်ဂျင်းမှာ တစ်ပိဿာလျှင် ၁၀၀၀ဖြင့် ရောင်းဝယ်နေကြပါသည်။ နှမ်းဈေးနှုန်းအနေဖြင့် နှစ်သစ်ကူးပြီးကာစကာလဖြစ်၍ တရုတ်ဝယ်လက်နည်းပြီး မူဆယ်၊ ချင်းရွှေဟော်တို့မှ တင်ပို့မှုလျော့နည်းသော်လည်း နွေနှမ်းစိုက်ပျိုးရန် မျိုးထားကြပြီး ထုတ်ရောင်းမှု နည်းခြင်း၊ လှောင်သမားထံမှဝယ်ရခြင်းတို့ကြောင့် နှမ်းဖြူနှင့်နှမ်းညိုမှာ ဈေးအနည်းငယ်မြင့်နေပါသည်။ နှမ်းနက်မှာ တရုတ်ဝယ်လက်နည်းခြင်း၊ မြို့တွင်းသုံးစွဲမှုနည်းခြင်းကြောင့် ဈေးမသိမသာ နိမ့်သွားကြောင်း တွေ့ရပါသည်။

ခင်မေကြည် (မန္တလေးဈေးကွက်)

# ပြည်တွင်း၊ ပြည်ပသီးနှံဈေးကွက်အခြေအနေ

## နေပြည်တော်ဈေးကွက်လယ်ယာထွက်ကုန်ဈေးနှုန်းများ

တနင်္ဂနွေနေ့တိုင်း ကောက်ယူသည်

| | | ပျဉ်းမနား | | တပ်ကုန်း | | လယ်ဝေး | |
|---|---|---|---|---|---|---|---|
| | | ၁၇-၂-၁၉ | တက်/ကျ | ၁၇-၂-၁၉ | တက်/ကျ | ၁၇-၂-၁၉ | တက်/ကျ |
| ဆန် (အလတ်စ) (တစ်တင်းခွဲပိဿာ၃၀) | ပေါ်ဆန်း | ၄၃၀၀၀ | တက် | ၄၂၀၀၀ | တက် | ၄၃၀၀၀ | တက် |
| | မနောသုခ (ရန်ကုန်) | ၂၇၀၀၀ | | ၂၅၀၀၀ | ကျ | ၂၆၀၀၀ | |
| | မနောသုခ (ဒေသ) | ၂၄၀၀၀ | တက် | ၂၃၀၀၀ | | ၂၄၀၀၀ | တက် |
| | သုခထွန်း (ဒေသ) | ၂၂၀၀၀ | တက် | ၂၂၀၀၀ | | ၂၂၀၀၀ | တက် |
| | ဧယာ | ၂၄၀၀၀ | | ၂၄၀၀၀ | | ၂၄၀၀၀ | |
| စားဖိုဆောင်သီးနှံ (ပိဿာ) | ငရုတ်ခြောက် (ရှည်) | ၄၀၀၀ | ကျ | ၄၈၀၀ | တက် | ၅၀၀၀ | |
| | ငရုတ်ခြောက် (မိုးထောင်) | ၅၀၀၀ | ကျ | ၄၅၀၀ | | ၅၅၀၀ | တက် |
| | ငရုတ်ခြောက် (ပွ) | ၁၀၀၀၀ | | ၁၀၀၀၀ | | ၁၂၀၀၀ | |
| | ကြက်သွန်ဖြူ (ရှမ်း–လတ်) | ၂၀၀၀ | တက် | ၁၀၀၀ | | ၂၀၀၀ | တက် |
| | ကြက်သွန်ဖြူ (ကြူကုတ်) | ၁၅၀၀ | တက် | ၁၄၀၀ | | ၁၅၀၀ | |
| | ကြက်သွန်နီ (ကြီး) | ၇၀၀ | ကျ | ၈၀၀ | | ၈၀၀ | ကျ |
| | ကြက်သွန်နီ (လတ်) | ၅၀၀ | ကျ | ၆၀၀ | ကျ | ၆၀၀ | ကျ |
| | ကြက်သွန်နီ (သေး) | ၃၀၀ | ကျ | ၅၀၀ | | ၄၀၀ | ကျ |
| | အာလူး (ကြီး) | ၁၆၀၀ | တက် | ၁၃၀၀ | ကျ | ၁၇၀၀ | တက် |
| | အာလူး (လတ်) | ၁၅၀၀ | တက် | ၁၂၀၀ | | ၁၆၀၀ | တက် |
| | အာလူး (သေး) | ၁၄၀၀ | တက် | ၁၀၀၀ | | ၁၄၀၀ | တက် |
| စားသုံးဆီ (ပိဿာ) | မြေပဲဆီ (ရှယ်) | ၆၂၀၀ | တက် | ၆၅၀၀ | | ၆၂၀၀ | တက် |
| | မြေပဲဆီ (ရိုးရိုး) | ၃၅၀၀ | | ၅၅၀၀ | | ၃၅၀၀ | |
| | နှမ်းဆီ (ရှယ်) | ၅၀၀၀ | ကျ | ၆၅၀၀ | ကျ | ၅၀၀၀ | ကျ |
| | စားအုန်းဆီ (ကန်ဆီ) | ၁၇၀၀ | ကျ | ၁၇၀၀ | ကျ | ၁၈၀၀ | |
| ဟင်းသီးဟင်းရွက် | ခရမ်းချဉ် (ပိဿာ) | ၈၀၀ | တက် | ၈၀၀ | တက် | ၉၀၀ | တက် |
| | ရွှေပဲသီး (ပိဿာ) | ၂၀၀၀ | ကျ | ၂၀၀၀ | ကျ | ၃၀၀၀ | ကျ |
| | ဂေါ်ဖီထုပ် (ထုပ်) | ၁၅၀ | ကျ | ၁၀၀ | ကျ | ၂၀၀ | ကျ |
| | ပန်းမုန်လာ (ပွင့်) | ၁၅၀ | ကျ | ၂၀၀ | | ၂၀၀ | ကျ |
| | ဂျူးမြစ် (ပိဿာ) | ၁၅၀၀ | တက် | ၁၅၀၀ | တက် | ၂၀၀၀ | |
| | ဂေါ်ရခါးသီး (လုံး) | ၅၀ | | ၅၀ | | ၈၀ | တက် |
| | မုန်လာဉနီ (ရှမ်း) (ပိဿာ) | ၁၂၀၀ | ကျ | ၂၀၀၀ | | ၁၅၀၀ | |
| | ဘိုစားပဲ (ပိဿာ) | ၁၂၀၀ | ကျ | ၂၀၀၀ | | ၁၅၀၀ | ကျ |
| | ချင်း (ပိဿာ) | ၁၂၀၀ | | ၁၆၀၀ | | ၁၂၀၀ | |

## စစ်တွေဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၈-၂-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **လယ်ယာထွက်ကုန်** | | | |
| ပေါ်ဆန်းမွှေးအသစ်(ရှယ်) | တစ်အိတ် | ၄၄၀၀၀ | တက် |
| မီးဒုံး(အသစ်) | တစ်အိတ် | ၂၆၀၀၀ | – |
| ညှော့မထ | တစ်အိတ် | ၂၇၀၀၀ | – |
| ငစိန် | တစ်အိတ် | ၂၄၀၀၀ | – |
| ကောက်ညင်းဆန် | တစ်အိတ် | ၄၀၀၀၀ | တက် |
| ကုလားပဲ | ၁ပိဿာ | ၃၇၀၀ | – |
| ပဲနီလေး | ၁ပိဿာ | ၃၉၀၀ | – |
| မြေပဲဆန် | ၁ပိဿာ | ၃၀၀၀ | – |
| ပဲဆီ | ၁ပိဿာ | ၄၈၀၀ | – |
| စားအုန်းဆီ | ၁ပိဿာ | ၂၈၀၀ | – |
| ကြက်သွန်နီ (လတ်) | ၁ပိဿာ | ၁၄၅၀ | – |
| ကြက်သွန်ဖြူ | ၁ပိဿာ | ၂၆၀၀ | – |
| ငရုတ်သီး | ၁ပိဿာ | ၉၀၀ | ကျ |
| ချင်း | ၁ပိဿာ | ၁၇၀၀ | – |
| ခရမ်းသီး | ၁ပိဿာ | ၅၀၀ | – |
| ခရမ်းချဉ်သီး | ၁ပိဿာ | ၁၄၀၀ | ကျ |
| အာလူး | ၁ပိဿာ | ၁၇၀၀ | – |
| သကြား (ဖြူ) | ၁ပိဿာ | ၁၅၀၀ | – |
| **အသား/ဥအမျိုးမျိုး** | | | |
| ဝက်သား | ၁ပိဿာ | ၁၂၀၀၀ | – |
| အမဲသား | ၁ပိဿာ | ၁၄၀၀၀ | – |
| ဆိတ်သား | ၁ပိဿာ | ၁၅၀၀၀ | – |
| ကြက်သား(အိမ်ကြက်) | ၁ပိဿာ | ၁၁၀၀၀ | – |
| ကြက်သား(ဥစားကြက်) | ၁ ကီလို | ၉၀၀၀ | – |
| **ရေထွက်ကုန်** | | | |
| ပုစွန်ခြောက်(အသေး) | ၁ ကီလို | ၂၂၀၀၀ | – |
| ငါးနီတူခြောက်(ရှယ်) | ၁ ကီလို | ၈၀၀၀ | – |
| ငါးနီတူခြောက် | ၁ ကီလို | ၇၅၀၀ | တက် |
| ငါးဂျင်လိပ်ခြောက် | ၁ ကီလို | ၈၅၀၀ | – |
| ငါးပိ | ၁ ကီလို | ၃၅၀၀ | – |

## မြိတ်မြို့ရေထွက်ကုန် ဈေးကွက်အခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ၁၇-၂-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ရေချိုငါး** | | | |
| ကုလားကုတ် | ၁ ကီလို | ၆၂၀၀ | ကျ |
| ငါးကွမ်းရှပ် (ကြီး) | ၁ ကီလို | ၆၃၀၀ | တက် |
| ငါးကွမ်းရှပ် (သေး) | ၁ ကီလို | ၄၂၀၀ | တက် |
| ငါးပါးနီ | ၁ ကီလို | ၆၁၀၀ | တက် |
| ကျောက်ငါး | ၁ ကီလို | ၄၃၀၀ | တက် |
| ကုလားငှ | ၁ ကီလို | ၅၂၀၀ | တက် |
| ဓာဗျက် | ၁ ကီလို | ၂၅၀၀ | – |
| ဇလုံး | ၁ ကီလို | ၆၅၀၀ | – |
| ကြိမ်မွေ့တောင်း | ၁ ကီလို | ၄၉၀၀ | တက် |
| ငါးရောင် (ကြီး) | ၁ ကီလို | ၃၉၀၀ | – |
| ငါးရောင် (သေး) | ၁ ကီလို | ၁၅၀၀ | – |
| ငါးသဲတိုး | ၁ ကီလို | ၃၂၀၀ | တက် |
| ကဏ္ဍူရံ | ၁ ကီလို | ၁၃၅၀၀ | တက် |
| ကကတစ် | ၁ ကီလို | ၅၀၀၀ | – |
| ငါးလိပ်ကျောက် | ၁ ကီလို | ၅၅၀၀ | တက် |
| ငါးမုတ်မဲ | ၁ ကီလို | ၆၅၀၀ | တက် |
| ငါးမုတ်ဖြူ | ၁ ကီလို | ၉၅၀၀ | – |
| သဲကဏန်း | ၁ ကီလို | ၁၃၀၀၀ | တက် |
| ကင်းမွန် (ကြီး) | ၁ ကီလို | ၈၅၀၀ | – |
| ကင်းမွန်(သေး) | ၁ ကီလို | ၄၅၀၀ | – |
| **ရေချိုပုစွန်** | | | |
| ရေချိုပုစွန်ကျား (Tiger) | ၁ ကီလို | ၁၉၀၀၀ | – |
| ရေချိုပုစွန် (Pink) | ၁ ကီလို | ၈၀၀၀ | – |
| ရေချိုပုစွန်မီးနီ (White) | ၁ ကီလို | ၁၁၀၀၀ | – |
| မျှင်ငါးပိ | ၁ ကီလို | ၂၈၀၀ | – |
| ပုစွန်ခြောက် (ကြီး) | ၁ ကီလို | ၃၀၀၀၀ | – |
| ပုစွန်ခြောက် (လတ်) | ၁ ကီလို | ၂၅၀၀၀ | – |
| ပုစွန်ခြောက် (သေး) | ၁ ကီလို | ၂၀၀၀၀ | – |

## တောင်သူထံမှဝယ်ယူသောလယ်ယာထွက်ကုန်ဈေးနှုန်းများ

| | ၁၇-၂-၁၉ | တက်/ကျ |
|---|---|---|
| **ပျဉ်းမနား** | | |
| ပဲမျိုးစုံ (သုံးတင်းအိတ်) | | |
| မတ်ပဲ (၆၀ ပိဿာ) | ၆၁၅၀၀ | တက် |
| ပဲတီစိမ်း (၆၀ ပိဿာ) | ၁၂၅၀၀၀ | တက် |
| ဆီထွက်သီးနှံ | | |
| နှမ်းနက် (၄၅ ပိဿာ) | ၂၁၀၀၀၀ | – |
| နှမ်းနီ (၄၅ ပိဿာ) | ၁၅၀၀၀၀ | – |
| နေကြာ (ပိဿာ) | ၁၁၀၀ | ကျ |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၆၀၀ | – |
| **တပ်ကုန်း** | | |
| ပဲမျိုးစုံ(တစ်တင်း) | | |
| မတ်ပဲ (၂၀ ပိဿာ) | ၁၈၀၀၀ | – |
| ပဲတီစိမ်း (၂၀ ပိဿာ) | ၄၂၀၀၀ | တက် |
| ဆီထွက်သီးနှံ | | |
| နှမ်းနီ (၁၅ ပိဿာ) | ၄၂၀၀၀ | ကျ |
| နှမ်းနက် (၁၅ ပိဿာ) | ၇၀၀၀၀ | – |
| မြေပဲ (လုံးဆန်) (ပိဿာ) | ၃၂၀၀ | တက် |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၆၅၀ | ကျ |
| မြေပဲ (အတောင့်) (ပိဿာ) | ၁၇၀၀ | တက် |
| နေကြာ (ပိဿာ) | ၁၂၀၀ | – |
| **လယ်ဝေး** | | |
| ပဲမျိုးစုံ | | |
| မတ်ပဲ (၂၀ပိဿာ) | ၂၀၅၀၀ | တက် |
| ဆီထွက်သီးနှံ | | |
| နှမ်းနက် (၁၅ ပိဿာ) | ၇၂၀၀၀ | – |
| မြေပဲ (လုံးဆန်) (ပိဿာ) | ၂၇၀၀ | – |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၃၀၀ | – |
| မြေပဲ (အတောင့်) (ပိဿာ) | ၁၂၀၀ | – |

## ပြည်မြို့မဈေးကြီး

| အမျိုးအမည် | ရေတွက်ပုံ | ၂၀-၂-၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၀၅၀၀ | |
| အင်းမရဲဘော် | တစ်တင်းခွဲ | ၂၄၀၀၀ | |
| ရွှေဝါထွန်း | တစ်တင်းခွဲ | ၁၉၇၃၃ | |
| **ပဲမျိုးစုံ** | | | |
| ဘိုကိတ် | ၂၀ ပိဿာ | ၁၈၇၀၀ | တက် |
| မတ်ပဲ | ၂၀ ပိဿာ | ၂၁၅၀၀ | တက် |
| ပဲပုပ် (မြန်မာ) | ၂၀ ပိဿာ | ၂၂၀၀၀ | တက် |
| ပဲစင်းငုံ (အနီ) | ၂၀ ပိဿာ | ၂၅၅၀၀ | တက် |
| ပဲလွမ်းဖြူ | ၂၀ ပိဿာ | ၁၉၀၀၀ | ကျ |
| ကုလားပဲ (လုံးဝါကြီး) | ၂၀ ပိဿာ | ၂၈၀၀၀ | တက် |
| ပဲကြီး (ကြီး) | ၂၀ ပိဿာ | ၃၂၀၀၀ | |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲ (လုံးဆန်) | ပိဿာ | ၂၉၀၀ | |
| မြေပဲ (ဆီဆန်) | ပိဿာ | ၂၆၅၈ | ကျ |
| နှမ်းနက် | ၄၅ ပိဿာ | ၁၉၀၀၀၀ | ကျ |
| နှမ်းနီ | ၄၅ ပိဿာ | ၁၆၅၀၀၀ | ကျ |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (ရှည်) | ပိဿာ | ၂၉၀၀ | ကျ |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၃၉၀၀ | ကျ |
| ငရုတ်ခြောက် (ပွ) | ပိဿာ | ၅၃၀၀ | တက် |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၅၃၃ | ကျ |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၅၀၀ | ကျ |
| အာလူး (အိုကေ) | ပိဿာ | ၉၀၀ | ကျ |
| အာလူး (အေဝမ်း) | ပိဿာ | ၈၀၀ | ကျ |
| အာလူး (ဆွဲသီး) | ပိဿာ | ၆၆၇ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၇၀၀ | ကျ |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၁၅၃၃ | တက် |
| ချင်း | ပိဿာ | ၁၄၀၀ | တက် |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၆၀၀၀ | |
| မြေပဲဆီ (ရိုးရိုး) | ပိဿာ | ၅၅၀၀ | |
| နှမ်းဆီ (ရှယ်) | ပိဿာ | ၇၃၀၀ | |
| နှမ်းဆီ (ရိုးရိုး) | ပိဿာ | ၇၀၀၀ | |
| စားအုန်းဆီ | ပိဿာ | ၁၇၀၀ | ကျ |

## တောင်ကြီး

| အမျိုးအမည် | ရေတွက်ပုံ | ၂၀-၂-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| ဧရာဝတီပေါ်ဆန်း | တစ်တင်းခွဲ | ၅၄၀၀၀ | တက် |
| ဖျာပုံပေါ်ဆန်း | တစ်တင်းခွဲ | ၄၉၁၆၆ | တက် |
| ပေါ်ကျွဲ | တစ်တင်းခွဲ | ၃၁၆၆၆ | တက် |
| ဧယာ | တစ်တင်းခွဲ | ၂၆၅၀၀ | တက် |
| မနောသုခ | တစ်တင်းခွဲ | ၃၀၀၀၀ | တက် |
| အင်းမရဲဘော် | တစ်တင်းခွဲ | ၂၇၀၀၀ | တက် |
| ခေါက်နှမ်းခမ်းဆန် | နှစ်တင်း | ၆၇၀၀၀ | ကျ |
| **နံ့စားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၄၀၀ | ကျ |
| **ပဲမျိုးစုံ** | | | |
| ပဲပုပ် (ရှမ်း) | ပိဿာ | ၁၃၂၃ | တက် |
| ပဲစင်းငုံ (အနီ) | ပိဿာ | ၁၀၅၀ | တက် |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်ဖြူ (ဥလတ်) | ပိဿာ | ၁၂၃ | ကျ |
| ကြက်သွန်ဖြူ (ရှယ်) | ပိဿာ | ၂၅၀ | ကျ |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၄၀၃၃ | တက် |
| နှမ်းဆီ (ရိုးရိုး) | ပိဿာ | ၄၆၆၇ | တက် |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၉၀၀ | |
| **ဆီထွက်သီးနှံ** | | | |
| ပန်းနှမ်း | ပိဿာ | ၈၀၀ | ကျ |

## ငါးရက်တစ်ဈေး အောင်ပန်းဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၂၀-၂-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **နံ့စားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၄၈၀ | တက် |
| ဂျုံစေ့ (ရှမ်း) | ပိဿာ | ၈၀၀ | ကျ |
| **ဆီထွက်သီးနှံ** | | | |
| ပန်းနှမ်း | ပိဿာ | ၁၂၀၀ | တက် |
| နေကြာ | ပိဿာ | ၈၀၀ | ကျ |
| **စားဖိုဆောင်သီးနှံ** | | | |
| အာလူး (အိုကေ) | ပိဿာ | ၁၀၀၀ | ကျ |
| အာလူး (အေဝမ်း) | ပိဿာ | ၈၀၀ | ကျ |
| ချင်း (အစို) | ပိဿာ | ၈၀၀ | ကျ |
| ကြက်သွန်ဖြူ (အလတ်) | ပိဿာ | ၁၁၀၀ | ကျ |
| **ပဲမျိုးစုံ** | | | |
| ပဲပုပ် | ပိဿာ | ၁၁၀၀ | တက် |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ရှမ်း) | ပိဿာ | ၈၀၀ | |
| ဂေါ်ဖီထုပ် | ထုပ် | ၂၈၀ | တက် |
| ပန်းမုန်လာ (ရှမ်း) | ပွင့် | ၂၅၀ | တက် |
| မုန်လာဉနီ | ပိဿာ | ၁၁၀၀ | တက် |
| ဂေါ်ရခါးသီး | လုံး | ၁၀၀ | တက် |
| ဂျူး | ပိဿာ | ၁၀၅၀ | တက် |
| ရွှေပဲသီး | ပိဿာ | ၂၀၀၀ | ကျ |
| ဘိုစားပဲ | ပိဿာ | ၉၀၀ | |
| **သစ်သီးဝလံ** | | | |
| လိမ္မော်သီး | ပိဿာ | ၁၅၀၀ | ကျ |
| ထောပတ်သီး | လုံး | ၇၀၀ | တက် |

## ဝက်ပုတ်ဈေးကွက်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်

| အမျိုးအမည် | ရေတွက်ပုံ | ၂၀-၂-၁၉ | တက်/ကျ |
|---|---|---|---|
| **ဟင်းသီးဟင်းရွက်** | | | |
| သခွားသီး | ၁၀၀ လုံး | ၅၀၀၀ | ကျ |
| ခရမ်းသီး (လတ်) | ၁၀၀ လုံး | ၅၀၀၀ | |
| ငရုတ်သီးစိမ်း (ရှည်) | ပိဿာ | ၆၀၀ | ကျ |
| ရုံးပတီသီး | ၁၀၀ တောင့် | ၆၀၀ | တက် |
| ကြက်ဟင်းခါးသီး | ၁၀၀ တောင့် | ၅၀၀၀ | |
| ရွှေဖရုံသီး | လုံး | ၃၅၀ | ကျ |
| ပဲတောင့်ရှည် (ထိုင်ဝမ်) | စည်း | ၅၃၃ | ကျ |
| မုန်ညင်းဖြူ | ထုပ် | ၃၀ | ကျ |
| ကျောက်ဖရုံ | လုံး | ၅၀၀ | |

## မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ရရှိသောဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ၁၇-၂-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **လယ်ယာထွက်ကုန်** | | | |
| ညှော့မထ(၂၅%) | တန် | ၂၀၅၀ယွမ် | – |
| ပဲတီစိမ်း | တန် | ၅၉၀၀ယွမ် | ကျ |
| ပဲပုတ် | တန် | ၃၇၅၀ယွမ် | – |
| ပဲလွှမ်းဖြူ | တန် | ၅၂၅၀ ယွမ် | |
| ထောပတ်ပဲ | တန် | ၅၅၀၀ယွမ် | – |
| အစေ့ထုတ်ပြောင်း | တန် | ၁၄၅၀ယွမ် | တက် |
| မြေပဲဆန် | တန် | ၉၅၀၀ယွမ် | ကျ |
| နှမ်း | တန် | ၉၇၅၀ယွမ် | – |
| ကြက်သွန်နီ | တန် | ၂၅၀၀ယွမ် | ကျ |
| ကြက်သွန်ဖြူ(ရှမ်း) | ပိဿာ | ၁၁၀၀ကျပ် | ကျ |
| ဖရဲသီး | တန် | ၈၀၀ယွမ် | ကျ |
| RSS 3 (ရော်ဘာ) | တန် | ၇၉၅၀ယွမ် | – |
| **ရေထွက်ကုန်** | | | |
| ကဏန်း (အမာ) | တန် | ၃၄၀၀ဒေါ်လာ | – |
| ငါးရှဉ့် | တန် | ၅၀၀၀ဒေါ်လာ | – |
| **နိုင်ငံခြားငွေလဲလှယ်နှုန်း** | | | |
| အမေရိကန်ဒေါ်လာ | ၁ဒေါ်လာ | ၁၅၁၇ကျပ် | တက် |
| ယွမ် | ၁ ယွမ် | ၂၃၅ကျပ် | ကျ |

## လားရှိုးဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၂၀-၂-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန်** | | | |
| ဇောတိကပေါ်ဆန်း | တစ်တင်းခွဲ | ၄၈၀၀၀ | |
| ရွှေဘိုပေါ်ဆန်း | တစ်တင်းခွဲ | ၅၅၀၀၀ | |
| လုံးသွယ်မွှေး | တစ်တင်းခွဲ | ၃၆၅၀၀ | တက် |
| ညှော့မထ | တစ်တင်းခွဲ | ၂၇၇၅၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၂၈၀၀ | ကျ |
| စားအုန်းဆီ (ပုစွန်နှစ်ကောင်) | ပိဿာ | ၂၁၀၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၈၀၀ | တက် |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၇၅၀ | တက် |
| ကြက်သွန်နီ (သေး) | ပိဿာ | ၇၀၀ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၂၀၀ | |
| ကြက်သွန်ဖြူ (တရုတ်) | ပိဿာ | ၁၇၀၀ | တက် |
| အာလူး (အိုကေ) | ပိဿာ | ၇၇၅ | ကျ |
| **ကုန်စည်ဒိုင်** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၄၅၅ | တက် |
| **မူဆယ် (Export)** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၅၂၆ | |

တရုတ်ငွေကြေး ၁ ယွမ်နှင့် ညီမျှသော မြန်မာငွေကျပ် လဲလှယ်နှုန်း = ၂၂၀ • ၄၈

## အိန္ဒိယနိုင်ငံ မွန်ဘိုင်းဈေးကွက်၏ ပဲမျိုးစုံ ဈေးနှုန်းများ

US$/MT FAQ =Fair Average Quality

| နေ့စွဲ | ပဲစင်းငုံ(အကျား) Tur (Pigeon Pea) FAQ/SQ | မတ်ပဲ Urad(Black Mape) FAQ |
|---|---|---|
| ၂.၂.၂၀၁၉ | ၆၅၃ | ၇၃၃ |
| ၁၃.၂.၂၀၁၉ | ၆၁၇ | ၇၂၉ |

## အမေရိကန် ၁ ဒေါ်လာနှင့်ညီမျှသောငွေကြေးတန်ဖိုး

Source : exchangerate.com

| | | ၁၈-၂-၂၀၁၉ | ၁၃-၂-၂၀၁၉ |
|---|---|---|---|
| ဥရောပ | (ယူရို) | ၀. ၈၈၃၁၂၄ | ၀. ၈၈၄၅ |
| ဗြိတိန် | (ပေါင်စတာလင်) | ၀. ၇၇၄၆၀၃ | ၀. ၇၇၅၂၅၄ |
| ဩစတြေးလျ | (ဒေါ်လာ) | ၁. ၃၉၈၈၉၃ | ၁. ၄၀၆၅၁ |
| ဂျပန် | (ယန်း) | ၁၁၀. ၅၅၉၄ | ၁၁၀. ၆၉၄၇ |
| တောင်ကိုရီးယား(ဝမ်) | | ၁၁၂၅. ၉၃၁ | ၁၁၂၂. ၈၇၅ |
| တရုတ် | (ယွမ်) | ၆. ၇၆၇၁၇၈ | ၆. ၇၆၆၀၅၄ |
| အိန္ဒိယ | (ရူပီး) | ၇၁. ၃၅၈၆၁ | ၇၀. ၇၃၉၄၁ |
| ဟောင်ကောင် | (ဒေါ်လာ) | ၇. ၈၄၈၄၉၃ | ၇. ၈၄၈၉၇၅ |
| ဘင်္ဂလားဒေ့ရှ် | (တာကာ) | ၈၃. ၈၈၁၇ | ၈၃. ၈၈၁၇ |
| တိုင်ဝမ် | (ဒေါ်လာ) | ၃၀. ၈၃၂၃၆ | ၃၀. ၈၃၂၉၈ |
| စင်္ကာပူဒေါ်လာ | (ဒေါ်လာ) | ၁. ၃၅၆၂၀၆ | ၁. ၃၅၆၉၆၃ |
| အင်ဒိုနီးရှား | (ရူပီးယား) | ၁၄၁၀၉. ၅၂ | ၁၄၀၇၇. ၆၉ |
| ဖိလစ်ပိုင် | (ပက်ဆို) | ၅၂. ၃၆၀၈၆ | ၅၂. ၁၃၉၄၆ |
| ထိုင်း | (ဘတ်) | ၃၁. ၂၂၉၃၉ | ၃၁. ၃၂၂၄၆ |
| ဗီယက်နမ် | (ဒေါင်) | ၂၃၁၈၄. ၁၆ | ၂၃၁၈၄. ၁၆ |
| မလေးရှား | (ရင်းဂစ်) | ၄. ၀၈၅၈၂၅ | ၄. ၀၆၉၆၆၇ |
| ကမ္ဘောဒီးယား | (ရီးရယ်) | ၄၀၁၅. ၁၆၉ | ၄၀၁၅. ၁၆၉ |
| ဘရူနိုင်းဒါရုစလမ်(ဒေါ်လာ) | | ၁. ၃၅၆၂၀၆ | ၁. ၃၅၆၉၆၃ |
| လာအို | (ကစ်ပ်) | ၈၅၅၉. ၈၆၈ | ၈၅၅၉. ၈၆၈ |

## ပြည်တွင်းဓာတ်မြေဩဇာဈေးနှုန်းများ

၅၀ ကီလိုအိတ်

| အမျိုးအမည် | ၂၀-၂-၂၀၁၉ ရန်ကုန် | ၂၀-၂-၂၀၁၉ မန္တလေး |
|---|---|---|
| **ယူရီးယား** | | |
| ယူရီးယား(တရုတ်) | ၂၆၇၀၀ | ၂၆၄၀၀ |
| **ကွန်ပေါင်း** | | |
| အာမို(၁၆း၁၆း၈း၁၃S)(၄–ရောင်ခြယ်) | ၃၇၅၀၀ | ၄၀၀၀၀ |
| အာမို(၁၅း၁၅း၁၅း၇S) | ၄၀၅၀၀ | ၄၃၀၀၀ |
| ရွှေခြင်္သေ့(၁၅း၇း၈) | | ၂၃၀၀၀ |
| ရွှေခြင်္သေ့(၁၀း၁၀း၅) | | ၁၇၅၀၀ |
| တိုးပွားမန်း(လှည်းယာဉ်)(၁၀း၁၀း၅း၅) | ၁၈၇၀၀ | ၁၆၆၀၀ |
| တိုးပွားမန်း(လှည်းယာဉ်)(၁၅း၁၅း၁၅း၁၀) | ၃၉၅၀၀ | ၃၅၅၀၀ |
| **တီဆူပါ** | | |
| GTSP 46% | ၂၃၈၀၀ | ၂၁၅၀၀ |
| တိုးပွားမန်း(လှည်းယာဉ်) $N+P_2O_5>50\%$ | ၂၄၈၀၀ | |
| တိုးပွားမန်း(လှည်းယာဉ်) $N+P_2O_5>12\%$ | | ၁၁၂၀၀ |
| **ပိုတက်ရှ်** | | |
| ပိုတက်ရှ် (အိန္ဒိယအနီ) | ၂၇၅၀၀ | ၂၇၈၀၀ |
| **မြန်မာ့ဩဘာဓာတ်မြေဩဇာဈေးများ** | | |
| G ပုလဲအလုံးကြီး (၄၆ %) | ၂၉၉၀၀ | ၃၁၇၀၀ |
| ရွှေကောမက် (၂၀း၁၂း၁၂) | ၃၇၅၀၀ | ၃၉၀၀၀ |
| ကောမက်သီးစုံ (၁၆း၁၀း၅) | ၃၀၁၀၀ | ၃၁၆၀၀ |
| Premo Lite (၁၆း၁၆း၁၆) | ၄၃၉၀၀ | ၄၅၄၀၀ |

## စက်မှုကုန်ကြမ်းဈေးနှုန်းများ

US$/MT

| | | |
|---|---|---|
| **သကြား** | ၁၈. ၂. ၂၀၁၉ | ၁၂. ၂. ၂၀၁၉ |
| Refined sugar | ၃၅၈ | ၃၄၅ |
| Raw | ၂၈၉ | ၂၈၂ |
| **ကော်ဖီ** | ၁၈. ၂. ၂၀၁၉ | ၁၂. ၂. ၂၀၁၉ |
| Columbia Mild | ၂၇၉၉ | ၂၈၃၆ |
| Brazilian Natural | ၂၁၇၉ | ၂၂၁၇ |
| Robustas | ၁၇၃၈ | ၁၇၁၈ |
| **ရော်ဘာ** | ၁၈. ၂. ၂၀၁၉ | ၁၃. ၂. ၂၀၁၉ |
| RSS - 1 | ၁၆၄၆ | ၁၆၂၄ |
| RSS - 2 | ၁၆၂၆ | ၁၆၀၅ |
| RSS - 3 | ၁၆၀၉ | ၁၅၈၈ |
| RSS - 4 | ၁၅၉၉ | ၁၅၇၈ |
| RSS - 5 | ၁၅၈၅ | ၁၅၆၄ |
| **စားအုန်းဆီ** | ၁၅. ၂. ၂၀၁၉ | ၁၂. ၂. ၂၀၁၉ |
| RBD P. OLEIN | ၅၆၂ | ၅၆၃ |

Source: LIFFE, CSCE, ICO, International Rubber Prices (Bangkok), www.cbot.com, Myanmar Kuok Oil & Grains Ltd.

## ပြည်ပဆန်ဈေးနှုန်း

(US$/MT) Source: riceonline.com

| | | ၁၈-၂-၁၉ | ၁၃-၂-၁၉ |
|---|---|---|---|
| ထိုင်း | 100% | | ၂၄၆ |
| | 5% | | ၄၁၀ |
| | 25% | | ၄၀၃ |
| | Parboiled | | ၄၁၇ |
| ဗီယက်နမ် | 5% | | ၃၄၀ |
| | 25% | | ၃၂၅ |
| အိန္ဒိယ | 5% | | ၃၇၀ |
| | 25% | | ၃၃၀ |
| | Parboiled | | ၃၈၀ |
| ပါကစ္စတန် | 5% | | ၃၄၅ |
| | 25% | | ၃၂၀ |
| | Parboiled | | ၄၁၀ |

၁၈-၂-၂၀၁၉ ရက်အတွက် ဆန်ဈေးနှုန်းမရရှိပါ။

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (လှည်းကူးကျောင်းခွဲ) အပင်မျိုးမွေးမြူရေး ဇီဝကမ္မဗေဒနှင့်ဂေဟဗေဒဌာန အထူးပြုနောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ ပဲခူးတိုင်းဒေသကြီးတွင် ကွင်းဆင်း လေ့လာ



ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (လှည်းကူးကျောင်းခွဲ) အပင်မျိုးမွေးမြူရေး ဇီဝကမ္မဗေဒနှင့် ဂေဟဗေဒဌာန အထူးပြုနောက်ဆုံးနှစ်ကျောင်းသားကျောင်းသူများအား ကျောင်းအုပ်ကြီး ဒေါက်တာကြည်တိုးဦးဆောင်ကာ ဖေဖော်ဝါရီ ၇ ရက်နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် စိုက်ပျိုးရေးပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါလေ့လာရေးခရီးစဉ်တွင် တိုင်းဒေသကြီး စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က ကြိုဆိုမိတ်ဆက်စကားပြောကြားပြီး ကျောင်းအုပ်ကြီး ဒေါက်တာကြည်တိုးက ဝန်ကြီးနှင့်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးတို့အား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူများက သိလိုသည်များ မေးမြန်းကြသည်။ သဘာဝဘေးအန္တရာယ် ကျရောက်မှုအခြေအနေ၊ မျိုးကောင်းမျိုးသန့်များ အစားထိုး ရွေးချယ်အသုံးပြုမှု၊ မျိုးစေ့နှင့် ဓာတ်မြေဩဇာများအကြောင်း၊ မြေချဉ်မြေငန်တိုင်းကိရိယာများအသုံးပြုမှု မြေဆီလွှာဓာတ်ခွဲခြင်းလုပ်ငန်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ မြို့နယ်အလိုက် တောင်သူပညာပေးစင်တာများထားရှိမှု၊ မျိုးသန့်စံပြရွာများ တည်ထောင်မှု တောင်သူများနှင့်ကုမ္ပဏီ၊ အဖွဲ့အစည်းများ၏ မျိုးသန့်ထုတ်လုပ်ငန်းများ အခြေအနေ၊ ဌာနပိုင်မျိုးသန့်ခြံများက ဧကသုံးသောင်းကျော်အတွက် မျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပေးနေမှုအခြေအနေများ၊ မျိုးစေ့သန့်စင်စက်များအသုံးပြုမှုတို့နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် လက်တွေ့ကွင်းဆင်းလေ့လာကြသည်။ ■



# ပဲတီစိမ်းသီးနှံ စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ရန်ကုန်တွင် ကျင်းပ

ပဲတီစိမ်းသီးနှံ စဉ်ဆက်မပြတ်စိုက်ပျိုးထုတ်လုပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (Product Pipeline Workshop) ကို ဖေဖော်ဝါရီ ၆ ရက်နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန (DOA) မှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (DAR) မှ တာဝန်ရှိသူများ၊ ဩစတြေးလျ နိုင်ငံတကာစိုက်ပျိုးရေးသုတေသနဗဟိုဌာန (ACIAR) မှ တာဝန်ရှိသူများ၊ ကမ္ဘာ့ဟင်းသီးဟင်းရွက်စင်တာ (AVRDC WVC) မှ တာဝန်ရှိသူများ၊ ခရမ်း၊ သုံးခွနှင့် ကျောက်တန်းမြို့နယ်များမှ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများနှင့် ပဲစိုက်တောင်သူများ တက်ရောက်ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒေါက်တာထွန်းရွှေက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးကိစ္စရပ်များ၊ သိပ္ပံနည်းကျစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်နေမှုအခြေအနေများ၊ ဈေးကွက်ဝင်သီးနှံများ ရွေးချယ်စိုက်ပျိုးခြင်းကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပဲတီစိမ်းသီးနှံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး IMIN (Establishing the International Mungbean Network) စီမံကိန်းတာဝန်ခံ Dr Ram၊ ပဲနှမ်းကုန်သည်များအသင်းမှ ဦးစိုးဝင်းမောင်နှင့်အပင်မျိုးဗီဇ ဇီဝကမ္မဗေဒဌာနမှ ဒေါက်တာစိုးဝင်းတို့က ပဲစိုက်တောင်သူများ၏ မေးမြန်းချက်များနှင့်ပတ်သက်၍ ပဲတီစိမ်းမျိုးများ၏ အရည်အချင်းလက္ခဏာများ၊ ပိုးမွှားရောဂါရာသီဥတုခံနိုင်ရည်ရှိခြင်း၊ ဒေသနှင့်ကိုက်ညီကာ ပို့ကုန်ဈေးကွက်ဝင် အရည်အသွေးမီစိုက်ပျိုးထုတ်လုပ်ခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံးခြင်း၊ ပြည်ပဈေးကွက်စံချိန်စံညွှန်းများနှင့်အညီ စိုက်ပျိုးထုတ်လုပ်ခြင်း၊ တောင်သူများအတွက် ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ရေး၊ အရည်အသွေးကောင်းပဲတီစိမ်းလက္ခဏာများ၊ ဆက်လက်တိုးချဲ့ စိုက်ပျိုးသင့်သည့်မျိုးကောင်းမျိုးသန့်များရွေးချယ်ခြင်းနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေး နည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။ ■

# ပထမအကြိမ် သုတေသန စာတမ်းဖတ်ပွဲ ရှမ်းပြည်နယ် တောင်ပိုင်း လောက်ကိုင်တွင် ကျင်းပ



ပထမအကြိမ်သုတေသနစာတမ်းဖတ်ပွဲ (၁/၂၀၁၉) ကို ရှမ်းပြည်နယ် (တောင်ပိုင်း) လောက်ကိုင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၃၁ ရက်နံနက်ပိုင်းကကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်နှင့် မြို့နယ်ဝန်ထမ်းများ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲတွင် ခရိုင်ဦးစီးမှူး ဦးအောင်မျိုးဝေက ပဏာမ ရှင်းလင်းဆွေးနွေးပြီး RTOP စမ်းသပ်ကွက် တွေ့ရှိချက်နှင့် သုံးသပ်ချက်များ၊ အစေ့ထုတ်ပြောင်းမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် တွေ့ရှိချက် သုံးသပ်ချက်များနှင့်ပတ်သက်၍ စာတမ်းများဖတ်ကြားတင်ပြကြသည်။ ■



## ကျော့မှူးတွင် ကပ်ပါးနကျယ်လွှတ်၊ ပေါင်းရှင်းမြေဩဇာကျွေး

စပါးတစ်ဧကအထွက်နှုန်းတိုးတက်စေရန် နွေစပါးစိုက်ခင်းများတွင် ကပ်ပါးနကျယ်လွှတ်ခြင်း၊ ပေါင်းရှင်းမြေဩဇာကျွေးခြင်း လုပ်ငန်းများကို ဖေဖော်ဝါရီ ၈ ရက်နံနက်ပိုင်းက ကော့မှူးမြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ (IHTDV) ဖြစ်သည့် လာဝတီကျေးရွာ စနစ်ကျစက်မှုလယ်ယာမြေတွင်ဆောင်ရွက်ရာ တောင်ပိုင်းခရိုင် စက်မှုလယ်ယာဦးစီးမှူး ဦးကျော်ကျော်ဦးက ဧကကွက်များဖော်ထုတ်စိုက်ပျိုးထားရှိမှု၊ စက်ကိရိယာများ တပ်ဆင်အသုံးပြုမှုများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်လှကြည်က သီးနှံဘက်စုံပိုးမွှားကာကွယ်ခြင်းစနစ်နှင့် ကပ်ပါးနကျယ်လွှတ်ခြင်း အကြောင်း၊ နွေစပါးရေသွင်းရေထုတ်စနစ်၊ ပေါင်းရှင်း၊ မြေဩဇာကျွေး၊ တမန်းနှိုးစနစ်များ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါလုပ်ငန်းခွင်သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ မြို့နယ်ဦးစီးမှူးများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။ ■

# တောင်သူပညာပေးလုပ်ငန်း ဖာပွန်တွင် ဆောင်ရွက်

ဒေသအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တောင်သူပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၇ ရက်နံနက်ပိုင်းက ကရင်ပြည်နယ် ဖာပွန်မြို့နယ် တံခွန်တိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင်ကျင်းပရာ စိုက်ပျိုးရေးဝန်ထမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသက်ဆွေက စိုက်ပျိုးရေးထွက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေး၊ သီးနှံအလိုက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) နှင့်အညီ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဒေသတွင်း ဆန်နှင့်ဆီဖူလုံရန်တိုးချဲ့စိုက်ပျိုးခြင်း၊ ဆောင်းသီးနှံတိုးချဲ့စိုက်ပျိုး၍ သီးနှံစိုက်စွမ်းအား (CI) မြင့်တက်ရန် ဆောင်ရွက်ခြင်း၊ စားဖိုဆောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ အိမ်တွင်းဥယျာဉ် (Home Garden) ကို ဒေသထွက်ပန်းမျိုးစုံ ကောက်ရိုးမှို၊ ဟင်းသီးဟင်းရွက်စသည်တို့ဖြင့် တစ်ပိုင်တစ်နိုင်ထူထောင်ခြင်း၊ ယခုအခါ အချို့ဒေသတွင် ငမြှောင်တောင်ပိုးများ (Fall Armyworm) ကျရောက်နေသဖြင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆွေးနွေးပွဲအပြီးတွင် SRI စနစ်ဖြင့် စိုက်ပျိုးထားသော ပြည်တော်ရင် နွေစပါးစိုက်ခင်းသို့ လက်တွေ့ကွင်းဆင်းဆောင်ရွက်ကြသည်။ ■

သိန်းဖေ
စုစည်းတင်ပြသည်။





# သင့်အတွက်ကံကြမ္မာ

ဆ/၃၀၊ မယ်စီကုန်းလမ်း၊
၇-ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၄၄၈၀၃၆၄၉၅

စိုးဝင်းထက်

**(၂၇-၂-၂၀၁၉) မှ (၁၂-၃-၂၀၁၉) ထိ**

**တနင်္ဂနွေ**



အဘက်ဘက်မှငွေများဝင်လာမည်။ ရင်းနှီးမြှုပ်နှံမှုများမှ အကျိုးရှိလာမည်။ အကြီးအကဲများ၏ ချီးမြှောက်မှုကို ခံရမည်။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာနေမည်။ မောင်နှမများ၊ လက်အောက်ငယ်သားများနှင့် ရန်ဖြစ်ရတတ်သည်။ အပူလောင်တတ်သည်။

**ယတြာ။ ။ ဦးထုပ် လက်ဆောင်ပေးလိုက်ပါ။**

**တနင်္လာ**



စိတ်ရှုပ်ထွေးစရာများကို ရှင်းထုတ်နိုင်မည်။ ခရီးယာယီများနေမည်။ လူအများနှင့်ဆက်ဆံရသောလုပ်ငန်းများ အကျိုးပေးနေသည်။ တိုးတက်ကြီးပွားစေမည့် မိတ်ဆွေကောင်းများနှင့်တွေ့မည်။ အချစ်ရေး အလွန်စန်းပွင့်နေသည်။ အစာမှားတတ်သည်။

**ယတြာ။ ။ ခွေးကို အစာကျွေးလိုက်ပါ။**

**အင်္ဂါ**



အလုပ်များမနိုင်မနင်းဖြစ်နေမည်။ သူတစ်ပါးအား ဝန်ဆောင်မှုမျိုးစုံပေးနေရမည်။ အပြောင်းအလဲမျိုးစုံနှင့်ကြုံတွေ့မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်လှုပ်ရှားဖွယ်ရာများနှင့်ကြုံမည်။ တည်ဆောက်သည့်ကိစ္စမှန်သမျှ အားလုံးအဆင်ပြေသည်။ ငွေကြေးအဆင်မပြေသေးပါ။ ကျန်းမာရေးညံ့နေသည်။

**ယတြာ။ ။ ကြီးကန်းကို အစာကျွေးလိုက်ပါ။**

**ဗုဒ္ဓဟူး**



သင်တန်း၊ နည်းပညာ၊ အတတ်ပညာများ၊ အင်တာဗျူးများနှင့် အကျိုးပေးနေမည်။ ငွေအဝင်လျော့နည်းသွားတတ်သည်။ ခိုင်မာသောလုပ်ငန်းတစ်ခုလုပ်ဖြစ်မည်။ အချစ်သစ်များ ပေါ်ပေါက်လာမည်။ ဘုရားဖူးခရီးသွားရမည်။ ကျန်းမာရေး ညံ့နေသည်။

**ယတြာ။ ။ ရေသန့် လှူပေးပါ။**

**ကြာသပတေး**



မူလအလုပ်ဟောင်းများနှင့်သာ အကျိုးပေးနေသေးသည်။ မြေကြီးကိုတူးဆွလုပ်ရသည့်လုပ်ငန်းမှန်သမျှ အကျိုးပေးသည်။ မောင်နှမဝမ်းကွဲများနှင့်လုပ်ငန်းများလုပ်ဖြစ်ပြီး အကျိုးပေးမည်။ အမှုအခင်းပြဿနာများ ရှင်းသွားမည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်မပြေပါ။ အရိုး၊ အာရုံကြော ဒုက္ခပေးတတ်သည်။

**ယတြာ။ ။ နှင်းဆီပန်း လှူပေးပါ။**

**သောကြာ**



ကုန်ကူးသန်းရောင်းဝယ်မှုများနှင့် အကျိုးပေးနေသည်။ စီးပွားဖက်များက စိတ်ချမ်းသာမှုပေးလိမ့်မည်။ မရွေ့ပြောင်းနိုင်သော ဥစ္စာပစ္စည်းများ ဝင်လာမည်။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာနေမည်။ ပြိုင်ဘက်၊ ရန်ဘက်များနှင့် နားလည်မှုရမည်။ ကျန်းမာရေးသင့်သည်။

**ယတြာ။ ။ အင်္ကျီတစ်ထည် လက်ဆောင်ပေးလိုက်ပါ။**

**စနေ**



အစ်ကိုကြီး၊ အစ်မကြီးကဲ့သို့သောသူများက ကူညီလိမ့်မည်။ ဝင်ငွေယခင်ကထက် တိုးတက်လာမည်။ ခရီးတိုများသွားရမည်။ လိုအင်ဆန္ဒတချို့ပြည့်ဝမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာနေသည်။ အိမ်နီးချင်း၊ လုပ်ဖော်ကိုင်ဖက်များကြောင့် စိတ်ချမ်းသာရမည်။ သွေးနှင့်ပတ်သက်သောဝေဒနာ ခံစားရတတ်သည်။

**ယတြာ။ ။ ဆေးနှင့်ဆေးပစ္စည်းများ လှူပေးပါ။**

---

အတွေးနှင့်ရသ

# နောက်ဆုံးမေးခွန်း

မောင်မြင့်အောင်

**ကျွန်တော် စိတ်မဝင်စားသောအရာများထဲတွင် အရက်သောက်ခြင်း၊ ဘီလီယက်ထိုးခြင်း၊ လောင်းကစားလုပ်ခြင်းနှင့်တန်းစီခြင်းတို့လည်း ပါသည်။**

သို့သော် မည်သည့်အကြောင်းပြချက်နှင့်မျှ ရှောင်လွဲလို့မရသော တန်းစီခြင်းကိုတော့ လတစ်လ၏ ဒုတိယပတ်အတွင်းမှာ သရုပ်ဆောင်ရသည်။ ထိုကိစ္စမှာ လစဉ် '၁၇' ရက် နောက်ဆုံးထားပြီး မီတာဆောင်ရခြင်းဖြစ်သည်။

ထိုရက်တွင် လူများခြင်းနှင့်တန်းစီခြင်းကို သည်းခံနိုင်သော်လည်း နောက်မှရောက်လာသောလူများက တန်းမစီဘဲ ရှေ့ကရောက်နေသော တစ်စုံတစ်ဦး၏လက်ထဲသို့ မီတာစာရွက်တစ်ထပ်ကြီးထည့်ပြီး ဆောင်ခိုင်းခြင်းကို သည်းမခံနိုင်ခြင်းဖြစ်သည်။ ထိုအခါ လူတစ်ယောက်တည်းနှင့် နာရီဝက်လောက်ကြာသွားပြီး ကိုယ့်မီတာကိုယ်ဆောင်သည့် ကျွန်တော်တို့လိုလူမျိုးတွေ မလိုအပ်ဘဲ အချိန်တွေပေးလိုက်ရသည်။

ထို့ကြောင့် မီတာဆောင်ဖို့ နည်းဗျူဟာပြောင်းကြည့်သည်။ ထိုနည်းမှာ မီတာလာဖတ်သောပုဂ္ဂိုလ်ကို လက်ဖက်ရည်ဖိုးပေးပြီး ဆောင်ခိုင်းသည့်နည်းဖြစ်သည်။ သို့သော် ထိုနည်းက တစ်လ၊ နှစ်လလောက်သာ အဆင်ပြေသည်။ နောက်ပိုင်းတွင် စိတ်ညစ်ရပြန်၏။

နောက်တစ်လဖြတ်ပိုင်းပြန်တောင်းသောအခါ အိမ်မှာကျန်ခဲ့သည်ဟု ဆိုသည်။ နောက်လ၊ နောက်လများတွင် မီတာဖတ်သူ လူပြောင်းသွားပြီး လမ်းစပျောက်သွားသည်။ "သူ့အမှန်တကယ်ဆောင်လိုက်ပါစေ"ဟုသာ ဆုတောင်းနေရသည်။

× × ×

သည်လိုနှင့်တစ်ရက် မီတာဆောင်ရန် ရောက်သွားသောအခါ မဟာကံထူးရှင်အဖြစ် လူရှင်းနေသည်။ ထို့ကြောင့် ကျွန်တော်နှင့်ရွယ်တူ ငွေလက်ခံသည့်အမျိုးသမီးကို မီတာစာရွက်နှင့်ကျသင့်ငွေကို ပေးလိုက်၏။ ထိုအခါ အမျိုးသမီးက ကျွန်တော့်ကို အသေအချာကြည့်ရင်း မေးလိုက်၏။

"ဟဲ့ – – – သန်းနိုင် နင်အခုဘယ်မှာနေလဲ"

"ဗျာ – – – ကျွန်တော် ဒီမြို့နယ်ထဲက ၁ ရပ်ကွက်မှာ"

"နင်နဲ့မတွေ့တာကြာပြီနော်၊ အနှစ် ၂၀ လောက်ရှိမလားပဲ"

"ဟုတ် – – – ဟုတ်ကဲ့"

ကျွန်တော် သူ့ကိုမသိပါ။ မမှတ်မိတာမျိုးလည်း ဖြစ်နိုင်သည်။

"နင် – – – သူဇာဝင်းတို့အုပ်စုနဲ့တွေ့သေးလား"

"သူဇာဝင်း – – –ဟုတ်လား – – – ဟို – – –ဟို"

"နင်ကလည်း မမှတ်မိတော့ဘူးလား၊ ကိုးတန်းတုန်းက နင်နဲ့ဖိနပ်ကိစ္စနဲ့ပြဿနာဖြစ်တာလေ"

သူကအတိတ်ကိုတူးဆွပြီး ရင်းရင်းနှီးနှီးပြောနေသော်လည်း ကျွန်တော့်မှတ်ဉာဏ်က မှုန်ဝါးဝါးပင်။ သူ့မျက်နှာကိုတော့ ရင်းနှီးနေသလို သူဇာဝင်းနှင့်ပြဿနာကိုလည်း မှတ်မိသွားသည်။ သို့သော် ကျွန်တော့်တုံ့ပြန်မှုက အေးစက်စက်ဖြစ်နေ၏။ သူ့ကိုလည်း အစဖော်လို့မရ။

"အခု နင်ကလေးဘယ်နှယောက်ရနေပြီလဲ"

"တစ်ယောက်"

သူ ဘယ်သူလဲဆိုသည့်အဖြေက မရ။ သူကလည်း ရင်းရင်းနှီးနှီးဆက်ဆံနေသည်။ ကျွန်တော်ကလည်း မြို့နယ်သုံးမြို့နယ်မှာ ပြောင်းနေဖူးသူဖြစ်သောကြောင့် နောက်ဆုံးမျှော်လင့်ချက်အနေဖြင့် သဲလွန်စရနိုင်မည့်မေးခွန်းတစ်ခုကို မေးလိုက်၏။

"ဩော် – – ဒါနဲ့ အခုဘယ်မှာနေလဲ"

သူက ကျွန်တော့်ကို အံ့ဩသည့်အမူအရာနှင့် ကြည့်သည်။ ပြီးမှ အနောက်ကစက်ရိုက်သည့်အမျိုးသမီးကို စာရွက်လှမ်းပေးပြီး ပြောလိုက်၏။

"အို – – –နင်ကလည်း အဆန်းလုပ်လို့၊ နင်ရောက်ဖူးရဲ့သားရဲ့၊ အရင်နေရာမှာပဲလေ"

"ဗျာ" ■

---

လက်လုပ်လက်စားသူတို့စကား

# သံမဏိစိတ်ဓာတ်

အိမ်ခေတ်မှူး (ရွှေ)

**ရှမ်းပြည်နယ် ပင်လုံမြို့တွင်ရှိသည့် ပင်လုံစာချုပ်ကျောက်တိုင်ရှိရာ ပန်းခြံကိုလေ့လာပြီးအပြန်တွင် ပင်လယ်ရေမျက်နှာပြင်အထက် ၄၄၄၇ပေတွင်တည်ရှိသည့် လွိုင်လင်မြို့တွင် ကားရပ်ကာ ခေတ္တနား၏။ ကားလမ်းဘေးတွင် နာနတ်သီးရောင်းသည့် ဈေးသည်လေးထံမှ ဝယ်ယူအားပေးရင်း မေးမြန်းမိသည်။**



"ကျွန်မနာမည်က မမန်မန်။ အသက်က ၃၅ နှစ်ကျော်ပါပြီ။ မိဘတွေနဲ့အတူနေပါတယ်။ ဒီဇာတိပါပဲ။ နာနတ်သီးက ဒီမှာလည်းစိုက်ကြပေမယ့် နမ့်ဆန်ဘက်က ပိုထွက်တယ်။ ကုန်ကားတွေနဲ့လာချပေးတယ်။ အလုံးအလှဆုံးမှ ၅၀၀ ကျပ်ပဲ။ ဒီမှာက ခြံစိုက်တဲ့သူများတယ်။ အသီးအနံ့က ပေါမှပေါပဲ။ ကျွန်မ ဒီမှာဈေးရောင်းတာ ၁၀ နှစ်ကျော်ပြီ။ ငယ်ငယ်ကတည်းက ဈေးရောင်းတာဝါသနာပါပြီး ပညာရေးသိပ်မထူးချွန်တဲ့ကျွန်မကို အဖေက လူဆိုတာဘက်စုံထူးချွန်ဖို့ သိပ်မလွယ်လှဘူး။ ငါ့သမီးဈေးရောင်းတာ ဝါသနာသိပ်ပါရင် ဒီတစ်ခုတည်းကိုပဲ အာရုံစူးစိုက်ပြီး တစ်စိုက်မတ်မတ်လုပ်ရင် အောင်မြင်နိုင်တယ်။ ဒါပေမယ့် အောင်မြင်ဖို့ဆိုတာ အချိန်အတိုင်းအတာတစ်ခုတော့ လိုအပ်တယ်။ ဒီနေရာလေးမှာ တဲလေးထိုးပြီး ရောင်းကြည့်။ မရောင်းရလည်း စိတ်ဓာတ်မကျနဲ့။ အဓိကက ဘာပဲလုပ်လုပ် ကိုယ့်ကိုယ်ကိုယုံကြည်စိတ်ရှိဖို့ပဲ။ ယုံကြည်မှုမရှိရင်တော့ အောင်မြင်မှုဆိုတာ မရလာနိုင်ပါဘူး။ ယုံကြည်မှုကို တည်ဆောက်တဲ့နေရာမှာလည်း စနစ်ကျမှု၊ တိကျမှု ခိုင်မာမှုတွေရှိရမယ်။ ငါရောင်းမကောင်းပါဘူး။ အဆင်ပြေ ပါ့မလားမသိဘူးလို့ စိတ်ဓာတ်ပျော့ညံ့နေရင်လည်း ဘာပဲလုပ်လုပ် အလွယ်တကူ တည်ဆောက်လို့မရနိုင်ဘူး။ အဓိကက သံမဏိစိတ်ဓာတ်ထားနိုင်မှ အောင်မြင်မယ်တဲ့။ အဖေပြောခဲ့တာ သိပ်မှန်တယ်။ စရောင်းတုန်းက နှစ်နှစ်အထိရောင်းမကောင်းလို့ မနက်စောစောကနေ မနက် ၁၁ နာရီအထိ ခြံအငှားလိုက်စိုက်ပြီး ဈေးရောင်းမပျက်အောင် ဆိုင်ထွက်ခဲ့ရတယ်။ သုံးနှစ် ပြည့်တော့ ပုံမှန်ရောင်းလာရတယ်။ ဖောက်သည်တွေ တိုးလာတယ်။ လမ်းပန်းဆက်သွယ်ရေးတွေကောင်းလာတော့ အစ်မတို့လို အလည်အပတ်လေ့လာတဲ့သူတွေ များလာတဲ့အခါ ပိုရောင်းကောင်းလာတယ်။ နာနတ်သီးကို ပင်တိုင်ထားပြီး၊ ရာသီကုန်တွေပါ တွဲဖက်ထည့်ရောင်းတော့ အဆင်ပြေလာတယ်။ အစက ကျွန်မတစ်ဆိုင်တည်းပဲ။ ကျွန်မရောင်းကောင်းတာကြည့်ပြီး သူငယ်ချင်းတွေပါ လိုက်ရောင်းလာကြတယ်။ ဒါပေမယ့် နှစ်ရှည်ရောင်းလာတဲ့ကျွန်မရောင်းအားကို မမီတော့ အဖေ့စကားအတိုင်း ကိုယ့်အလုပ်မှာအာရုံစူးစိုက်ပြီး လုပ်ရင် အောင်မြင်လာလိမ့်မယ်လို့ ကိုယ့်ကိုယ်ကို အားပေးပြီး ရာသီကုန်တွေကိုပါ တွဲရောင်းတာပါပဲ"

တောင်ပေါ်သူ စကားသံဝဲဝဲလေးက ကျွန်မအား စိတ်ခွန်အား ဖြစ်စေသည်။ ■

# စည်းကမ်းနှင့်မညီသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း ဧက ၁၄ သိန်းကျော်ကို လုပ်ပိုင်ခွင့် ပြန်လည်သိမ်းဆည်းခဲ့ လုပ်ကိုင်ခွင့်ချထားပေးသည့်မြေများကို စည်းကမ်းနှင့်အညီ ကြပ်မတ်ရန် လိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၅

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး အပါအဝင် ဥပဒေနှင့်ညီညွတ်သည့် အစိုးရကခွင့်ပြုထားသော အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို နိုင်ငံသားတိုင်း လျှောက်ထားသုံးစွဲခွင့်ရှိကြောင်း၊ သဘာဝဂေဟစနစ်နှင့် လိုက်လျောညီထွေမှုရှိသည့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ကူညီဆောင်ရွက်ပေးနေသကဲ့သို့ လုပ်ငန်းရှင်များကလည်း သတ်မှတ်ထားသော ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြစေရေးအတွက် ထိန်းကျောင်းကြပ်မတ်ရန်လိုအပ်ကြောင်း ယနေ့မွန်းလွဲ ၁ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည့် မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ ၁၇ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ (ပုံ)**

အစည်းအဝေးသို့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ကော်မတီဝင်များ စုံညီစွာ တက်ရောက်ကြသည်။

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ စီမံခန့်ခွဲရေးကော်မတီများမှ တင်ပြလာသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲခြင်းကိစ္စရပ်များကို ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြသည်။



အစည်းအဝေးတွင် စည်းကမ်းချက်သတ်မှတ်ကာလလေးနှစ် ပြည့်မြောက်ပြီးချိန်အထိ မြေပြင်တွင် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မှုမရှိသော လုပ်ကိုင်ခွင့်ချထားမြေများအား ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းနိုင်ရေးနှင့် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်ထားသော မြေဧရိယာအပေါ် ခွင့်ပြုအမိန့်စာအသစ်ထုတ်ပေးနိုင်ရေး ကိစ္စများ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားလာသည့် လုပ်ငန်းစာတွဲကိစ္စများ၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအရ ပြန်လည်စိစစ်ရန် အကြောင်းကြားခြင်းအပေါ် ပြန်လည်တင်ပြလာသည့် လုပ်ငန်းစာတွဲကိစ္စများ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများပြန်လည်အပ်နှံခွင့်၊ ပြန်လည်လျှောက်ထားခွင့်ပြုရန်ကိစ္စများ၊ လယ်ယာမြေသစ်ဖော်ထုတ်ရန်ကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းများနှင့် လျှောက်ထားမှုများအပေါ် ကန့်ကွက်လွှာတင်သွင်းခြင်းအား စိစစ်ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးကြသည်။ ယနေ့အထိ စည်းကမ်းညီညွတ်မှုမရှိသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း ဧက ၁၄ သိန်းကျော်အား လုပ်ပိုင်ခွင့် ပြန်လည်သိမ်းဆည်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**

---

# အပူပိုင်းဇုန်ဒေသ ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ပူးပေါင်းညှိနှိုင်းကော်မတီ ၉ ကြိမ်မြောက် အစည်းအဝေး ကျင်းပ

ရေဆင်း ဖေဖော်ဝါရီ ၈

**အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ၉ ကြိမ်မြောက် ပူးပေါင်းညှိနှိုင်း ကော်မတီ အစည်းအဝေး (JCC Meeting)ကို ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းနှင့် JICA Projectမှ အဆင့်မြင့်ကိုယ်စားလှယ် (Senior Representative) Mr.Nobuo Iwai တို့က အဖွင့်အမှာစကား ပြောကြားကြပြီး စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်နေသည့် Project Manager, Counterpartတို့က စီမံကိန်းကာလတွင် ဆောင်ရွက်ခဲ့သော အစီအစဉ်များ၊ ရလဒ်များနှင့် Projectအပြီးတွင် ရေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို တင်ပြကြသည်။**



စီမံကိန်းကာလမှာ ငါးနှစ်နှင့် ငါးလကြာမြင့်မည်ဖြစ်ပြီး စီမံကိန်းဧရိယာများမှာ အပူပိုင်းဇုန်ဒေသများဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီးတွင် ညောင်ဦးနှင့် မြင်းခြံ၊ မကွေးတိုင်းဒေသကြီးတွင် မကွေးဒေသတို့တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။

၎င်းဒေသတွင်ရှိသည့် တောင်သူများ၏ ဝင်ငွေတိုးတက်ရန် ရည်ရွယ်၍ ရေကိုအကျိုးရှိစွာနှင့် ချွေတာစွာအသုံးချပြီး စိုက်ပျိုးရေးလုပ်ငန်းများကို တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် စီမံကိန်းကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

စီမံကိန်းတွင် အဓိကအားဖြင့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ပေးခြင်း (Seed Production)၊ ရေချွေတာသုံးစွဲသည့် စိုက်ပျိုးနည်းပညာကို Master trainers မှ DOA ဝန်ထမ်းများကို ရွေးချယ်ပြီး ဆင့်ပွားသင်တန်းများ ပြုလုပ်ပေးခြင်း၊ ၎င်းဝန်ထမ်းများက အကျိုးဆောင်တောင်သူများအနီးတွင်ရှိသော အခြားတောင်သူများအတွက် Farmer Field School (FFS) များ ဖွင့်လှစ်ကာ ပြန်လည်သင်ကြားပေးခြင်း (Extension of Water Saving Technology)၊ စီမံကိန်းမှ ရလဒ်များကို ရေရှည်မျှော်မှန်း ဆောင်ရွက်ခြင်း၊ ပုဂံဒေသတွင် ရေကို အကျိုးရှိစွာအသုံးချပြီး ဟင်းသီးဟင်းရွက်များစိုက်ပျိုးကာ ပုဂံကုန်အမှတ်တံဆိပ်ဖြင့် ၎င်းဒေသရှိဟိုတယ်များ Restaurant များသို့ တင်သွင်း၍ နိုင်ငံခြားသားဧည့်သည်များကို ဆွဲဆောင်ကာ တောင်သူများဝင်ငွေတိုးပွားနိုင်ခြင်း (Food Value Change) အစရှိသည့် အချက်လေးချက်ကိုအခြေခံ၍ ဆောင်ရွက်ခြင်းဖြစ်သည်။

စီမံကိန်းပြီးသွားလျှင်လည်း Projectမှ လုပ်ဆောင်ခဲ့သည့် လုပ်ငန်းများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ တောင်သူများအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။ Terminal Evaluation Teamကလည်း စီမံကိန်းပြီးသည့်နောက် နှစ်နှစ်တာကာလအထိ စီမံကိန်းကာလရလဒ်များကို ဆက်လက်အသုံးချမှု ရှိမရှိ စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်သည်။

ယနေ့အစည်းအဝေးသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ JICA Myanmar မှ တာဝန်ရှိသူများ၊ DAR ရုံးချုပ်နှင့် နယ်သုတေသနခြံများမှ Project ဖြင့် လုပ်ဆောင်နေသော သုတေသနပညာရှင်များနှင့် DOA မှ Project တွင် ဆောင်ရွက်လျက်ရှိသော သက်ဆိုင်ရာတာဝန်ရှိသူများ စုစုပေါင်း ၅၀ ဦး တက်ရောက်ကြသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

---

**ကျောဖုံး – ဝါနှင့်လျှော်မျှင် မှ**

ဝါနှင့်လျှော်မျှင်ထွက်စိုက်ပျိုးမြေများတွင် မြေဆီလွှာထိန်းသိမ်းနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဝါနှင့်လျှော်စိုက်ပျိုးထုတ်လုပ်သူများ၏ ဝင်ငွေအကျိုးအမြတ်တိုးတက်စေရန်တို့ကို ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ဦးဆောင်ကာ **“ဝါနှင့်လျှော်မျှင်ထွက်သီးနှံများအတွက် မြေဆီလွှာထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေးပွဲ”**ကို ကျင်းပခြင်းဖြစ်ပြီး မြေဆီလွှာစီမံခန့်ခွဲခြင်း၊ သီးနှံပင်မအာဟာရ ဓာတ်ရယူမှုနှင့် မြေဩဇာထည့်သွင်းမှုစနစ်များ၊ မြေဆီလွှာဓာတ်ခွဲတွေ့ရှိချက်နှင့် တွေ့ရှိချက်အပေါ် မြေဩဇာထောက်ခံနှုန်းထားပေးခြင်းဆိုင်ရာများ၊ မြေဆီလွှာ ပြဿနာများနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ မြေဆီလွှာအခြေခံသဘောတရားများနှင့်ရေစီမံခန့်ခွဲခြင်းဆိုင်ရာများနှင့်ဝါသီးနှံ၏ ဇီဝကမ္မဗေဒနှင့်အာဟာရဓာတ်စီမံခန့်ခွဲမှုဆိုင်ရာများကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံတွင် ဂုန်လျှော်ကို ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးတိုင်းဒေသကြီးတို့တွင်လည်းကောင်း၊ ဝါကို စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းဒေသကြီးများ၊ ရှမ်းနှင့်ကယားပြည်နယ်တို့တွင်လည်းကောင်း အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး အဆိုပါဒေသများတွင် မျိုးနှင့်စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာအကူအညီများ ဆောင်ရွက်ပေးနိုင်ရန်၊ တောင်သူပညာပေးလုပ်ငန်းနှင့်သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက ဝါခြံခြောက်ခြံနှင့်လျှော်ခြံရှစ်ခြံတို့ကို ဖွင့်လှစ်ဆောင်ရွက်ရာ ဝါသီးနှံဆိုင်ရာ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးကို ကျောက်ဆည်နှင့်ဝမ်းတွင်းမြို့နယ်များတွင်လည်းကောင်း၊ ဂုန်လျှော်နှင့်လျှော်မျှင်များသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးကို ဝါးခယ်မ၊ မြောင်းမြနှင့် ရေတာရှည်မြို့နယ်များတွင် လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**

# အော်ဂဲနစ်စိုက်ပျိုးရေးစနစ်သည် ရေရှည်တည်တံ့စေသည့်စနစ်ဖြစ်၊ ဖွံ့ဖြိုးလာရေး ဝိုင်းဝန်းဆောင်ရွက်

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးတွင်မှာကြား





**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ စုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)**

အစည်းအဝေးသို့ ဦးဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာ ဝင်းမြတ်အေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာကော်မတီ၊ ဗဟိုသမဝါယမအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းနှင့် လယ်ယာစီးပွားအတိုင်ပင်ခံအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေး**

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ ခေတ်ကာလနှင့်လျော်ညီစေရေး၊ ပိုမိုပီပြင်လာစေရေးနှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ပေးနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုတိကျလွယ်ကူစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့အတွက် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေအား ၂၀၁၈ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၆ အဖြစ် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာပြဋ္ဌာန်းခဲ့ပါကြောင်း။

ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ၏ အခန်း ၂ ရည်ရွယ်ချက်ပုဒ်မ ၃ တွင် လယ်ယာမြေသိမ်းဆည်းခံရမှုနှင့် ပတ်သက်၍ တောင်သူလယ်သမားများ မနစ်နာစေရေးအတွက် ကူညီဆောင်ရွက်ပေးရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးအတွက် ကာကွယ်ဆောင်ရွက်ပေးရန်၊ တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေတစ်ရပ်ပေါ်ပေါက်လာစေရေး ဦးတည်ဆောင်ရွက်ရန်ဟု ဖြည့်စွက်ထားပြီး စုစုပေါင်းရည်ရွယ်ချက် ခုနစ်ချက်ကို ပြဋ္ဌာန်းခဲ့ပါကြောင်း။

ဥပဒေ၏ရည်ရွယ်ချက်များနှင့် ဥပဒေပါပြဋ္ဌာန်းချက်များကို ပြည့်မီထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်တစ်ခုတည်းသာမက ဦးဆောင်အဖွဲ့က အမိန့်ထုတ်ပြန်ဖွဲ့စည်းပေးပြီးဖြစ်သည့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များနှင့်အစိုးရမဟုတ်သောအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သည့် "လုပ်ငန်းကော်မတီများ"နှင့် "လုပ်ငန်းအဖွဲ့များ"အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပါ ဖိတ်ခေါ်ပါဝင်စေပြီး ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် အလွန်အရေးကြီးပါကြောင်း၊ အစိုးရ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံပိုမိုတိုးတက်မည် ဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံအတွက်အရေးကြီးသည့်ကဏ္ဍ ဖြစ်ပါကြောင်း၊ ဆန်သည် အဓိကစားသုံးသီးနှံဖြစ်ပြီး ပြည်ပပို့ကုန်တစ်ခုအနေဖြင့်လည်း နိုင်ငံခြားဝင်ငွေရရှိနေသည့် အဓိကပို့ကုန်တစ်ခုဖြစ်ပါကြောင်း။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)တွင် "နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့လယ်ယာမြေပေါ်တွင် မိမိတို့ကြိုက်နှစ်သက်သည့် သီးနှံကို သက်ဆိုင်ရာဥပဒေနှင့်အညီ ရွေးချယ်စိုက်ပျိုးခွင့်"ဟု ပါရှိသည့်အားလျော်စွာ မိမိဒေသ၊ ရေမြေအခြေအနေနှင့်လိုက်လျောညီထွေစွာဖြစ်ထွန်းမည့် သီးနှံကို စိုက်ပျိုးခွင့်ပြုထားသော်လည်း ကိုယ့်အကျိုးအတွက်သာမက အများအကျိုးကိုကြည့်၍ ရွေးချယ်စိုက်ပျိုးကြရန် လိုအပ်ပါကြောင်း။

ဦးဆောင်အဖွဲ့အနေဖြင့် ယခင်ဖွဲ့စည်းခဲ့သည့် "တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့"၊ "လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့"၊ "စိုက်ပျိုးရေးနည်းပညာ/ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ လုပ်ငန်းဆိုင်ရာ လုပ်ငန်းကော်မတီ"နှင့် "မွေးမြူရေးနှင့် ရေလုပ်ငန်းစီမံခန့်ခွဲရေး လုပ်ငန်း

စာ - ၁၄ သို့

# ဝါနှင့်လျှော်မျှင်ထွက်သီးနှံများအတွက် မြေဆီလွှာထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်တွင် ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

**စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ပိုမိုပြည့်ဝစေရေးအတွက် ပြည်တွင်း/ပြည်ပ သင်တန်း အတွေ့အကြုံများ ရှင်းလင်းမျှဝေခြင်း၊ ဌာနတွင်းနည်းပညာဖလှယ်ရေး ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ တောင်သူပညာပေးနှင့်သုတေသနလုပ်ငန်းများ ပူးတွဲဆောင်ရွက်စေခြင်းနှင့် လုပ်ငန်းအတွေ့အကြုံကို ဝန်ထမ်းအချင်းချင်း အမြင်ချင်းဖလှယ်မျှဝေနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဝါနှင့်လျှော်မျှင်ထွက်သီးနှံများ အတွက် မြေဆီလွှာထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ် ၄၃ ၌ ကျင်းပသည်။**

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ခြိတာဝန်ခံများ၊ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက သီးနှံစိုက်ပျိုးထုတ်လုပ်မှုပိုမိုတိုးတက်ရေးဆိုင်ရာများ မြေဆီလွှာ၊ မျိုးစေ့နှင့်ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များ၊ သီးနှံအရည်အသွေးနှင့် အထွက်နှုန်းတိုးမြှင့်ရန် သုတေသနလုပ်ငန်းဆိုင်ရာများ၊ ကုန်ကြမ်းထုတ်လုပ်မှုမှ ကုန်ချောထုတ်လုပ်နိုင်ရေး ဆက်စပ်ဖော်ဆောင်ပေးရန် လိုအပ်ချက်များနှင့် တောင်သူဝင်ငွေအကျိုးအမြတ်နှင့် ဈေးကွက်သတင်းအချက်အလက်ဆိုင်ရာ သုတေသနများကို တွဲဖက်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

စာ - ၁၉ သို့



# မြဝတီခရိုင် ထီးဝါးပလောဒေသ ပေါင်းစည်းလယ်ယာမြေ စိုက်ပျိုး မွေးမြူရေး သင်တန်းဖွင့်လှစ် ပြည်နယ်ဝန်ကြီး တက်ရောက် အားပေး

**မြဝတီ ဖေဖော်ဝါရီ ၂၀**

**ငြိမ်းချမ်းရေးဒေသမိသားစုဝင်များ စိုက်ပျိုးမွေးမြူရေးကို ယှဉ်တွဲလုပ်ကိုင်ခြင်းဖြင့် အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်စေရန်နှင့် ဝင်ငွေတိုးတက်ရရှိစေရန် ရည်ရွယ်၍ ကရင်ပြည်နယ် စိုက်ပျိုးရေး၊**

စာ - ၇ သို့